www.burmeseclassic.com

## လယ်တွင်းသားစောချစ်

# ပရိသတ်ရှေ့မှာဟောပြောနည်း

(ဒုတိယအကြိမ်)



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၄၀၁၁၇၆၁၀၀၇
အဖုံးခွင့်ပြုချက် - ၄၀၀၇၈၃၀၈၀၈
မျက်နှာဖုံးဒီဇိုင်း - ဝင်းယုမောင်
ကွန်ပျူတာ - စိုးစိုး
ထုတ်ဝေသူ - ဦးသိန်းလွင်၊ ၀၄၁၃၇(မြဲ)
ရွှေဟသ်ာစာပေ၊
အမှတ်(၂၆၃)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးဝင်းလွင် (မြဲ- ၀၆၃၆၆)
ရွှေဟသ်ာပုံနှိပ်တိုက်
အမှတ်(၃၁)၊ ဦးရွှေဥန်းလမ်း၊
၇-ရပ်ကွက်၊ ပုဇွန်တောင်။
ပုံနှိပ်ခြင်း - ဒုတိယအကြိမ်
ပုံနှိပ်ခြင်းသည့်လ - ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - [illegible] ကျပ် [illegible]
ဖြန့်ချိရေး - ပန်းမြိုင်လယ်စာပေ၊
၅၇(က)၊ ခရေပင်လမ်း၊
၂(ခ)ရပ်ကွက်၊ မင်္ဂလာဒုံ။
ဖုန်း - ၆၃၅၂၆၂


## မာတိကာ


၁။ ဝရိသတ်ရှေ့မှာ စကားပြောခြင်း ၁
- သဘင်ပွဲမှာတော့ ထိုရေးရောက်က
- စင်ကြောက်၊ စင်ကြောက်၊ ပရိသတ်ကြောက်ခြင်း
- ကြောက်စိတ်ပျောက်နည်းအမျိုးမျိုး
- မေတ္တာ၊ စေတနာဖြင့် အကြောက်ပြေပါ
- ကောင်းစွာပြင်ဆင်ရဲ့စိတ်ဝင်
- ရဲလွန်းလျှင်လည်း ရှိုင်းသည်

၂။ စင်ပေါ်တွင်ပေါ်သာပြောခြင်းနှင့် အထောက်အကူ ၁၁
ပစ္စည်းများအသုံးပြုခြင်း
- စင်ပေါ်သို့အတက်
- မိုက်ကရိုဖုန်း အသုံးပြုနည်း
- စကားပြောဝင် အသုံးပြုနည်း
- အထောက်အကူပြု ပစ္စည်းများအသုံးပြု၍
ပြောခြင်း

၃။ ဝရိသတ်ရှေ့မှာ ပြောဆိုရပုံအမျိုးမျိုး ၂၀
- အစည်းအဝေးတွင် ပြောဆိုခြင်း
- အစည်းအဝေးတိုင်းတွင် မိုးပြောချင်
- ထိုစဉ်များလျှင်၊ ထားပရှေ့မိ
- ငါနှင့်မတူ ငါ့ရန်သူ
- တာဝန်အရှိဆုံးလူနှင့် အစည်းအဝေး
- အစည်းအဝေးမှာ ပြောဆိုတတ်ပြီးသောအခါ


www.burmeseclassic.com

www.burmeseclassic.com

၄။ ကျဝန်းစကားပြောခြင်း ၃၀
- အချက်သိလျှင် ကြိုရှိပြင်
- ကျပန်းစကားပြောစဉ်
- အချိန်အတိအကျပြောဆိုပါ

၅။ စကားရည်လုပွဲ(သို့မဟုတ်)စကားအခြေအတင်ပြောဆိုခြင်း ၄၀
- ခေါင်းစဉ်ရွေးချယ်သတ်မှတ်ခြင်း
- ပြောပုံအစီအစဉ်
- စကားရည်လုပွဲဆိုင်ရာ သိထားအပ်သောအချက်များ
- သူ့ဘက်မှ အရင်တွေးပါ
- တစ်ဦးချင်းစကားရည်လုပွဲ
- နေရာတိုင်းမှာ ရှိနေသော စကားရည်လုပွဲများ

၆။ သင်ကြားပို့ချ ဟောပြောခြင်း ၅၀
- သင်ကြားခြင်း
- ပို့ချခြင်း
- ဟောပြောပို့ချခြင်း

၇။ အမှာစကား ပြောဆိုခြင်း ၅၅
- ညွှန်ကြားစကား ပြောကြားခြင်း

၈။ လူထုဝရိသတ်ကို ဟောပြောခြင်း ၅၉

၉။ စကားပြောခြင်းနှင့် ကိုယ်ဟန်မူရာ ၆၂
- လှုပ်ရှားနေသော ဟန်အမူအရာများ
- အကျင့်ပါနေသော ဟန်အမူအရာများ
- ယောင်ယောင်မှားမှား အမူအရာများ
- ကောင်းသော ဟန်အမူအရာများ
- အဝိကနှင့်အထောက်အပံ့

၁၀။ ဟောပြောခြင်းနှင့် လေယူလေသိမ်း ၇၁
- မတိုးမကျယ်သော အသံ
- စကားလုံးများ ပီသအောင်ပြောပါ
- တစ်သမတ်တည်း ကြားနေရသောအသံ
- တမင်လုပ်ကြံပြောဆိုသောအသံ
- သဘာဝကျသောအသံ
- မြန်လွန်းခြင်းနှင့်နှေးလွန်းခြင်း

၁၁။ ဟောပြောပွဲပြင်ဆင်သူများသတိထားရန် ၈၁
- ဟောပြောပွဲနေရာ ရွေးချယ်ခြင်း
- အသံချဲ့စက်
- လျှပ်စစ်မီး
- စကားပြောစင်

၁၂။ အစမ်းအနားမှူး ၈၉

၁၃။ သတင်းဝတီနှင့်သတင်းပတီမိန့်ခွန်း ၉၅

www.burmeseclassic.com

www.burmeseclassic.com


၁၄။ မပြောစင်တောင်းမှာဖြင့်ဆင်ပါ ၁၀၁

၁၅။ နှုတ်ဆက်စကားပြောဆိုပါ ၁၀၅

- ပရိသတ်အားလုံးကို ကြည့်ပြောပါ

၁၆။ ဟောပြောပွဲနှင့် ပရိသတ် ၁၁၀

၁၇။ ပရိသတ်ကို လေးစားပါ ၁၁၆

၁၈။ အခြေအနေ အချိန်အခါကိုသိပါ ၁၂၁

၁၉။ ဟောပြောပွဲနှင့် ရယ်စရာပြောဆိုခြင်း ၁၂၅

၂၀။ စာပေဟောပြောပွဲနှင့် ရယ်စရာပြောဆိုခြင်း ၁၃၁

၂၁။ ဟောပြောခြင်းနှင့် ပုံတိုပတ်စ ၁၄၂

- ဟောပြောခြင်းနှင့်အလင်္ကာ

၂၂။ ဟောပြောခြင်းနှင့် အနုပညာ ၁၄၇

၂၃။ ဟောပြောရာတွင် ရှောင်ကြဉ်ရမည့်များ ၁၄၉

- အားနည်းချက်ကို မပြောသင့်
- ကိုယ်ရည်သွေးကြွားလိုမပြောသင့်
- ဆရာကြီးလုပ်ပြီး မပြောသင့်
- ပရိသတ်ကို မစော်ကားသင့်
- ဒေသကို မစော်ကားသင့်
- ရိုင်းပျစွာမပြောသင့်
- ပေါ့တီးပေါ့ပျက် မပြောသင့်
- အသေအချာမသိသည်ကို မပြောသင့်
- မတော်မမှန် လုပ်ကြံမပြောသင့်
- လုပ်တန်လုပ်သံ မဖြစ်သင့်
- စကားထပ်ထပ် မပြောသင့်

၂၄။ အင်္ဂလိပ်စကား ညှပ်ပြောခြင်း ၁၆၁

- အပြောကောင်းသူအထင်ခံရလောက်အောင်မကြိုးစားသင့်
- လောဘတကြီးမပြောသင့်
- မိုက်ရှုပ်ထံမပျော်သင့်

၂၅။ ပရိသတ်ကို စေတနာထား၍ဟောပြောပါ ၁၆၈

၂၆။ ဟောပြောခြင်းနှင့် တစ်ထုပ္ပတ္တိညဏ် ၁၇၀

၂၇။ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုပါ ၁၇၅

၂၈။ ဟောပြောကောင်းသူ ဖြစ်လိုလျှင် ၁၇၇

- ပင်ကိုယ်ဉာဏ်ရည်
- တများများဖတ်ပါ
- ဟောပြောပွဲများများနားထောင်ပါ
- ကျက်မှတ်သင့်သည်တို့ကို
  အရအမိကျက်မှတ်ပါ
- စကားဝေါဟာရကြွယ်ပါစေ
- အသံကောင်းအောင် လေ့ကျင့်ပါ
- ကြိမ်ဖန်များစွာဟောပြောခြင်းဖြင့်လေ့ကျင့်ပါ
- ပြောပြီးတိုင်း ပြန်သုံးသပ်ပါ


□ □ □

www.burmeseclassic.com

www.burmeseclassic.com

## ပန်းမြိုင်လယ်စာပေတွင်ရရှိနိုင်သောစာအုပ်များ

၁။ ပန်းမြိုင်လယ်မှ ဉယျာဉ်မှူး
၂။ ပန်းလိုချင်အပင်ကိုပျိုးတတ်မှ
၃။ အချစ်အိမ်လေးတည်ဆောက်မယ်
၄။ စကားပုံမှပေးသောအတွေးအမြင်
၅။ ဉပမိရုပ်
၆။ အောင်စိတ်နှင့်ထူးချွန်စွာအောင်မြင်နည်း
၇။ ဘဝလမ်းညွှန်စကားမွန်
၈။ ဝယ်သူ့စိတ်ကြိုက်လူ့စိတ်ကြိုက်
၉။ ပန်းရည်ဘဏ်စာစီစာကုံး
၁၀။ ပန်းများပွင့်စေမွေးစေသူ
၁၁။ စကားလက်ဆောင်
၁၂။ သားသမီးကိုပေးချင်သောအမွေ
၁၃။ လိမ်ညာဘေးမှဝေးပါစေ
၁၄။ ကောင်းစွာပြောဆိုနိုင်ပါစေ
၁၅။ ရွှေမြင်းမိုရ်ပြိုမှာစိုးတယ်
၁၆။ ဗုဒ္ဓဂယာဘုရားဖူး

# ပရိတ်သတ်ရှေ့မှာဟောပြောနည်း

## လယ်တွင်းသားစောချစ်

www.burmeseclassic.com

www.burmeseclassic.com

# ‘ပရိတ်သတ်ရှေ့မှာစကားပြောခြင်း’

**သဘင်ပွဲမှာက်ဆိုရေးရောက်က**

အကြောင်းအားလျော်စွာ ပရိသတ်ရှေ့မှာ စကားပြောရမည် ဆိုပါက ပြောရဲဖို့၊ ပြောတတ်ဖို့၊ ပြောနိုင်ဖို့ လိုပါသည်။ လူတိုင်းလိုလိုပင် ပရိသတ်ရှေ့မှာ စကားပြောရေးအကြောင်း များစွာ ရှိပါသည်။ လုပ်ငန်းခွင်ဝင်၍ အရာရှိဖြစ်လျှင် ကိုယ့်လုပ်ငန်းမှာ စကားပြောရမည်။ ကိုယ့်ဝန်ထမ်းများကို အစည်းအဝေးမှာ အမှာစကား ပြောရမည်။

ရပ်ကွက်လူကြီး ဖြစ်လျှင်လည်း၊ ရပ်ကွက်အစည်းအဝေးများမှာ စကားပြောရမည်။ ဆွမ်းကြီးလောင်းအဖွဲ့ ဂေါပက လူကြီး၊ ကထိန်ဖြစ်မြောက်ရေး အကျိုးတော်ဆောင်၊ မိဘဆရာ အသင်းအမှုဆောင် စသည်ဖြင့် တာဝန်တစ်ခုခုအရလည်း၊ စကား ပြောရမည့် ကိစ္စများ ပေါ်ပေါက်နိုင်ပါသည်။ ကိုယ်ပိုင်စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို လုပ်ရင်းဖြင့်လည်း မိမိလုပ်ငန်းမှာ အလုပ်သမားများကို ပြောရသည်။

ဆိုရေးရှိကဆိုအပ်လှ၏ ဆိုသကဲ့သို့ ပြောဆိုစရာ ရှိသည့် အခါမှာ ကောင်းစွာပြောဆိုနိုင်ရန်လိုပါသည်။ အချို့မှာ မပြောရဲ မပြောတတ်၍ အခက်အခဲကြုံကြရသည်။ ထိုအခက်အခဲကို ကျော်လွှားလွန်မြောက်၍ ပြောဆိုနိုင်အောင် ကြိုးစားသင့်ပါသည်။

အချို့ကတော့ အလွန်ပြောတတ်ပါသည်။ ပရိသတ် စင်မြင့်ပေါ်သို့ မိမိကိုယ်ကို ယုံကြည်မှုအပြည့်နှင့် တက်သွားနိုင်ပါသည်။ ထို ယုံကြည်မှုကြောင့်ပင် ပြောဆိုမှုလည်း အောင်မြင်ပါသည်။ စကားပြောခြင်းဆိုင်ရာ အကြောင်းအချက်များကို သိခြင်း၊ စကားပြောရသည့် အတွေ့အကြုံများစွာရှိခြင်း၊ စိတ်အား ထက်သန်၍ ကြိုးစားမှုရှိခြင်းတို့သည် ပရိတ်သတ်ရှေ့မှာ စကား ပြောခြင်းကို ကောင်းစွာအောင်မြင်ရန် အထောက်အပံ့ကောင်းများ ဖြစ်ပါသည်။

ပရိသတ်ရှေ့တွင် ကောင်းစွာပြောဆိုနိုင်ရန်အတွက် စင်ကြောက်ခြင်း၊ စင်ခြောက်ခြင်း၊ ပရိသတ်ကြောက်ခြင်းတို့ကို အောင်မြင်ရန်လိုသည်။ ပရိသတ်ရှေ့စကားပြောခြင်းနှင့် ပတ်သက်၍ အမှား အကြောင်းများ၊ အမှန်အကြောင်းများကို သိဖို့လိုသည်။ ကောင်းစွာ ပြောဆိုနိုင်စေသည့် အကြောင်းအချက်များ၊ စကား





ပြောခြင်းဆိုင်ရာ နည်းလမ်းများ၊ သိစရာများကို သိရှိခြင်းဆိုင်ရာ နည်းလမ်းများ၊ သိစရာများကို သိရှိနားလည်ရန် လိုသည်။ သိပြီးလျှင်လည်း ကောင်းစွာလေ့ကျင့်ပြည့်ဆည်း ကြိုးစားခြင်း ဖြင့် အောင်မြင်နိုင်ပါသည်။

## စင်ခြောက်၊ စင်ကြောက် ပရိသတ်ကြောက်ခြင်း

ပရိသတ်ရှေ့ စင်ပေါ်တက်၍ စကားပြောလျှင် စင်မြင့် သည် ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ၊ စင်ခြောက်ခြင်း၊ စင်ကြောက် ခြင်းကို ခံစားရသည်။ အဓိကမှာ ပရိသတ်ကိုကြောက်ခြင်း ဖြစ်သည်။ ဟောပြောပွဲတွင် ဆရာအိကြာကွေးပြောသကဲ့သို့ ပရိသတ် ၁၀၀၀ ရှိလျှင် မျက်စိ ၂၀၀၀ က ကိုယ့်ကိုကြည့်နေ ကြသည်။ ထိုမျက်စိများ၏ အကြည့်အားကို ကိုယ်က မျက်စိနှစ် လုံးတည်းနဲ့ ခံထားရသည်။ ထိုပရိသတ်ထဲမှာ ကိုယ့်ထက်ပိုပြီး တတ်သိနားလည်သူများ ပါမလား။ ငါပြောတာ အမှားပါရင် သိကြမှာလား။ သရော်လှောင်ပြောင်ကြမှာလားဟူသော အတွေး စိတ်များက ကြောက်လန့်စေခြင်းဖြစ်သည်။ အတွေ့အကြုံ နည်း သေး၍ ကြောက်လန့်ခြင်းဖြစ်ပါသည်။ စင်ကလည်း မခြောက်၊ ပရိသတ်ကလည်းမခြောက်၊ ကိုယ့်စိတ်ကခြောက်၍ ကိုယ့် ဘာသာ ကြောက်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်စစ်စစ် မည်သူမျှ အမှားအယွင်း မကင်းကြပါ။ စကားပြောရာတွင်လည်း အနည်းနှင့်အများ အမှားပါနိုင်ပါသည်။ သို့သော် ပရိသတ်မှာ နားထောင်ဖို့လာခြင်း ဖြစ်သည်။ အပြစ်ရှာဖို့ လာခြင်းမဟုတ်ပါ။ အမှားပါလျှင်လည်း ရေးကြီးခွင်ကျယ် လုပ်မနေပါ။ သဘောထားမတူသော အချက်ပါ၍လည်း စောဒက တက်နေကြသည် မဟုတ်ပါ။ မကြိုက်ဘူး ကြိုက်တယ် ဆိုသည်မှာလည်း သူတို့စိတ်ထဲမှာသာ ဖြစ်ပေါ်ကြပါသည်။ ဘယ်သူမျှ ထုတ်ပြောနေခြင်းမရှိပါ။ ကိုယ် မကြောက်လျှင် ဘာမှပြဿနာ မရှိပါ။ ကိုယ့်ဘာသာကြောက်၍ ကိုယ့်ဘာသာ ပြဿနာတက်နေခြင်းဖြစ်သည်။

အချို့မှာစင်ပေါ်ရောက်ပြီးမှ ကြောက်စိတ်ကြောင့် ပြင်ဆင်ထားသည်များအားလုံးပျောက်၍ ဘာပြောရမှန်းမသိ တောင်ရောက်မြောက်ရောက်ပြောပြီး ဆင်းလာခဲ့ရသည်။ တော်သေးသည်။ အကြောက်လွန်၍ ဘာမျှမပြောနိုင်ဘဲ စင်ပေါ်မှ ဆင်းလာရသည်အထိရှိပါသည်။ ဘုန်းကြီးတစ်ပါးမှာ ဆရာရင်းတကာရင်းဖြစ်သူများက သူတို့အလှူတွင် တရားဟောပါရန် အတင်းလျှောက်ထားသည်။ ဘုန်းကြီးက အတန်တန်ငြင်းသော်လည်းမရ။ နောက်ဆုံးတွင် ဟောပါမည်ဟုဝန်ခံကတိပြုသည်။ အလှူနေ့တွင် ဘုန်းတော်ကြီးတရားဟောရန် အလှည့်သို့ရောက်သော





အခါ ဟောသံထွက်မလာ။ ရှေ့မှာယပ်ကို ကွယ်ထားသောကြောင့် ဘုန်းကြီးကိုလည်းမမြင်ရ၊ ရှေးယခင်ကသုံးသော ပေယပ်တောင်ကြီးများကို အညာကျေးလက်ဒေသများတွင် ဘုန်းတော်ကြီးများကသုံးကြသည်။ ကြာသင့်သည်ထက် ပိုကြာသွားပြီဖြစ်၍ တကာတစ်ယောက်က ယပ်တောင်နောက်မှ ဘုန်းတော်ကြီးကို သွားကြည့်သောအခါ ပျံတော်မူနေသည်ကို တွေ့ရသည် ဆို၏။ အဆင့်ဆင့်စကား ကြားဖူးခြင်းသာဖြစ်ပါသည်။ ပရိသတ် ရှေ့စကားပြောရမည်ကို မည်မျှကြောက်ရွံ့ကြောင်း ပေါ်လွင်သော သာဓက ဖြစ်ပါသသည်။

ပြောဖူးပြောစ အတွေ့အကြုံမရှိလျှင် ပို၍ကြောက် သည်။ ပရိသတ်ရှေ့ ပြောရသည်မှာ လွယ်သောကိစ္စမဟုတ်။ စင်ပေါ်တက်ရလျှင် ပိုခက်သည်။ ပြောဖူးပြောစ ရှိသူများပင် စင်မြင့်မှာ ပရိသတ်ကလည်းများလျှင် စင်ပေါ်ရောက်မှ ကြောက်ဒူးတုန်သည်။ ရင်ခုန်သည်။ အချို့ဆို လက်ပါတုန်နေ၏။ ထိုအခါ ပြောနေကျစကားများ ပျောက်ကုန်တတ်သည်။ ရှေ့နောက်မညီ ဖြစ်တတ်သည်။ ကြောက်စိတ်သည် စင်ပေါ်မှာ စကားပြောသူများကို ကြီးစွာအနှောင့်အယှက် ပေးတတ်သောကြောင့် ကြောက်စိတ်ကို ဖြေဖျောက်နိုင်ရန် လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



### ကြောက်စိတ်ဖျောက်နည်းအမျိုးမျိုး

ကြောက်စိတ်ပြေဖျောက်ရန်အတွက် အကြံပြုကြသော နည်းလမ်းများစွာ ရှိပါ၏။ အချို့က ကြောက်စိတ်မဖြစ်စေရန် နားထောင်နေသော ပရိသတ်များကို အိုးများမှောက်ထားသည်ဟု သဘောထားပါ ခြုံပုတ်များဟု သဘောထားပါ စသည်ဖြင့် သင်ကြားပေးကြသည်။ မကြောက်ရန် ကိုယ့်စိတ်ကို လှည့်စားခြင်းဖြစ်ပါသည်။ သဘာဝမကျပါ။ နားထောင်နေသူများသည် အိုးများမဟုတ်။ ခြုံပုတ်များမဟုတ်။ လှုပ်ရှားမှုကို တွေ့နေရသည်။ ရယ်သံ စကားပြောသံများလည်း ထွက်နေသည်။ အိုးများ၊ ခြုံပုတ်များကဲ့သို့ ဥပေက္ခာပြုထား၍ မရ၊ မလေးမစား သဘောထား၍ မရ။ နားထောင်သော ပရိသတ်ကို လေးစားရမည်။ ဆိုသော အချက်နှင့်လည်း ဆန့်ကျင်ပါသည်။ သဘာဝမကျသော လှည့်စားမှုဖြစ်၍ ကိုယ့်တာသာယုံကြည်မှုမဖြစ်သည်နှင့်အမျှ အောင်မြင်မှု ရမည်လည်းမဟုတ်ပါ။

အချို့ကတော့ ပရိသတ်သည် ဘာမျှသိနားလည်ကြသူများ မဟုတ်။ ငါပြောသမျှကို နားထောင်ကြရမည့်သူများသာဖြစ် သည်ဟု မှန်ယူနိုင်းပါသည်။ ပရိသတ်ကို အထင်သေးစိတ်၊ စော်ကားစိတ်ဖြစ်၍ မကောင်းပါ။ စကားပြောသူသည် ပရိသတ်ကို လေးစားရမည်ဖြစ်ပါသည်။ စကားပြောရာတွင် ပြောသူနှင့်





နားထောင်သူမှာ အဓိကမိတ်ဖက်ဖြစ်နေရပါမည်။ စကားပြောသူကို အဆုံးအဖြတ် ပြုမည့်သူမှာ ပရိသတ်ဖြစ်ပါသည်။ ထိုပရိသတ်ကို အထင်သေးနိုင်းသည်မှာ မှားသော သင်ကြားချက်ဖြစ်ပါသည်။

ပရိသတ်ကို အထင်သေးစိတ်နှင့် ပြောလျှင် စော်ကားသော စကားများ ပြောမိတတ်သည်။ ထိုအခါ ပရိသတ်ထဲမှလည်း မကျေနပ်သော တုံ့ပြန်မှုများထွက်ပေါ်လာပါမည်။ အကောင်းဆုံးမှာ ထိုသင်ကြားမှုနှင့် ဆန့်ကျင်ဘက်ကိုယူ၍ ပရိသတ်ကို လေးစားရမည်။ စေတနာထားရမည်။ မေတ္တာထားရမည်။

### မေတ္တာ၊ စေတနာနှင့် အကြောက်ပြေပါ

ပရိသတ်ကို ကြောက်နေသောစိတ်မှ လွတ်မြောက်စေရန် စင်ပေါ်မတက်မီ ပရိသတ်ကို မေတ္တာပို့ပါ။ တကယ် တည်ကြည်သောသမာဓိဖြင့် ပရိသတ်ကိုအာရုံပြုပြီး ယနေ့ လာရောက်နားထောင်ကြသော သူများအားလုံး ကျန်းမာကြပါစေ .. ချမ်းသာကြပါစေ .. ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ .. နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ .. ဟူ၍ မေတ္တာပို့ပါ။

မေတ္တာသည် အလျားအနံမရှိသောလည်း အသွားအပြန်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ဟုဆိုထား။ သူတစ်ပါးအပေါ် အေးမြသောမေတ္တာ စေတနာထားလျှင် မိမိထံသို့လည်း တူညီစွာတုံ့ပြန်လာပါလိမ့်မည်။

မိမိ၏ မေတ္တာပို့သမှုနှင့် စေတနာစိတ်ထားကောင်းသည်နှင့်အမျှ အေးချမ်းမှုကိုရပြီး ကြောက်စိတ်လျော့ပါးစေလိမ့်မည်။ ကောင်းကျိုးကေန်ရမည် ဖြစ်ပါသည်။

သို့သော် ပရိသတ်ရှေ့တွင် ဟောပြောရာမှာ အတွေ့အကြုံနည်းသေးသည်နှင့်အမျှ ကြောက်စိတ်များရှိနေပါဦးမည်။ အတွေ့အကြုံများလာသည်နှင့်အမျှ ကြောက်စိတ်နည်းပါးလာပါလိမ့်မည်။

## ကောင်းစွာပြင်ဆင် ရဲစိတ်ဝင်

နောက်ထပ် အကြောက်လျော့စေသည့် အထောက်အပံ့ပြုရန်မှာ ပြောမည့်သူသည် မိမိပြောရမည့်အချက်များကို နိဒါန်း၊ စကားကိုယ်၊ နိဂုံး အစအလယ်အဆုံး အသေအချာ ပြင်ဆင်ထားပါ။ ပြောရမည့် အကြောင်းအရာကို အချိန်အနည်းဆုံးနှင့် အထိအမိဆုံး အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါ။ အချိန်အများကြီးမယူပါနှင့်။ ပြောအားနည်းလျှင် အချိန်တိုတိုအတွင်း ပြီးသွားခြင်းမှာ ကောင်းသည်။ အားနည်းသည်ဟုပင် သတိမထားမိ။ ပရိသတ်ကခွင့်လွှတ်သည်။ အပြောမကောင်းဘဲ အချိန်အကြာကြီးပြောလျှင် ပရိသတ် မကျေမနပ်ဖြစ်တတ်သည်။





ပြောကာစဖြစ်၍ ကြောက်စိတ်သိပ်များနေလျှင် အစအဆုံး ရေးသားပြင်ဆင်ထားပြီး ကြည့်ပြောပါ။ ကိုယ့်မှာ အပိုင်ရှိနေ၍ မကြောက်တော့ပါ။ ထိုသို့ ရေးသားထားပြီးမှ တဖတ်သလို စာကိုချည်း ကြည့်မပြောဘဲ စာရွက်ကိုလှမ်းကြည့်လိုက်၊ ပရိ သတ်ကို ကြည့်ပြီး အလွတ်ပြောလိုက် လေ့ကျင့်ကြည့်ပါ။ အကြောက်ကိုလည်း အောင်နိုင်ပါလိမ့်မည်။ အပြော လေ့ကျင့်မှုလည်း တိုးတက်လာလိမ့်မည်။

မပြောမီလေးတွင် ပြင်ဆင်ခြင်းဖြင့် အကြောက်လျော့၍ ရဲစိတ်ဝင်စေနိုင်၏။

## ရဲလွန်းလျှင်လည်း ရိုင်းသည်

အချို့ကတော့ ပင်ကိုယ်သဘာဝကိုက အကြောက်အလန့်မရှိကြပါ။ ပြောရမည်ကိုလည်း ဝန်မလေးပါ။ မိုက်ကရိုဖုန်းမြင်လျှင် ပြောချင်သည်။ စင်မြင့်ပေါ်သို့တက်၍ ဗွံ့ဗွံ့စားစား ပြောရဲ သည်။ မကြောက်တတ်သည်မှာ ကောင်းပါ၏။ သို့သော် ရဲလွန်းလျှင် ရိုင်းသည်ကို သတိထားရမည်။ ကောင်းစွာမပြောတတ်ဘဲ အပြောရဲ၍ ရောက်တတ်ရာရာတို့ကို မကြောက်မလန့် လျှောက် ပြောသည်နှင့်စာလျှင် ကြောက်ရွံ့၍ စင်ပေါ်မှဆင်းသွားသည်က ပို၍ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဟီရိဩတ္တပ္ပတရားအရ ရှက်သင့်သည်ကို ရှက်ရမည်။ ကြောက်သင့်သည်ကို ကြောက်ရမည်။ သင့်တင့်သော အရှက်အကြောက် ရှိရမည်။ သို့မှသာလျှင် ယဉ်ကျေးသိမ်မွေ့သည်။

ပရိသတ်ရှေ့မှာ ဟောပြောရန်အတွက် ကြောက်စိတ်ရှိလျှင် ပရိသတ်အပေါ် မေတ္တာစေတနာထားခြင်း ဖြေဖျောက်ပါ။ ကောင်းစွာပြင်ဆင်၍ ကြိုးစားပြောလျှင် အတွေ့အကြုံများလာသည်နှင့်အမျှ ပို၍ တိုးတက်ကောင်းမွန်ပါသည်။ အကြောက်အလန့် မရှိလွန်းခြင်းသည်လည်း မကောင်း။ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုတတ်မှုလည်း ကောင်းပါသည်။



## စင်ပေါ်တွင်ဟောပြောခြင်းနှင့် အထောက်အကူပစ္စည်းများ အသုံးပြုခြင်း

စာရေးသူ တက်ရောက်ခဲ့ဖူးသော သင်တန်းတစ်ခုတွင် လူထုဟောပြောနည်း ဘာသာရပ်ပါဝင်ပါသည်။ ထိုဘာသာရပ်ကို စာရေးသူ စိတ်ဝင်စားပါသည်။ လူထု ဟောပြောနည်း ဘာသာရပ် ပို့ချသောဆရာမှာ စကားပြောကောင်းမည်။ စကားပြောကောင်း၍ သာလျှင် ဤဘာသာရပ်ကို ပို့ချခြင်း ဖြစ်မည်ဟု ယုံကြည်ထားသည်။

### စင်ပေါ်သို့အတက်

အချိန်ဇယားအရ လူထုဟောပြောနည်းဘာသာရပ် ပို့ချရမည့် အချိန်မှာ ဆရာ အခန်းထဲသို့သုတ်သုတ်ပြာပြာ ဝင်လာပြီး စင်မြင့်ပေါ်သို့ တက်သွားပါသည်။ စင်မြင့်ပေါ်ရောက်သောအခါ စကားပြောစင်၏ အောက်ခြေခုံနှင့် "ဒုန်း"ခနဲ တိုက်မိပြီး ရှေ့သို့ ယိုင်ထိုးလျက် စကားပြောစင်ပေါ်သို့ ရောက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသားများ ဝါးခနဲရယ်ကြသည်။

"ကောင်းရောပေါ့ကွာ ... ဟောပြောနည်းပို့ချမယ့် ဆရာကလည်း ..."

ကျွန်တော့်စိတ်ထဲမှာ မကျေမနပ်ဖြစ်ရသည်။ ဆရာက သင်တန်းသားများကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ဘာမျှမပြောသေးဘဲ စင်ပေါ်မှဆင်း၍ အခန်းထဲမှပြန်ထွက်သွားပါသည်။ ပြီးမှ အေးဆေးတည်ငြိမ်စွာ ဝင်လာပြီး စင်ပေါ်တက်သွားသည်။ စကားပြောစင်ရှေ့မှာ ဣန္ဒြေရစွာရပ်လိုက်သည်။

"စကားပြောဖို့ စင်မြင့်ပေါ် တက်လာတဲ့အခါ ကျွန်တော် ပထမ ဝင်လာသလို စင်ပေါ်တက်လာသလိုမလုပ်ပါနဲ့ ... ခလုတ်တိုက်စရာတွေ ရှိပါတယ်။ ဝါယာကြိုးနဲ့လည်း ငြိလဲတတ်ပါတယ်။ ခလုတ်တိုက်မိလို့ အောက်က ဝါးခနဲ ရယ်ရင် ... ပြင်ထားတဲ့ ပြောစရာလေးတွေအားလုံး ပျောက်သွားတတ်ပါတယ်။ ဒုတိယ ဝင်လာသလို ဖြည်းဖြည်းမှန်မှန် ဣန္ဒြေရရနဲ့ ဘာမှမတိုက်မိ၊ မနင်းမိအောင် လာဖို့လိုပါတယ် ..."

တိုင်ပင်ထားခြင်းမရှိတဲ့ ကျွန်တော်တို့အားလုံး သဘောကျစွာ လက်ခုပ်တီးလိုက်ကြပါသည်။ ဆရာက သရုပ်ပြလေးနှင့်ပါ ပညာ ပေးလိုက်ခြင်းဖြစ်ပါသည်။

စင်ပေါ်အတက်မှာ ပရိသတ်တက်ကိုလည်း မကြည့်ရန်နှင့် သွားရမည့် လမ်းကိုသာ အသေအချာကြည့်ပြီး ဣန္ဒြေရသော ခြေလှမ်းများဖြစ်ရန်လိုကြောင်း စကားပြောစင်ဆီသို့ ချောမောအောင်မြင်စွာ ရောက်သွားဖို့ လိုအပ်ကြောင်းကိုလည်း ရှင်းလင်းပြောကြားပါသည်။





### မိုက်ကရိုဖုန်း အသုံးပြုနည်း

လူထုဟောပြောနည်း ပို့ချသောဆရာက မိုက်ကရိုဖုန်းကို "ဖူး ... ဖူး" အသံမြည်အောင် မှုတ်နေပါသည်။ သင်တန်းသားများ ရယ်ကြသည်။

"မလုပ်ပါနဲ့ ..."

ဆရာက အမှားသင်ခန်းစာကိုသရုပ်ပြ၍ပြောခြင်းဖြစ်သည်။

"ဒေါက် ဒေါက် ဒေါက်"

"ဒီလိုလည်း မလုပ်ပါနဲ့. အထဲက နူးညံ့တဲ့အစိတ်အပိုင်းလေးတွေ ပျက်စီးနိုင်ပါတယ်။"

အသံချဲ့စက်မှာ အသေအချာစမ်းထားပြီးဖြစ်၍ စကားပြောသူဝင်မလာမီကပင် အဆင်သင့်ဖွင့်ထားပြီးဖြစ်သည်။ မသေချာလျှင် လက်နှင့်အသာအယာ စမ်းကြည့်ရုံနှင့် သိနိုင်ပါသည်။

မိုက်ကရိုဖုန်းက အောက်ဘက်မှာ နိမ့်နေခြင်း၊ အပေါ်ဘက်မှာ မြင့်နေခြင်း မဖြစ်အောင် ပြုပြင်ပါ။ စကားပြောခွက်၏ မျက်နှာဝသည် ပြောမည့်သူ၏ ပါးစပ်နှင့် တည့်နေရန်လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုသူများလို မိုက်ကရိုဖုန်းနှင့် ပါးစပ် ကပ်ပြောရန် မလိုပါ။ အဝေးကြီးခွာပြောရန်လည်းမသင့်ပါ။ တစ်ပေခန့် အကွာ အဝေးမှာ အနေတော်ပင်ဖြစ်ပါသည်။

စကားပြောဆိုခြင်းကို ကျွမ်းကျင်လာသည့်အခါ တိုးတိုး ပြောသည့် အကြောင်းအရာကို မိုက်ကရိုဖုန်းနှင့်ကပ်ပြော၍ ခပ် ကျယ်ကျယ် အော်ပြောရသည်တို့ကို နောက်သို့နည်းနည်းခွာ၍ ပြောရန်လိုပါသည်။

အချို့ ဓေ့စပ်သေချာသော ဟောပြောသူသည် နယ် ဟောပြောပွဲများ သွားသောအခါ မပြောမီ အသံချဲ့စက်ပြင်ဆင် ထားသည်ကို ကြည့်ရှုစစ်ဆေးသည်။ အသံထွက်သေတ္တာ (ဆောင်း ဘောက်စ်)များ အော်လံများကို နောက်ဆုံးအထိ အားလုံးကြားရအောင် နေရာချထားဖို့လိုပါသည်။ ဟောပြောချိန် ရောက်မှ နောက်မှလူများမကြားရ၍ ဆူညံသံများထွက်နေလျှင် ရှေ့မှ လူများလည်း နားထောင်မကောင်းတော့ပါ။ ဟောပြောသူ မှာလည်း စိတ်အနှောက်အယှက်ဖြစ်၍ ဟောပြောပွဲကောင်း မဖြစ် နိုင်တော့ပါ။ မိုက်ကရိုဖုန်းနှင့် အသံချဲ့စက်တို့ကို မှန်ကန်စွာ အသုံးပြုနိုင်ရန်လိုပါသည်။





## စကားပြောစင်အသုံးပြုနည်း

စကားပြောစင်သည် ပရိသတ်ရှေ့မှာ စကားပြောသူ အတွက် ကြီးမားသော အထောက်အပံ့ကောင်းဖြစ်သည်။ ရှေ့မှာ အကွယ်အကာကောင်းရှိ၍ ဒူးတုန်ခြင်း၊ လက်တုန်ခြင်း၊ မဖြစ် တော့ပါ။ တုန်လျှင်လည်း ဘယ်သူမျှမမြင်ရတော့ပါ။ လက် နှစ်ဖက်ကို စကားပြောစင်၏အပေါ်တွင် အဆင်ပြေစွာ တင်ထား ခြင်းဖြင့် လက်ဟန်အမူအရာ လုပ်ရသည်မှာလည်း လွယ်ကူပါ သည်။ အထောက်အကူပြု စာရွက်စာတမ်းများ ယူသွားလျှင် လည်း စကားပြောစင်၏ အပေါ်မှာမြင်သာအောင် တင်ထား၍ ရပါသည်။

သို့သော် အချို့သော စကားပြောစင်များမှာ အောက်ခြေမှ ခုံနှင့်တစ်ဆက်တည်း မဟုတ်ဘဲ စင်ပေါ်မှာတင်ထားရုံမျှသာ ဖြစ်သည်။ စကားပြောရင်း အမှတ်တမဲ့နှင့် မှီလိုက်လျှင် လဲကျ သွားနိုင်သည်ကို သတိထားရမည်။ လဲကျဖူးသူရှိ၍ ပရိသတ်များ ဝါးခနဲ ပွဲကျခဲ့ဖူးသည်။

စကားပြောစင်ကွယ်ထား၍ ခြေတစ်ဖက်တည်း ထောက် ပြီး ကျန်ခြေထောက်တစ်ဖက်၏ ဒူးက ဘေးဖက်သို့ထွက်နေ တတ်ပါသည်။ ရှေ့ဖက်မှကြည့်မြင်ရသည်မှာ အဆင်မပြေသည် ကို သတိထားသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အထောက်အကူပြုပစ္စည်းများ အသုံးပြု၍ဟောခြင်း

ပုံမှန်အားဖြင့် ဟောပြောရာတွင် အထောက်အကူပြုပစ္စည်း အသုံးပြုမှု လွန်စွာနည်းပါးပါသည်။ ဟောပြောသည့်အကြောင်း အရာပေါ်မှာ ရသမြောက်အောင် ပရိသတ်ကို ဆွဲဆောင်၍ ဟောပြောရာတွင် အထောက်အကူပြုပစ္စည်း အသုံးပြုခြင်းသည် ရသရေယဉ်ကြောမှာ မျောပါမှုကို ထိခိုက်စေသည်။ ဟောပြောခြင်း သက်သက်ဖြင့်သာ ရသမြောက်အောင် စွမ်းဆောင်ကြသည်။ ဟောပြောနေချိန်မှာ အခြား စိတ်ဝင်စားစရာများကို တွေ့မြင်ရလျှင် ရသမြောက်စေခြင်းကို ထိခိုက်တတ်သည်။ ထို့ကြောင့် ဟောပြောသူတို့သည် အကြောင်းအရာ၊ ကိုယ်ဟန်အမူအရာ၊ လေယူလေသိမ်း တို့ဖြင့်သာ ဟောပြောခြင်းကို ရသမြောက်အောင် ကြိုးစားကြသည်။

သို့သော် ဟောပြောပို့ချခြင်းတွင် ဟောပြောခြင်း နှင့် တွဲလျက် သင်ပုန်းကြီး၊ မြေဖြူ၊ အဖျက် စသည့်အထောက်အကူ ပစ္စည်းတို့ကို အသုံးပြုတတ်သည်။ ဘာသာရပ်ဆိုင်ရာတို့ကို ဟောပြောသောအခါမှာလည်း ဘာသာရပ်နှင့်ဆိုင်သည့် ပုံကားချပ်များ၊ အချက်အလက်များ ရေးသားထားသည့် ကားချပ်များ၊ တရင်းဇယား ကားချပ်များကိုပါ အထောက်အကူပြု ပစ္စည်းအဖြစ် အသုံးပြုကြသည်။ ယခုအခါတွင် ခေတ်မီသိပ္ပံ ပစ္စည်းများ၏





အထောက် အကူဖြင့် ပိတ်ကားပေါ်မှာ တယ်လီဗေးရှင်း ဖန်သား ပြင်ပေါ်မှာ ပုံကားချပ်များ၊ ရောင်စုံပုံများ၊ လှုပ်ရှားမှု ဖြစ်စဉ် များကိုပါပြသ၍ အထောက်အကူပစ္စည်းအဖြစ် အသုံးပြုကြသည်။

ဥပမာ ဗုဒ္ဓဂါယာ အကြောင်း ဟောပြောရာမှ ဘုရားဖူး ခရီးစဉ်ကို ဗွီဒီယိုဖြင့် ပြသခြင်း၊ ဘုရားပွင့်တော်မူရာ ဒေသနှင့် ကျောင်းတော်ရာ နေရာ၊ အဆောက်အဦးဟောင်း နေရာနှင့် ရှိနေဆဲဖြစ်သော အဆောက်အဦးများကို ဗွီဒီယို ရုပ်ရှင်တို့ဖြင့် ပြသ၍ အထောက်အကူရယူပြီး ဟောပြောကြပါသည်။

စာရေးဆရာကြီး သိပ္ပံမျိုးတင်ဆိုလျှင် ဆေးလိပ်သောက် ခြင်း မကောင်းကြောင်းကို ဟောပြောရာမှာ ဆေးလိပ်ကြောင့် ပျက်စီးနေသော လူ့အဆုတ် စသည်တို့ကို ဆေးစိမ်၍ ဖန်ဘူး မှာ ထည့်ထားပြီး ဟောပြောမှု အထောက်အကူအဖြစ် ပြသပါ သည်။ ပိုမို၍ ထင်ရှားစွာသိမြင်စေခြင်းဖြင့် ဟောပြောမှုကို အထောက်အကူဖြစ်စေပါသည်။

အလားတူပင် ဆေးပညာဆိုင်ရာ၊ သိပ္ပံပညာဆိုင်ရာ၊ မိုးလေဝသဆိုင်ရာ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများတွင် လည်း ဆလိုက်ကားချပ်များ၊ ဗွီဒီယိုရိုက်ကူး တင်ပြချက်များ၊ ပုံကားချပ်များကို အထောက်အကူအဖြစ် အသုံးပြု၍ ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ဟောပြောခြင်းဖြင့် ပို၍ထင်ရှားစွာ သိမြင်နားလည်နိုင်စေသည်။ အချိန်တိုအတွင်းမှာလည်း ရှင်းလင်းပြောကြားနိုင်သော အထောက်အပံ့များ ဖြစ်ပါသည်။

ဌာနဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မြေပုံများ၊ ရုပ်ပုံကားချပ်များ၊ စာရင်းဇယားများ ဖော်ပြထားသည့် ထိုးတံခါးချပ်ကြီးများကို တစ်ခုပြီးတစ်ခု အသုံးပြု၍ ညွှန်တံဖြင့် ထောက်ပြခြင်းကိုလည်း အသုံးပြုကြပါသည်။ ထိုးတံခါးများနှင့် ညွှန်တံသည် ရှင်းလင်းပြောကြားခြင်း၏ အထောက်အကူပြု ပစ္စည်းများ ဖြစ်ပါသည်။

တရားဓမ္မ ဟောပြောရာတွင်လည်း ခက်ခဲနက်နဲသော တရားတော်များကို ရှင်းလင်းလွယ်ကူစွာ သိနားလည်ရေးအတွက် အထောက်အကူပစ္စည်း အသုံးပြုရခြင်းများ ရှိကြပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဝိပဿနာ တရားဟောကြားရာတွင် ပဋိစ္စသမုပ္ပါဒ်ကို တရားနာယောဂီများ ရှင်းလင်းလွယ်ကူစွာ နားလည်စေရေးအတွက် စက်ဝိုင်းကားချပ်ကြီးကို စီမံပြုလုပ်ထားခဲ့သည်။ အလွန်ကြီးမြတ်သော ဉာဏ်တော်ဖြစ်ပါ၏။ သံသရာ၏ အရင်းမူလမှစ၍ ဘဝသံသရာလည်ရသည့် ကြောင်းကျိုးဆက် တရားများနှင့် သံသရာမှ ထွက်မြောက်ရန် နည်းလမ်းကောင်းတို့ကို အကြောင်းအချက်ပြည့်စုံစွာ အဆက်အစပ်များနှင့် တကွ အံဝင်ခွင်ကျ ရှင်းလင်းစွာ .ဖော်ပြထား၏။

ပန်းမြိုင်လယ်စာပေ



နားလည်ရန် ခက်ခဲသော တရားတော်ကို စက်ဝိုင်းဒေသနာ ပုံတော်ကားချပ်အား ပြည့်ညွှန်ဟောပြောခြင်းဖြင့် ရှင်းခနဲ လင်းခနဲ သိမြင်စေသည်။ အချိန်တိုအတွင်းမှာပင် နားလည်စေသည်။ ဟောပြောမှု အထောက်အကူ ပုံကားချပ်များစွာတို့တွင် အကောင်းဆုံးသော စံနမူနာပင်ဖြစ်ပါ၏။

ဟောပြောခြင်းတွင် အထောက်အကူပြု ပစ္စည်းမည်မျှ အရေးပါ အရာရောက်သည်ကိုလည်း အကောင်းဆုံးဖော်ပြချက် ဖြစ်ပါ၏။

ပန်းမြိုင်လယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ပရိသတ်ရှေ့မှာ ပြောဆိုရပုံအမျိုးမျိုး

စကားပြောဆိုရာတွင် လူတစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ပြောခြင်း၊ လူနှစ်ယောက် သုံးယောက်လောက်နှင့် ဝိုင်းဖွဲ့ပြောခြင်း ရှိသကဲ့သို့ လူအများကို စကားပြောဆိုရခြင်းများလည်း ရှိသည်။ စင်မြင့်ပေါ်တက်၍ ပရိသတ်ကို ပြောရခြင်းလည်း ရှိသည်။ ပရိသတ်ရှေ့မှာ လူအများနှင့် စကားပြောဆိုခြင်းတွင်လည်း –

– အစည်းအဝေးမှာ ပြောဆိုခြင်း
– ကျပန်းစကားပြောခြင်း
– စကားရည်လုပွဲတွင် ပြောဆိုခြင်း
– သင်တန်းတွင် ဟောပြောပို့ချခြင်း
– အမှာစကား ပြောဆိုခြင်း
– ဩဝါဒစကား ပြောကြားခြင်း





– လူထုပရိသတ်ကို ဟောပြောခြင်း

ဟူ၍ အမျိုးမျိုးရှိပါသည်။

ထိုစကားပြောဆိုခြင်းများတွင် ယေဘုယျအားဖြင့် တူညီသည့် အချက်များရှိသကဲ့သို့ ဝိသေသအားဖြင့် ခြားနားချက်များလည်း ရှိပါသည်။ သူ့နေရာနှင့်သူ ကိုက်ညီအဆင်ပြေအောင် ပြောဆိုနိုင်ဖို့ လိုပါသည်။

သဘင်ပွဲမှောက် ဆိုရေးရောက်က လန့်ကြောက်မရှိ ပြောနိုင် ဆိုနိုင်ရန် လိုသည်။ ပြောရဲဆိုရဲ ရှိရမည်။ ပြောတတ်ဆိုတတ်အောင်လည်း လေ့ကျင့်ပြင်ဆင်ထားသင့်သည်။

### အစည်းအဝေးတွင် ပြောဆိုခြင်း

အစည်းအဝေးတွင် စကားပြောရခြင်းမှာ ပြင်ပတွင် အလွတ်သဘော ပြောရသည်နှင့် မတူပါ။ အကြောင်းအရာတစ်ခုကို အခြေပြု၍ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ညှိနှိုင်းဆွေးနွေးကြခြင်းဖြစ်သည်။ အကြောင်းအရာတစ်ရပ်နှင့် ပတ်သက်၍ ဘက်စုံမှ အမြင်များကို တင်ပြပြီး ဝိုင်းဝန်းစဉ်းစားအဖြေရှာ ခြင်းလည်းဖြစ်သည်။

အစည်းအဝေးတွင် ပါဝင်ဆွေးနွေးရာမှာ မိမိသိသည့် အကြောင်းကို သိသမျှ အချိန်တိုအတွင်းမှာ ပြည့်စုံစွာ အနိုင်အမာတင်ပြရန်လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိအသေအချာ မသိသည်ကို မရေမရာတင်ပြရန် မသင့်ပါ။

### အစည်းအဝေးတိုင်းတွင် ဖိုးပြောချင်

အချို့မှာ ဖိုးပြောချင်များ ဖြစ်နေတတ်၏။ အစည်းအဝေး ရှိတိုင်း သိသိ မသိသိ ထပြောနေတတ်၏။ "ထိုင်နေ အကောင်းသား ထသွားမှ ကျိုးမှန်းသိ" ဆိုသကဲ့သို့ မပြောဘဲနေလျှင် အထင်သေးခံရမည်မဟုတ်။ ထပြောခါမှ မိမိ၏ အားနည်းချက်ကို ဖော်ပြသကဲ့သို့ ဖြစ်ရသည်။

အသင်းအဖွဲ့ အစည်းများတွင် ပြောကြသောစကားရှိ၏။ အစည်းအဝေးရှိတိုင်း အမြဲထပြောလျှင် အမှုဆောင် တစ်နေရာ ရရန် သေချာသည် ဟူ၍ဖြစ်၏။

တကယ်လည်း အမှုဆောင် တစ်နေရာရတတ်ပါသည်။ "ဒီ လောက်တောင် ထ,ထ ပြောနေတာ တစ်နေရာတော့ ပေးလိုက်ကွာ . . ."ဆိုပြီး ပေးကြခြင်းဖြစ်သည်။ သို့သော် အရေးကြီးသောနေရာမဟုတ်ပါ။ အရေးကြီးသော နေရာပေးလျှင် လည်း ထိုကဲ့သို့သော လူမျိုးသည် တကယ်တမ်း ထမ်းဆောင် နိုင်သည်မဟုတ်ပါ။ အစည်းအဝေးများတွင် ကိစ္စတိုင်းမှာ ထပြော နေသည့် ဖိုးပြောချင် မဖြစ်သင့်ပါ။





### ဆိုစမျှားလျှား ထားပချေမိ

အချို့မှာ အစည်းအဝေးသာ တက်သည်။ ဘာမျှ ပါဝင် ပြောဆိုခြင်းမရှိ၊ တုံးတိုတာဝေ ဆိတ်ဆိတ်နေ၍ သူများပြောသမျှ နားထောင်၏။ သူများဆုံးဖြတ်သမျှ သဘောတူ၏။ ထိုကဲ့သို့ သော လူမျိုးမှာလည်း အစွန်းတစ်ပါးဖြစ်သည်။ "ဆိုစ မျှားလျှား ထားပချေမိ၊ ငါဝန်ရှိခဲ့ . . ."' ဆိုသည့်အတိုင်း တာဝန်ရှိစွာ ဆွေးနွေးခြင်းမရှိ၍ တာဝန်မဲ့နိုင်ပါသည်။

အစည်းအဝေးဆိုသည်မှာ တာဝန်ရှိသူများ၊ သိရှိနိုင် သူ များ အားလုံး ပူးပေါင်း၍ အချက်အလက်များကို စုဆောင်းတင်ပြ ကြရခြင်း ဖြစ်သည်။ ထိုအချက်အလက်များစွာပေါ်မှာ ဝိုင်းဝန်း စဉ်းစားကြရသည်။ အကြံကောင်းဉာဏ်ကောင်းများ ပေးကြရ သည်။ အများသဘောတူညီမည့် ဆုံးဖြတ်ချက်ကို ချမှတ် ဆောင်ရွက်ကြရသည်။

### ငါနှင့်မတူ ငါ့ရန်သူ

အစည်းအဝေးတွင် ဆွေးနွေးတင်ပြကြရာ၌ ငါပြောသည် ကိုသာ အားလုံးက ထောက်ခံ၍အမှန်ယူရမည်။ ငါနှင့်မတူ ငါ့ရန် သူ၊ ငါပြောမှ မှန်၊ ငါကြံမှဟုတ်၊ ငါလုပ်မှကောင်း ဟူ၍ ငါ တကောကော အယူအဆမရှိသင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မမြင်သည်ကို သူ မြင်နိုင်သည်၊ ကိုယ် မသိသည်ကို သူသိနိုင်သည်။ ကိုယ့်မှာမရှိသော အတွေ့အကြုံမှာ သူ့မှာရှိနိုင်သည်။ ကိုယ်မတွေးမိသော စိတ်ကူးကောင်း သူ တွေးနိုင်သည်။ ကိုယ့်မှာမပေါ်သောအကြံဉာဏ် သူ့မှာပေါ်နိုင်သည်။ ကိုယ့်ထံမှ၊ သူ့ထံမှ၊ အခြားသူများထံမှ ကောင်းသော အသိအမြင်၊ အတွေးအခေါ်၊ အကြံဉာဏ်များ စုပေါင်းရရှိခြင်းဖြင့် အကောင်းဆုံးသော အယူအဆများ ရရှိရန်နှင့် အမှန်ဆုံးသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်ဖြစ်သည်။

အချို့က အစည်းအဝေးတွင် အငြင်းသန်သည်၊ မိမိပြောသည်မှာ မမှန်လျှင်လည်း အလျှော့မပေးချင်။ တစ်စုံတစ်ယောက်က ထောက်ပြလျှင် ပြင်းပြင်းထန်ထန် ခုခံသည်။ ရန်လိုသောသဘောကိုပင် ပြသည်။

ကြာသောအခါ သူနှင့် ထိပ်တိုက်ရင်ဆိုင်ဖြစ်ရမည်ကို ကျန် လူအများ စိုးရွံ့လာသည်။ ထိုအခါ အစည်းအဝေးတွင် သူက လူစွာဖြစ်လာသည်၊ သူပြောလျှင် မငြင်းချင်၍ အားလုံးက လက်ခံ ကြရသည်။ ထိုအခါ သူသည် အရေးကြီးသော ကိစ္စများမှာ အဆုံးအဖြတ်ပေးသူ ဖြစ်လာသည်။ ကုမ္ပဏီ အစည်းအဝေးများ၊ ဆင်ဆာဘုတ်အဖွဲ့များ၊ ဆု ရွေးချယ်ရေးအဖွဲ့များတွင် ထိုကဲ့သို့သော လူများကို တွေ့ရတတ်သည်။





စုပေါင်း ဆုံးဖြတ်ရမည့် ကိစ္စကို တစ်ယောက်တည်းက အနိုင်ကျင့်လာခြင်းဖြစ်သည်။ လူစွာလုပ်ခြင်း၊ ဗိုလ်ကျစိုးမိုးခြင်းဖြစ်သည်။ ကျန်လူများက အလျှော့ပေးအညံ့ခံကြသည်မှာလည်း မဖြစ်သင့်ပါ။ အကောင်းဆုံးမှာ ထိုကဲ့သို့သော လူမျိုးကို အဖွဲ့ဝင်အဖြစ်မှ အမြန်ဆုံး ဖယ်ရှားပစ်ခြင်း ဖြစ်ပါသည်။

## တာဝန်အရှိဆုံးလူနှင့် အစည်းအဝေး

အချို့သော အစည်းအဝေးများတွင်ကား ရာထူးအကြီးဆုံး နှင့် တာဝန်အရှိဆုံးလူကသာ ဒိုင်ခံ၍ အဆုံးအဖြတ်ပေးနေသောကြောင့် ကျန်လူများက အားလုံး သဘောတူနေကြရသည်။

ထိုအခါ တာဝန်အရှိဆုံးလူမှာ အခြားသူများထံမှ အကြံကောင်း၊ ဉာဏ်ကောင်း အထောက်အပံ့ကောင်းများ မရတော့ဘဲ တစ်ယောက်တည်း၏ ခေါင်းဖြင့် ဆုံးဖြတ်နေရသည်။ ကောင်းလည်း ကိုယ့်ကြောင့် မကောင်းလည်း ကိုယ့်ကြောင့်၊ မှန်လည်း ကိုယ့်တာဝန်၊ မှားလည်း ကိုယ့်တာဝန် ဖြစ်လာသည်။ အများ၏ စုပေါင်းအင်အားကို သုံးခွင့်ရပါလျက် မသုံးရဘဲဆုံးရှုံးရသည်။

ရာထူးအကြီးဆုံးနှင့် တာဝန်အရှိဆုံး ပုဂ္ဂိုလ်သည် အစည်းအဝေးတွင် ကိုယ်က ဦးစွာ အဆုံးအဖြတ်မပေးသင့်ပါ။ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



အဆုံးအဖြတ် ပြုသောစကားကို ဦးစွာပြောလျှင် ကျန်လူများက စောဒက တက်ဝံ့မည်မဟုတ်ပါ။ သဘောမတူလျှင်လည်း ငြင်းကြမည် မဟုတ်ပါ။ ပို၍ ကောင်းသည်ကိုလည်း တင်ပြဝံ့မည် မဟုတ်ပါ။ ထို့ကြောင့် ဖြစ်သင့်သည်မှာ ကိုယ့်တွင် အဆုံးအဖြတ်ပြုရန်ရှိပြီး ဖြစ်သည့်တိုင်အောင် ထိုအချက်ကို ဦးစွာမပြောဘဲ ပြဿနာကိုသာချပြပြီး အများကပါဝင်ဆွေးနွေးလာအောင် ဖန်တီးပေးသင့်သည်။ လိုအပ်လျှင် တွန်းအားပေး၍ပြောဆိုစေရမည်။

ထိုအခါ လူတိုင်းထံမှ အချက်အလက်မျိုးစုံ ထွက်လာသည်။ အကြံကောင်း၊ ဉာဏ်ကောင်းများကို စုစည်း၍ ရလာမည်။ ကိုယ့်မှာ ရှိထားသော ဆုံးဖြတ်ချက်ထက် ပို၍ကောင်းမွန်သော ဆုံးဖြတ်ချက်ကို ရနိုင်သည်။ ကိုယ် မသိသော အကြောင်းအရာကိုပင် ထပ်လောင်း ပေါင်းစည်း၍ ပိုမိုပြည့်စုံကောင်းမွန်သော ဆုံးဖြတ်ချက်ကို ရနိုင်သည်။

အားလုံး၏ တင်ပြချက်များမှာ ထွက်ပေါ်ရရှိလာသော သုံးသပ်ချက်၊ ဆုံးဖြတ်ချက် များသည် ပို၍ နိုင်မာကောင်းမွန်သည်။ တာဝန်အရှိဆုံးလူသည် နောက်ဆုံးမှ ပြောခြင်းဖြင့် အကောင်းဆုံးနှင့် အပြည့်စုံဆုံး ပြောဆိုနိုင်သူ အဖြစ်ကိုလည်း ရရှိနိုင်သည်။ အများ၏ စုပေါင်းစွမ်းအားကိုလည်း အသုံးပြုခွင့် ရရှိစေမည်။





မိမိသည် တာဝန်အရှိဆုံး ပုဂ္ဂိုလ်မဟုတ်ဘဲ အဖွဲ့ဝင်ဖြစ်သူများသည်လည်း အစည်းအဝေးတွင် သူများပြောသမျှကို စိတ်ပါဝင်စားစွာ နားထောင်ရမည်။ တင်ပြချက်များမှ အားသာချက်၊ အားနည်းချက် များကို ဝေဖန်သုံးသပ်ရမည်။ မိမိ သိထားသော အချက်အလက်များနှင့် ကွဲလွဲနေလျှင် ပြန်လည်၍ ထောက်ပြပြီး နိုင်မာသော အဖြေရအောင် ညှိနှိုင်းရမည်။ မိမိက အနိုင်အမာ သိသော အချက်ရှိလျှင် တိကျသေချာစွာ တင်ပြပေးရမည်။

### *အစည်းအဝေးမှာ ပြောဆိုတင်ပြသောအခါ*

အစည်းအဝေးမှာ ပြောဆိုတင်ပြသည့်အခါ လိုရင်းတို့ရှင်း ဖြစ်ရမည်။ သွားကြားထိုးတံ အကြောင်းပြောသည်ကို ဝါးခုတ်သည်မှ စပြောသည် ဆိုသကဲ့သို့ မဖြစ်သင့်။ သို့သော် ပြည့်ပြည့်စုံစုံ ပြောသင့်သည်။ အတိုချုပ်လွန်း၍ အဓိပ္ပါယ်မပေါ်သည်လည်း မဖြစ်သင့်။

အစည်းအဝေးတွင် သူတစ်ပါး ပြောနေသည်ကို အတင်းရပ်နိုင်းသည်မျိုး မပြုသင့်ပါ။ အတင်းဖြတ်ပြီး ဝင်ရောက်ပြောဆိုခြင်းမျိုးလည်း မဖြစ်သင့်ပါ။ သူက လိုအပ်သည်ထက်ပို၍ လေရှည်နေလျှင်ပင် သည်းခံရပါမည်။ သူပြောပြီးမှသာ မိမိ တင်ပြသုံးသပ်လိုသည်ကို ပြောဆိုသင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးမှာ မိန့်ခွန်းပြောသလို အကြာကြီးပြောခြင်း၊ အာဝဇ္ဇန်းကောင်းကောင်းနှင့် ပြောဆိုနေခြင်းလည်း မလိုအပ်ပါ။ မိမိ တင်ပြရမည့် အချက်ကိုသာ အနိုင်အမာ တင်ပြသင့်သည်။

အစည်းအဝေးတွင် တာဝန်အရှိဆုံး ရာထူးအကြီးဆုံး ပုဂ္ဂိုလ်မှစ၍ အဆင့်ဆင့်တာဝန်ရှိသူများ အားလုံးသည် ဆွေးနွေး တင်ပြသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ အကောင်းဆုံး အပြည့်စုံဆုံးဖြစ်အောင် မိမိ သိနားလည်သည်နှင့် လျော်ညီစွာ ပါဝင် ဆွေးနွေးရမည်။ အချက်အလက်များ ပြည့်စုံအောင် ပေါင်း စည်းပေးရမည်။ အကြံကောင်း၊ ဉာဏ်ကောင်းများပေးရမည်။ စေတနာထား၍ ပါဝင်ဆွေးနွေးရန် လိုသည်၊ စကား ပြောချင်စိတ် နှင့် ပြောဆိုရမည် မဟုတ်၊ သိကြောင်းတတ်ကြောင်း သမားဂုဏ် ပြချင်စိတ်နှင့် ပြောရမည်မဟုတ်။ မလိုအပ်သော ဂိုက်ဟန်စတိုင် များ၊ အာဝဇ္ဇန်းများနှင့် တင်ပြရမည်လည်းမဟုတ်။ စုပေါင်း ဆုံးဖြတ်နိုင်ရန် အကောင်းဆုံး ပါဝင်သူအနေဖြင့်သာ ဆွေးနွေး တင်ပြသင့်ပါသည်။

မိမိပြောသော စကားသာလျှင် အတည်ဖြစ်ချင်စိတ်၊ ကိုယ် သာ ဆုံးဖြတ်နိုင်သူ ဖြစ်လိုစိတ်များ ထားရမည် မဟုတ်ပါ။ ထို စိတ်ထားသည်ပင် တစ်ကိုယ်ကောင်းဆန်၍ အတ္တမာန လွန်ကဲသော နိမ့်ကျမှု ဖြစ်ပါသည်။ သူတစ်ပါးကို ကော်ချင်





ကပ်ချင်စိတ်၊ ထိုးနှက် တိုက်ခိုက်လိုစိတ်၊ သရော်လှောင်ပြောင် လိုစိတ် တို့ဖြင့်လည်း မပြောသင့်ပါ။

သူများပြောသည့် ကောင်းသောအချက်ကို ဝမ်းသာ အားရ လက်ခံနိုင်ရမည်။ သူများထောက်ပြလိုက်သည့် ကောင်း သောအချက်ကို အလေးအနက်ထားရမည်။ သူများပေးသည့် အကြံကောင်း ဉာဏ်ကောင်းကို တန်ဖိုးထားခြင်း ပြုရမည်။

အစည်းအဝေး ဆုံးဖြတ်ချက် ဆိုသည်မှာ တစ်ဦးကောင်း တစ်ယောက်ကောင်း၏ ဆုံးဖြတ်ချက်မဖြစ်သင့်ပါ။ အားလုံး၏ ဆုံးဖြတ်ချက် ဖြစ်ရန်လိုသည်။ မှားလျှင်လည်း အားလုံးတာဝန်ယူ ရမည်။ မှန်လျှင်လည်း အားလုံးစုပေါင်းညီညာ၍ အောင်ကြောင်း ဖြာခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကျပန်းစကားပြောခြင်း

ကျပန်းစကားပြောနည်းဆိုသည်မှာ ပြောရမည့် အကြောင်း အရာကို ကြိုတင်၍မသိ။ မဲလိပ်နှိုက်ပြီး ကျရာကို ပန်း၍ ပြောရခြင်းဖြစ်သည်။

တက္ကသိုလ်များ၊ အထက်တန်းကျောင်းများ၊ စာကြည့် တိုက်များ၊ စာဖတ်အသင်းများ စသည်တို့တွင် ယှဉ်ပြိုင် ပြောဆိုခြင်းဖြင့် စကားပြော လေ့ကျင့်နည်းတစ်မျိုး ဖြစ်ပါသည်။

ပြောမည့်သူများသည် မည်သည့်ခေါင်းစဉ်များ ပါမည် ကိုပင် ကြိုတင်မသိကြပါ။ မဲလိပ်နှိုက်ပြီး မိမိပြောရမည့် ခေါင်းစဉ်ကို သိရခြင်းဖြစ်သည်။ စာပေအဖတ်အမှတ် ဗဟုသုတ များသူ၊ စကားပြောခြင်းကို ကျွမ်းကျင်သူ တခဏုပ္ပတ္တိဉာဏ် ထက်သန်သူ ဖြစ်ရန်လိုသည်။ သွက်လက်ချက်ချာစွာ ပြောတတ် ရန်လည်း လိုသည်။





သို့သော် ပြောရမည့်ခေါင်းစဉ်များကို ရွေးချယ်သူသည် လူတိုင်း လက်လှမ်းမီသည့် အဆင်ပြေသော ခေါင်းစဉ်များကို ရွေးချယ်ရန် လိုပါသည်။

ကျွန်တော် လယ်သမား၊ ကျွန်တော် ကျောင်းဆရာ၊ ကျွန်တော့်အတွက် အပျော်ဆုံးနေ့၊ ကျွန်တော် ထိတ်လန့်ခဲ့ရသောနေ့၊ အမျိုးပျောက်မှာ စိုးကြောက်သည်။ နတ်လူ သာဓု ခေါ်စေသော် စသည့် ခေါင်းစဉ်မျိုးများသည် လူတိုင်းပြော၍ ရနိုင်ပါသည်။

စာရေးသူ တက္ကသိုလ်ကျောင်းသား ဘဝက အဆောင် သာယာရေး ကော်မတီ စာဖတ်အသင်းမှ ကြီးမှူးသည့် ကျပန်း စကားပြောပွဲတွင် ဝင်ရောက်ပြောဆိုရာ မဲလိပ်ကို ဖွင့်လိုက် သည်နှင့် "မပြောမရှိကြနဲ့ဟေး" ဟူသော ခေါင်းစဉ်ကို တွေ့ရ ပါသည်။

ခေါင်းစဉ် ကြေညာလိုက်သည်နှင့် အားလုံးဝါးခနဲ ရယ်ကြ ပါသည်။ "မှတ်ကရော . . . သေလိုက် . . ." ဟူသော သဘော နှင့် ရယ်ကြခြင်းဖြစ်ပါသည်။ စာရေးသူ မျက်လုံးများ ပြာသွား သည်။ ဘာပြောရမှန်းလည်း မသိပါ။ စာရေးသူ၏ ယောင်တောင် တောင် ကြောင်တက်တက် ဖြစ်နေသော အမူအရာကို ကြည့်ပြီး ကျောင်းသားများ သဘောကျစွာထရယ်ကြပြန်ပါသည်။ လုံးဝ မထင်မှတ်သော ခေါင်းစဉ်မျိုး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုခေါင်းစဉ်၏ ရည်ညွှန်းချက်ကို သိပါသည်။ ကျောင်းသားများလည်း သိပါသည်။ နေ့စဉ်ကြားနေရသော စကားလည်းဖြစ်ပါသည်။ ခေါင်းစဉ်ရွေးသူ အလွန်တော်ပါသည်။ ကျွန်တော်တို့အဆောင်မှာ မန္တလေးတက္ကသိုလ်မှ ရွှေပြည်အေး အဆောင်ဖြစ်သည်။ မိန်းကလေးကျောင်းသူများနေသော အဆောင်ဖြစ်သည်။ အဆောင်ဘေးမှ လမ်းမှမိန်းကလေးများ ဖြတ်သွားတိုင်း မြင်သူက ကျန်လူများ အချိန်မီထွက်ကြည့်နိုင်စေရန် "မပြောမရှိကြနဲ့ပေါ့ ..."ဟု ဟစ်အော်လေ့ရှိပါသည်။ ဘယ်သူက အစပြုခဲ့မှန်း မသိသော်လည်း ထိုတာဝန်ကို လူတိုင်း ကျေပွန်စွာ လိုက်နာကြသည်။ တစ်ကိုယ်ကောင်းဆန်လိုစိတ်မရှိ၊ ပရဟိတစိတ် အပြည့်အဝရှိကြသည်။ အပေါင်းအသင်း သူငယ်ချင်းများကို ကြည့်စေ မြင်စေချင်ကြသည်။

ထိုသို့ အော်လိုက်လျှင်လည်း အခန်းထဲမှ ရှိနေသူများ ဝရန်တာ သို့ အပြေးအလွှားထွက်လာကြည့်ကြသည်။ ဝရန်တာမှ ကျောင်းသားများ၏ အသံပေးကြ ဝိုင်းကြည့်ကြသောကြောင့် မိန်းကလေးများ ခြေလှမ်းများ အသက်ရှူမှား ဖြစ်ကြရသည်။ အချို့ဆို ထွက်ပြေးသွားကြသည်၊ ထိုအကြောင်းများကို ပြောရမည်ဖြစ်သည်။

သို့သော် ရုတ်တရက် စာရေးသူ၏ ခေါင်းထဲမှာ ဘာမှပေါ်မလာပါ။ ဘာကစပြောရမှန်း မသိပါ။ ထိုသို့ စကားမထွက်လေ





ဝိုင်းအရယ်ခံရလေ ဖြစ်နေသည်။ ဝိုင်းအရယ်ခံရလေ ပို၍ကြောင်လေ၊ ပြောမထွက်လေ ဖြစ်ရသည်။ သုံးမိနစ်ခန့် အရှက်တကွဲဖြစ်ပြီးမှ ပြော၍ရပါသည်၊ ကျွန်တော် ရှုံးနိမ့်ခဲ့ရပါသည်။ ဘာဆုမျှမရပါ။ နောင်နှစ်ပေါင်းများစွာ ကြာမှ အတွေ့အကြုံအရ ကျပန်းစကားပြောနည်းကို သိလာပါသည်။ ဘယ်ကိစ္စမဆို နည်းလမ်းရှိပါသည်။ အချက်သိလျှင် အခက်အခဲမရှိပါ။

## အချက်သိလျှင် ကြိုရှုပြင်

ကျပန်းစကား ပြောရာတွင် သတိထားရမည်မှာ မထင်မှတ်သော ခေါင်းစဉ်ကို ရုတ်တရက်မြင်လိုက်ရလျှင် ပြာသွားတတ်ခြင်းဖြစ်သည်။ ထိုအခါ ဝိုင်းအရယ်ခံရတတ်သည်။ ထိုသို့ ရယ်လျှင် ပို၍ပြာတတ်သည်။ ဘာမျှ ပြောမထွက်ဘဲ ဖြစ်သွားတတ်သည်။

အချို့ကတော့ အမှန်မကန် သင်ပေးသည်များရှိပါသည်။ မဲလိပ်မှာ ဘာရေးထားထား ကိုယ်ပြင်ဆင်ထားသော ခေါင်းစဉ်ကို ဖတ်ပြီး ခပ်တည်တည်သာ ဆက်ပြောလိုက်ပါဟု ဆိုသည်၊ ဟန်နှင့်ပန်နှင့် ပြော၍ပြီးသွားပါမည်။ သို့သော် ဆုရမည် မဟုတ်ပါ။ လုပ်သင့်သောနည်းလမ်း မဟုတ်ပါ။

ထိုကဲ့သို့သော အပြုအမူများကြောင့် ယခုအခါတွင် မဲလိပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကာယကံရှင်က နှိုက်ယူပြီး အခမ်းအနားမှူးသို့ ပေးရသည်။ အခမ်းအနားမှူးက ဖတ်ပြသည်။

ခက်ခဲသော ခေါင်းစဉ်ဖြစ်လျှင် ဝါးခနဲရယ်သံများ ထွက်လာမည်။ ရယ်ပါစေ။ ကိုယ်ကပြာမသွားဖို့သာ အရေးကြီးပါသည်။

အေးအေးဆေးဆေး စဉ်းစားချိန်ရလျှင် ပြောစရာစကားများ စီကာစဉ်ကာ ပေါ်လာပါလိမ့်မည်။ ဤခြေမျက်စဉ်းစားချိန် ရယူတတ်ဖို့လိုပါသည်။

ဘယ်ခေါင်းစဉ်ကျကျ ပြောရှုရသော နိဒါန်းစကားများကို ကြိုတင်ပြင်ဆင်ထား၍ ရပါသည်။ စင်ပေါ်မတက်ခင်ကတည်းက ပြင်ဆင်ခဲ့ပါ။ ဖြစ်နိုင်မည်ဆိုလျှင် ထိုနိဒါန်းစကားမှာပါ အမြူးလေး အရွှင်လေးဖြစ်အောင် ပြင်ဆင်ထားပါ။ ကျပန်းစကားပြောပွဲ နားထောင်နေသော ပရိသတ်သည် ရွှင်မြူးနေတတ်သည်။ ရယ်စရာပြောလျှင် ရယ်ချင်နေကြသည်။ ပြောသူ အမှားမှား အယွင်းယွင်း ဖြစ်လျှင်လည်း ရယ်ကြမည်။ ကိုယ်က ဟာသလုပ်၍ ပြောလျှင်ပြောရသည်မှာ အားတက်ပါသည်။

နိဒါန်းစကားအတွက် ကိုယ့်စိတ်ကြိုက် ကြိုတင်ပြင်ဆင်ထား၍ရပါသည်။

ဥပမာ “မပြောမရှိကြနဲ့ဟေး . . . ”ဟူသော ခေါင်းစဉ်ကို





အခမ်းအနားမှူးက ကြေညာလိုက်သည်။ အားလုံး ဝါးခနဲရယ်ကြသည်။ ကိုယ်က ကိုယ့်ဘာသာ ပြင်ဆင်ထားသော နိဒါန်းရှိ၍ ပြာမသွားပါ။ ကိုယ့်ဘာသာ အားရှိနေပါသည်။

ပရိသတ်ဘက်သို့ လှည့်လိုက်ပါ။ မိုက်ကရိုဖုန်းရှေ့မှာ ရပ်ပါ။ ကျပန်းစကားပြောပွဲများတွင် ရှေ့မှာ စကားပြောစင်ထားမပေး ရပါ။ ပြောသူ၏ တစ်ကိုယ်လုံးကို အကဲဖြတ်အဖွဲ့နှင့် နားထောင်သော ပရိသတ်မြင်စေရပါသည်။

## ကျပန်းစကားပြောစဉ်

ပြောသူသည် မိုက်ကရိုဖုန်းရှေ့မှာ ရပ်ရသည်။ ရပ်သည့်အခါ ခြေနှစ်ချောင်းပေါ်မှာ တည့်တည့် မတ်မတ် ရပ်ရသည်။ ခြေတစ်ချောင်းပေါ်မှာရပ်ပြီး ခြေတစ်ချောင်းဖွထားသည့် ပုံများ မဖြစ်စေရပါ။ ဘေးတိုက် အနေအထားနှင့်လည်း မရပ်ရပါ။ ပရိသတ်ဘက်သို့ တည့်တည့်လှည့်၍ ခြေနှစ်ချောင်းပေါ်မှာ ဟန်ချက်ကျကျ ရပ်ပါ။

ပရိသတ်ရှေ့ရောက်မှ မှုခိုးပြင်ဝတ်ခြင်း လုံးဝမလုပ်ပါနှင့်၊ အောက်မှာကတည်းက မြဲမြဲဝတ်ခဲ့ပါ။

အင်္ကျီဆွဲဆန့်ခြင်း၊ ခေါင်းမှဆံပင်ကို လက်ဖြင့်သပ်၍ ပြုပြင် ခြင်း၊ တင်ပါးနှစ်ဖက်ကို လက်ဖြင့်ပွတ်သပ်နေခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



မပြုပါနှင့်။ လက်ပိုက်၍လည်း မထားပါနှင့်။ လက်နှစ်ဖက်ကို ပူးယှက်၍ ရှေ့ဖက် အောက်မှာချ၍လည်းမထားပါနှင့်၊ မလိုရာကို ဖုံးကွယ်ထားသည် နှင့် တူ၍ အမြင်ဆိုးပါသည်။ ဓာတ်ပုံရိုက်လျှင် ဓာတ်ပုံထဲမှာ ပို၍ အကြည့်ရဆိုးပါသည်။

ယက်ကို ဘေးနှစ်ဖက်မှာ ချထားပါ။

မပြောမီ မိုက်ကရိုဖုန်းကို ကိုယ်နှင့်အံကိုက်ဖြစ်အောင် ပြု ပြင်ပါ။ မိုက်ကရိုဖုန်းသည် မိမိပါးစပ်နှင့် တည့်တည့်ရှိစေရမည်။ မိုက်ကရိုဖုန်းနှင့် ပါးစပ်အကွာအဝေးမှာ တစ်ပေခန့်ဆိုလျှင် သင့်တော်ပါသည်။

မိုက်ကရိုဖုန်းကို ဖြုတ်ယူပြီး ပြောခြင်းမပြုရပါ။ မိုက်ကရိုဖုန်းကို ဖြုတ်ယူ၍ စင်မြင့်ပေါ်မှာ လျှောက်သွားရင်း ပြောသည်ကို တွေ့ရဖူးပါသည်။ မလုပ်ရပါ။

မပြောမီ မိုက်ကရိုဖုန်းကို မှုတ်ခြင်း၊ ခေါက်ခြင်း၊ မလုပ်ပါနှင့်၊ အသင့်ပြင်ထားပြီး ဖြစ်ပါသည်။ ပြောကြည့်မှ အသံမထွက်ဟု ထင်လျှင် လက်ဖြင့်အသာအယာ စမ်းကြည့်ပါ၊ သိနိုင်ပါသည်။

ပြောရန် အဆင့်သင့်ဖြစ်ပြီ။

ပရိသတ်က ဘာပြောမလဲ၊ ပြောမှ ပြောတတ်ပါ့မလား၊ အပြောကောင်းသူများ ဖြစ်နေမလား၊ အမျိုးမျိုးတွေး၍ ဇောကြည့်





နားဆင်နေကြပါပြီ၊ ခေါင်းစဉ်က ခက်ခဲ၍လည်း ထိုခေါင်းစဉ်ကို ပြောနိုင် မပြောနိုင် သိချင်နေကြလိမ့်မည်။

ကိုယ်က ကြိုတင်၍ စိတ်ကြိုက် ပြင်ဆင်ထားသော နှုတ်ဆက်စကား မိတ်ဆက်စကား နိဒါန်းစကားများကို တည်ငြိမ် ဣန္ဒြေရစွာ စတင်ပြောလိုက်ပါ။

ဥပမာ – "သဘာပတိကြီးနဲ့တကွ အကဲဖြတ်ဒိုင်လူကြီး များ(သဘာပတိရှိရာ ဒိုင်လူကြီးများရှိရာကို ရိုသေဦးညွတ်ကြည့် လိုက်ပါ) ချစ်စွာသော သူငယ်ချင်းကျောင်းသူ ကျောင်းသားများ အယ် ... အယ် ... များလို့ ... ကျောင်းသူမပါဘူး၊ ကျောင်း သားများ ခင်ဗျား ..."

မိမိအမှားအတွက် ရယ်ကြပါလိမ့်မည်။ သို့သော် အစ ကတည်းက ကြိုတင်ပြင်ဆင်ထားသော အမှားဖြစ်သည်။

ကျွန်တော်ကတော့ မြန်မာစာ စတုတ္ထနှစ် ကျောင်းသား မောင်ဖြူဖြစ်ပါတယ်။

ခုလောက် ပြောလိုက်နိုင်လျှင် အတော်လေး ဣန္ဒြေ ရသွားပါပြီ။ ပရိသတ်လည်း ငြိမ်သွားပါပြီ။ ပြာသည့်စိတ်လည်း မဖြစ်ပါ။ ထို့ကြောင့် စိတ်တည်ငြိမ်စွာနှင့် ခေါင်းစဉ်အရ ပြောရမည့် စကားများကို စဉ်းစားချိန်ရစေသည်။

အရေးကြီးသည်မှာ နိဒါန်းစကားပြောနေရင်း ခေါင်းစဉ်အရ ဘာပြောရမည်ကို စဉ်းစားပါ။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရာတွင် အစအဆုံး အသေးကြီးမတွေးပါနှင့်။ ပထမဦးစွာ ခေါင်းစဉ်ကို ပြောကြားပါ။

"ကျွန်တော် ပြောရမယ့် ခေါင်းစဉ်ကတော့ "မပြောမရှိ ကြနဲ့ပေါ့ ..." ဖြစ်ပါတယ်။ ပျော်စရာကြီး ..."

မည်သည့်ခေါင်းစဉ်ကျကျ ပြော၍ရပါသည်။ ခေါင်းစဉ်ပြော ပြီးလျှင် ခေါင်းစဉ်၏အဓိပ္ပါယ်ကို ရှင်းလင်းပြောကြားပါ။

ထိုသို့ ခေါင်းစဉ်အဓိပ္ပါယ်ကို ရှင်းလင်းပြောကြားသည်နှင့် ပြောစရာအများကြီး ရသွားပါပြီ။

စကားပြောရာတွင် အရေးကြီးသော အချက်မှာ စဉ်းစား၍ ရသော စကားများကို ပြောကြားနေစဉ် ရှေ့တွင်ဆက်ပြောရမည့် စကားများကို စဉ်းစားရမည်ဖြစ်ပါသည်။

စိတ်အေးအေးနှင့် စဉ်းစားလျှင် ပြောရင်းနှင့်ပင် ရှေ့ဆက်ရမည့် စကားများ စီကာစဉ်ကာ ရရှိလာပါလိမ့်မည်။

နောက်ထပ် သေချာပေါက် အပိုင်ပြင်ဆင်ထား၍ ရသည်မှာ နိဂုံးချုပ်စကား ဖြစ်ပါသည်။

"သဘာပတိကြီးနဲ့တကွ အကဲဖြတ်အဖွဲ့ဝင်လူကြီးများ ကျွန်တော့်ကို နားထောင်အားပေးကြတဲ့ မိတ်ဆွေသူငယ်ချင်းများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား ..."





မည်သည့် ခေါင်းစဉ်ကျကျ နိဂုံးချုပ်စကားကတော့ ပြင်ဆင် ထားသည့်အတိုင်း ပြော၍ရပါသည်။ ချောမောစွာ ပြော၍ အပြီး သတ်နိုင်ပါသည်။

*အချိန်အတိအကျပြောဆိုပါ*

ကျပန်းစကားပြောရာတွင် အချိန်ကန့်သတ် ပေးထားပါသည်။ အချိန်နှင့် အံဝင်ခွင်ကျ ပြောနိုင်ဖို့လည်း လိုပါသည်။ အချို့က များများမပြောနိုင်၍ စောပြီး အဆုံးသတ်သွားပါသည်။ ထို့ထက် ပို၍ ဆိုးသည်မှာ အချိန်စေ့၍ ဘဲလ်တီးသော်လည်း မပြီးနိုင် ဆက်ပြောနေခြင်းဖြစ်သည်။ အမှတ်မရရုံမက ဒိုင်လူကြီးများ အမှတ်ပေးကာနီးမှာ စေတနာလျော့သွားတတ်သည်။

ကျပန်းပြောရာတွင် အချိန်စေ့ခါနီး (၂)မိနစ်မှာ သတိပေးခေါင်းလောင်းတီးပါသည်။ နိဂုံးချုပ်ရန် သတိပေးခြင်းဖြစ်သည်။ ပြော လက်စကို အဆုံးသတ်ပြီး နိဂုံးချုပ်ရမည် ဖြစ်ပါသည်။

နောက်တစ်ကြိမ် ခေါင်းလောင်းတီးလျှင် အချိန်ပြည့်သွားခြင်းဖြစ်သည်။ ဆက်ပြောသော်လည်း အမှတ်မရတော့ပါ။ စည်းကမ်းကို လေးစားစွာ လိုက်နာပြီး သတ်မှတ်ချိန်အတွင်းမှာ နိဂုံးချုပ်ရမည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# စကားရည်လုပွဲ
# (သို့မဟုတ်)
# စကားအချေအတင်ပြောဆိုခြင်း

(စကားရည်လုပွဲ ဆိုသည်မှာ စကားအရည်အသွေး ယှဉ်ပြိုင် ပြောဆိုခြင်းဖြစ်သည်။ အနိုင်လုရ၍ ပြောခြင်းရှိသကဲ့သို့ ကိုယ်ရည် သွေး၍ ပြောရခြင်းလည်းရှိသည်။ ခေါင်းစဉ်တစ်ခုကို အခြေပြု၍ စကားရည်လုရာတွင် အဆိုတင်ပြသည့်ဘက်နှင့် ချေပပြောဆိုသည့်ဘက်ရှိ၍ ယှဉ်ပြိုင်ပြောဆိုကြခြင်း ဖြစ်သည်)

စကားရည်လုရာတွင် တစ်ဖက်လျှင် (၃)ယောက်စီ သို့မဟုတ် (၄)ယောက်စီ အဆိုဘက်၊ အချေဘက် ယှဉ်ပြိုင်ပြောဆိုရသည်။ အားလုံးပြောပြီးလျှင် ပရိသတ်ထဲမှလည်း တစ်ဖက်လျှင် (၂)ဦးကျစီ တက်ရောက်ပြောဆိုနိုင်သည်။

အဆိုတင်သော ခေါင်းစဉ်တစ်ခုကို အခြေပြု၍ ပြောဆိုရခြင်းဖြစ်သည်။





## ခေါင်းစဉ်ရွေးချယ်သတ်မှတ်ခြင်း

အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ နိုင်ငံကို အကျိုးပြုသည်။

အမျိုးသမီးများသည် အဆိုရှင်အဖြစ် တင်ပြပြောဆို၍ အမျိုးသားများက ထိုအဆို မမှန်ကြောင်း ချေပပြောဆိုကြသည်။

တောမှလူများသည် မြို့မှလူများထက်ပို၍ နိုင်ငံကိုချစ်သည်။

လူငယ်များသည် လူကြီးများထက်ပို၍ လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားသည်

ဉာဏအလုပ်သမားများသည် ကာယအလုပ်သမားများထက် ပို၍ နိုင်ငံကိုအကျိုးပြုသည် စသည်ဖြင့် ခေါင်းစဉ်ရွေးချယ်သတ်မှတ်ကြရသည်။

ခေါင်းစဉ်သည် စကားရည်လုပွဲ၏ အဓိကအချက်ဖြစ်၏။ စကားပြောမည့်စင်မြင့်၏ နောက်ခံတွင် ခေါင်းစဉ်ကို ထင်ရှားစွာ ရေးထားရသည်။ ထိုခေါင်းစဉ်ကို အကြောင်းပြု၍ အဆိုရှင်များနှင့် အချေရှင်များ အပြန်အလှန် စကားရည်လုကြမည်။ အချေအတင် ပြောဆိုကြရမည်။ နှစ်ဖက်စလုံးမှာ တူညီစွာပြောခွင့်သာသော ခေါင်းစဉ်လည်း ဖြစ်ရန်လိုသည်။

အဆိုဘက်မှ ပြောမည့်သူများကို အဆိုရှင်များဟု ခေါ်၍ အချေဘက်မှ ပြောမည့်သူများကို အချေရှင်များဟုခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောစင်၏ နောက်ခံတွင် ခေါင်းစဉ်စာတန်း၏အောက်မှာ ဘယ် ဘက်တွင် အဆိုရှင်များ ဟူ၍ ခေါင်းစဉ်တပ်ပြီး အောက်မှာ ပြောမည့်သူများ၏ အမည်ကို ဖော်ပြထားသည်။ ညာဘက်တွင် အချေရှင်များဟု ခေါင်းစည်းတပ်၍ အောက်မှာ အချေဘက်မှ ပြောမည့်သူများ၏အမည်များကို ဖော်ပြထားသည်။

**ပြောပုံအစီအစဉ်**

စကားရည်လုပွဲတွင် အဆိုရှင် အချေရှင် နှစ်ဖက်ရှိရာတွင် တစ်ဖက်စီမှာ ခေါင်းဆောင်ထားရသည်။ ရှေ့ဦးစွာ အဆိုရှင်ဘက်မှ ခေါင်းဆောင်က အဆိုကိုတင်သွင်းရသည်။ အချိန် (၁၅)မိနစ်ရသည်။ အဆိုပြုစာတန်းအရ အချက်အလက်များကို အလေးအနက်ပြည့်စုံစွာနှင့် တင်ပြရသည်၊ တစ်ဖက်လူ မချေပနိုင်အောင် ခိုင်မာသော အချက်များကို ရှာကြံရသည်။ နားထောင်သော ပရိသတ် သဘောကျပြီး ကိုယ့်ဘက်မှပါဝင်ထောက်ခံလာအောင် ပြောဆိုရသည်။ မိမိက အရင်ဆုံးတင်ပြရသူဖြစ်၍ ကိုယ့်စိတ်ကြိုက် အကောင်းဆုံးပြင်ဆင်၍ ပြောဆိုနိုင်ခွင့်ရသူ ဖြစ်သည်။

အဆိုဘက်မှ ခေါင်းဆောင်ပြောပြီးသည်နှင့် အချေဘက်မှ ခေါင်းဆောင်ဖြေဆိုလှည့်ဖြစ်သည်။ အဆိုဘက်မှ ပြောဆိုသူမှာ ပို၍ခက်သည်၊ ပို၍ပညာပါသည်။ ပြောချိန်မှာ (၁၅)မိနစ်ပင် ဖြစ်သည်။





အဆိုရှင်ပြောသွားသည့် အချက်အလက်များကို မှတ်သားထားပြီး ပြန်လည်ချေပရခြင်း ဖြစ်သည်။ စင်ပေါ်မှာ သူပြောပြီးမှ ကိုယ်ကချေပရန် အချက်အလက်များကို ရှာကြံရခြင်းဖြစ်သည်။ သူပြောသည်များကို ချေပနိုင်မှ အမှတ်ရမည်ဖြစ်သည်။ မချေဘဲထားခဲ့ပြီး ကိုယ်ပြောချင်သည်တို့ကိုသာ တင်ပြလျှင် အမှတ်ရမည်မဟုတ်ပါ။ သူပြောသည့် အချက်များကို ချေပပြောဆိုပြီးမှ ကိုယ်တင်ပြရန် ပြင်ဆင်ထားသည်တို့ကို တင်ပြရမည်ဖြစ်သည်။

အချေဘက်မှပြီးလျှင် အဆိုဘက်မှ ဒုတိယလူက သူ၏ ခေါင်းဆောင်တင်ပြသွားသော အဆိုကို ပို၍ခိုင်မာအောင် ထောက်ခံတင်ပြရင်း တစ်ဖက်မှအချေရှင် ခေါင်းဆောင်တင်ပြသွားသော အချက်အလက်များကို ချေဖျက်ပြောဆိုရသည်။ အဆိုဘက်မှ ဒုတိယလူပြီးလျှင် အချေဘက်မှ ဒုတိယလူ စင်ပေါ်တက်လာ၍ အဆိုဒုတိယလူ တင်ပြသွားသော အချက်များကို ချေပပြောဆိုရသည်။ ဤနည်းအားဖြင့် အဆိုရှင်များနှင့် အချေရှင်များ တစ်လှည့်စီ တက်ရောက်ပြောကြားရသည်။ သူ့ဘက်မှ အခိုင်အမာ တင်ပြခဲ့သော အချက်များကို ချေဖျက်ရသည်။ ကိုယ့်ဘက်မှ ထပ်မံ၍ တင်ပြချက်ပြုရသည်။ အမှတ်ပေးရာတွင် အဆိုတင်သည့်အတွက် ပေးမှတ်နှင့် ချေပချက်အတွက် ပေးမှတ် ဟူ၍ ခွဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်စလုံးမှ လူအားလုံးပြီးလျှင် ပထမဆုံးပြောကြားသူ အဆိုရှင်များဘက်မှ ခေါင်းဆောင်ကို ချေပခွင့်(၅)မိနစ် ပေးရသည်။ သူက အရင်ဆုံးပြောသူဖြစ်သောကြောင့် ချေပခွင့် မရသေး၍ ဖြစ်သည်။ တစ်ဖက်မှ အချေရှင်ခေါင်းဆောင်နှင့်တကွ အချေရှင်အားလုံးတို့၏ တင်ပြချက်များကို ပြန်လည်ချေပပြောဆိုရပါသည်။

ကျပန်းစကားပြောပွဲနှင့် စကားရည်လုပွဲ နှစ်မျိုးလုံးမှာ လူထုပရိသတ်ရှေ့မှာ စကားပြောရပုံချင်း တူညီကြပါသည်။ သို့သော် ကျဘမ်းစကားပြောပွဲက ပိုခက်သည်ဟု ဆိုရမည်။ ခေါင်းစဉ် ကြိုမသိဘဲ ရုတ်တရက်မဲကျသည်ကို ပြောရခြင်းဖြစ်သည်။ သို့သော် အချက်ကိုသိလျှင် နိဒါန်းကို ကြိုတင်ပြင်ဆင်ထား၍ နောက်ပြောမည့် စကားကို စဉ်းစားခွင့်ရနိုင်သည်။

## စကားရည်လုပွဲဆိုင်ရာသိထားအပ်သောအချက်များ

ကျပန်းစကားပြောပွဲမှာ ခေါင်းစဉ် ကြိုမသိသော်လည်း ကြိုတင်ပြင်ဆင်ထားနိုင်သည်များ ရှိသကဲ့သို့ စကားရည်လုပွဲမှာလည်း ကြိုတင်ပြင်ဆင်ထားနိုင်သော သော့ချက်များရှိပါသည်။

စာရေးသူ ငယ်စဉ်က စာဆိုတော်နေ့စကားရည်လုပွဲ တစ်ခုတွင် အချေရှင်များဘက်မှ ခေါင်းဆောင်၍ ပြောရမည်ဖြစ်





ရာ သူ့ဘက်မှ ဘာပြောမည်မသိ၍ ရုတ်တရက်ချေပရန် အခက်အခဲ ရှိနေသည်။

ကျွန်တော်တို့ ကျောက်ဆည်မြို့တွင် အပြောကောင်း၊ အဟောကောင်း အထက်တန်းပြန်မာစာ ဆရာကြီးဦးသိန်းမှာ ကိုယ့်ဆရာဖြစ်၍ ဆရာကြီးသို့ သွားမေးသည်။ လိုအပ်သည်များအားလုံးကို ဆရာကြီးက ပြင်ဆင်ရေးပေးလိမ့်မည်ဟု အချောင်သမားစိတ်နှင့် အားကိုးအားထားပြုမိသည်။

သို့သော် ဆရာကြီးက "အဲဒီလို ရေးမပေးပါဘူး ... ကိုယ် ပြောမယ့်ကိစ္စ ကိုယ့်ဘာသာရှာပြီး ကိုယ့်ဘာသာရေးရမှာပေါ့ ... ဒါမှ ကိုယ်တိုင်ပြင်ဆင်တတ် ပြောဆိုတတ်မှာပေါ့။ အရေးကြီးတာက အချက်သိဖို့ပါပဲ ... အချက်ကိုပဲ ပြောပြမှာပေါ့ ..." ဟုဆိုသည်။ ထိုအချက်ကိုလည်း ပြောပြပါသည်။

## သူ့ဘက်မှအရင်တွေးပါ

အချေရှင်သည် သူ့ဘက်မှအရင်တွေးရမည် ဟုဆို၏။ မှန်လိုက်လေ။ "ကိုယ်သာ သူ့ဘက်ကဆိုရင် ဘာတွေပြောမလဲ" အကောင်းဆုံး၊ အနိုင်မာဆုံး ပြောနိုင်မည့်အချက်များကို စဉ်းစားရမည်။ စဉ်းစားလျှင် အများကြီးထွက်လာလိမ့်မည်။ ထိုသို့အဆိုပြုရန် စဉ်းစား၍ရသော အကောင်းဆုံးအချက်များကို ချရေး



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ထိုအချက်များကို တစ်ဖက်မှ ပြောလာလျှင် အကောင်းဆုံး ချေပရန် ပြင်ဆင်ထား၍ ရပါသည်။

ဆယ်ချက်တွေးမြင် ပြင်ဆင်ထားလျှင် (၇)ချက်ဝင်လာပါသည်။ ထိုအခါ ကိုယ်ပြင်ဆင်ထားသည့်အတိုင်း အပိုင် ပြင်လည်ချေပနိုင်ပါသည်။ နားထောင်သော ပရိသတ်က ရုတ်တရက် စီစဉ်ပုံ၊ ပြင်ဆင်ပုံကောင်းလှသည်ဟု အထင်ကြီးကြမည်။ အမှန်မှာ စင်ပေါ်မတက်မီကပင် ကြိုတင်ပြင်ဆင်ပြီးသား လေ့ကျင့်ထားသောစကားများ ဖြစ်နေသည်။

ချေပရာတွင်လည်း ဆရာကြီးပြောကြားသော မှတ်သားဖွယ်ရာ တစ်ချက်ရှိပါသေးသည်။ သူ့ဘက်မှ အလွန်နိုင်မာစွာ တင်သွားသည့် အချို့သောအချက်များမှာ ပြေကြေအောင် ချေပလျှင် ရှည်ရှည်ဝေးဝေး ပြောရမည်။ ထိုအခါ အချိန်များစွာယူရမည်။ အားလုံးပြောချိန်မှာ (၁၅)မိနစ်သာရှိ၍ ထိုသို့အရှည်ကြီး ချေပရန် မကြိုးစားပါနှင့်၊ ရယ်စရာ ဟားစရာ တစ်ခုခုလုပ်ပစ်လိုက်ပါ။ ပရိသတ်များဝါးခနဲရယ်ကြသည်နှင့် သူပြောထားသည့် အနိုင်အမာအချက်သည် ပျက်သွားပါသည်။ အမှန်တကယ် ကြေပျက်သွားသည်တော့ မဟုတ်ပါ။ ကြေပျက်သွားသကဲ့သို့ မှတ်ထင်ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ အချိန်များစွာယူ၍ ချေဖျက်ရန်ပြောကြားသော်လည်း ပြေသည်ဟုထင်ချင်မှ





ထင်ကြမည်။ ဝါးခနဲရယ်အောင် ပြောလိုက်နိုင်ပါက တစ်ချက်တည်းနှင့် ကိုယ့်ဘက်မှအသာရသွားနိုင်ခြင်းဖြစ်သည်။

ရယ်စရာဖြစ်အောင် ပြောနိုင်ခြင်း၊ ပြောတတ်ခြင်းသည် စကားရည်လုပွဲ ပြောကြားရာတွင် ကြီးမားသောအထောက်အပံ့ဖြစ်သည်။ သူ့ဘက်မှ စကားများကို ရယ်စရာလုပ်ပစ်နိုင်ဖို့လိုပါသည်။

သို့သော် ကိစ္စအားလုံးမှာ ပေါ့ပျက်စွာ ရယ်စရာလုပ်ပစ်သော .နည်းကိုချည်း အားထားရမည်တော့ မဟုတ်ပါ။ အနိုင်အမာ ချေဖျက်ရမည်တို့ကို အနိုင်အမာချေဖျက်ပြီး အလေးအနက် တင်ပြရမည်တို့ကို အလေးအနက် တင်ပြနိုင်ရန်လည်း လိုပါသည်။

စကားရည်လုပွဲ၏ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းမှာ ပရိသတ်အများ ကိုယ့်ဖက်ပါလာခြင်းရှိမရှိ လွှမ်းခြုံ ကြည့်ရမည်ဖြစ်သည်။ ပရိသတ်ကိုဆွဲဆောင်မှုကောင်း၍ ပရိသတ်၏ အားပေးထောက်ခံမှု အများဆုံးရရန် လိုပါသည်။

## တစ်ဦးချင်း စကားရည်လုပွဲ

အမေရိကန် နိုင်ငံတွင် သမ္မတ ရွေးချယ်ရာတွင် ရွေးကောက်ပွဲမတိုင်မီ အဓိကပြိုက်ဘက် ဖြစ်သော သမ္မတလောင်းနှစ်ဦး ရုပ်မြင်သံကြားမှတဆင့် ပြည်သူ့ရှေ့မှောက်မှာ စကားရည်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပွဲပြုလုပ်လေ့ရှိပါသည်။ မိမိ၏ မူဝါဒ၊ သဘောထား ခံယူချက်နှင့် ထူးခြားစွာ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခြင်းဖြင့် စကားရည်လုကြရသည်။ ထို စကားရည်လုပွဲသည် သမ္မတရွေးပွဲ အတွက် အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါသည်။

ဝတ်ပုံ ဆင်ပုံ သေသပ်မှု၊ အရောင်အသွေး ရွေးသည်မှအစ သတိထား၍ လေ့လာကြည့်ကြပြီး ဥပဓိရုပ်ကိုလည်း အကဲခတ်ကြသည်၊ ပြောပုံ၊ ဆိုပုံ၊ တင်ပြပုံတို့ကိုလည်း လေ့လာကြသည်ဟု ဆိုသည်။

## နေရာတိုင်းမှာ ရှိနေသော စကားရည်လုပွဲများ

အမှန်ဆိုသော် နေရာတိုင်းမှာ စကားရည်လုပွဲများ ရှိနေ၏။ လူတိုင်းသည် နေ့စဉ်နှင့်အမျှ စကားရည်လုပွဲများ ပြောနေကြရ၏။ တစ်အိမ်ထဲမှာ လင်နှင့်မယား သူ့အကြိုက် ကိုယ့်အကြိုက် စကားရည်လုနေကြရသည်။ မိဘနှင့် သားသမီး သူ့ဆန္ဒ ကိုယ့်ဆန္ဒ စကားရည်လုနေကြရသည်။

လက်ဖက်ရည် ဆိုင်ထဲမှာလည်း သူငယ်ချင်းနှစ်ယောက် စကားရည်လုနေကြသည်။ ဈေးဆိုင်မှာလည်း ရောင်းသူနှင့် ဝယ်သူ စကားရည်လုနေကြသည်။ အစည်းအဝေးမှာလည်း စကားရည်လုနေကြရသည်။





စကားရည် လုခြင်းသည် နိုင်ထက်စီးနင်းပြောဆိုခြင်းနှင့် မတူ ကိုယ်ဖြစ်ချင်သည်ကို အမိန့်ပေးအနိုင်ယူခြင်းနှင့်လည်း မတူ။ မိမိ ပြောသည်မှာ မှန်ကြောင်း၊ သဘာဝကျကြောင်း၊ အကျိုးအကြား အထောက်အထားနှင့် အခိုင်အမာပြု၍ တင်ပြပြီး မိမိဘက်မှ ထောက်ခံကြစေရန် ကြိုးစားခြင်းဖြစ်သည်။

စကားရည်လုပွဲများသည် တကယ့်ဘဝအတွက် စကားပြော လေ့ကျင့်ခြင်း တစ်မျိုးလည်းဖြစ်ပါသည်။ တကယ့်ဘဝမှာလည်း လူတိုင်းလိုပင် နေ့စဉ် စကားရည်လုနေကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## သင်ကြားပို့ချ ဟောပြောခြင်း

သင်ကြားခြင်း၊ ပို့ချခြင်းနှင့် ဟောပြောခြင်း တို့မှာ ကွဲပြားမှုများ ရှိသကဲ့သို့ တူညီသော သဘောများလည်းရှိပါသည်။

မြန်မာစာအဖွဲ့မှ ထုတ်ဝေသော မြန်မာအင်္ဂလိပ် အဘိဓာန်တွင် သင်ကြားသည်၊ သင်ပေးသည်ကို TEACH ဟူ၍ ဖော်ပြထားသကဲ့သို့ ပို့ချသည်ကိုလည်း TEACH ဟုပင် ဖော်ပြထားပါသည်။

ဟောပြောသည်ကို SPEACH ၊LACTURE ဖော်ပြထားပါသည်။

မြန်မာအဘိဓာန်တွင် "သင်ကြား" ဆိုသည်ကို သင်ပေး၊ သင်ယူ ဟု အဓိပ္ပါယ်ဖွင့်ထားသည်။

"ပို့ချ" ကို ဟောပြောသင်ကြားပေးသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။





"ဟောပြော" ကို ပရိသတ်အား အကြောင်းတစ်စုံတစ်ရာကို ပြောပြသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

### သင်ကြားခြင်း

ကျောင်းသူ ကျောင်းသားများ၊ သင်တန်းသူ သင်တန်းသားများကို သင်ရိုးညွှန်းတမ်း သတ်မှတ်ချက်နှင့်အညီ ဘာသာရပ် အကြောင်းအရာတစ်ခုကို သေချာစွာ တတ်သိနားလည်အောင် ရှင်းလင်းသင်ကြား ပေးရခြင်းဖြစ်သည်။ သင်ကြားခြင်းဖြစ်၍ သင်နည်းမှတ်ချက်ရှိရသည်။ သင်ကြားပြီးသည်တို့ကို နားလည်ခြင်း ရှိမရှိ ဆန်းစစ်ခြင်း တစ်မျိုးမျိုးလည်း ရှိရသည်။ သင်ကြားရာတွင် နားလည်အောင် ရှင်းလင်းပြောကြားရသည်။

သင်ကြားပို့ချသူသည် ဘာသာရပ်အကြောင်းအရာကို သေချာစွာ လေ့လာပြင်ဆင်ထား၍ ကျောင်းသားများ သိနားလည်သွားရမည့် အချက်အလက်ကို အဓိကအာရုံထားပြီး နားလည်အောင် သင်ကြားပေးရသည်။

### ပို့ချခြင်း

ပို့ချခြင်းမှာလည်း သင်ကြားခြင်း တစ်မျိုးပင်ဖြစ်ပါသည်။ သို့သော် သင်ကြားခြင်းထက် ပို၍မြင့်ပါသည်။ ဘာသာရပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတစ်ခုကို အခြေပြု၍ သိရှိနားလည်အောင် ပြောကြားခြင်းဖြစ်သော်လည်း ကျယ်ပြန့်စွာ သိနားလည်ရန် ရှင်းလင်းဟောပြောခြင်းကိုပါ အသုံးပြုခြင်း ဖြစ်ပါသည်။

တက္ကသိုလ်တွင် ဘာသာရပ်များပို့ချခြင်း၊ သင်တန်းများတွင် သင်ကြားပို့ချခြင်းများဖြစ်ပါသည်။ သတ်မှတ်သည့် သင်ရိုးညွှန်းတမ်းရှိပါသည်။ သို့သော် သင်ကြားခြင်းမှာကဲ့သို့ သင်နည်းမှတ်ချက်မရှိ၊ သင်ခန်းစာပို့ချမှု စိမံချက် အကျဉ်းရှိသည်၊ နည်းပြမှတ်စု အကျယ်ရေးသားထားခြင်းရှိသည်။

သင်ခန်းစာပို့ချမှု စိမံချက်နှင့် နည်းပြမှတ်စုတို့ကို အခြေခံ၍ ဆက်စပ်သော အကြောင်းများ၊ ရယ်စရာများ၊ စိတ်ဝင်စားစရာများနှင့် ဟောပြောခြင်းကိုပါ ပေါင်းစပ်အသုံးပြုနိုင်ပါသည်။

ထို့ကြောင့် ဟောပြောပို့ချသည်ဟုလည်း သုံးနှုန်းပြောဆိုကြပါသည်။

သို့သော် ဟောပြောပို့ချရာတွင် ဟောပြောမှုဘက်မှာ လွန်ကဲလျှင် သတ်သတ်မှတ်မှတ် ပို့ချရသည့် အကြောင်းအရာဘက်မှာ လျော့နည်းသွားတတ်သည်။ သတ်မှတ်ထားသော အကြောင်းအရာပေါ်တွင် အခြေပြုရေးကိုသာ အာရုံစိုက်လွန်းလျှင်လည်း ပို့ချသည့်ပုံထက် သင်ကြားမှုဘက်သို့ ရောက်သွားတတ်သည်။ စိတ်ဝင်စားမှုလည်း လျော့ပါး၍ ကျယ်ပြန့်စွာ သိနားလည်ခြင်း၊ လေ့လာစူးစမ်းလိုခြင်းတို့ကို အားနည်းစေသည်။





တက္ကသိုလ်တွင် သင်ကြားမှုမှာ TEACHING (သင်ကြားခြင်း) သဘောထက် LACTURE (ဟောပြောပို့ချခြင်း) သဘောကို ဖော်ဆောင်နေပါသည်။ မိမိ၏ ရှင်းလင်းပြောကြားမှုများကို အကျယ်တဝင့် ပြည့်စုံစွာ သိလိုလျှင် စာအုပ်ညွှန်းပေးရသည်။ ကျောင်းသားများကို သင်ကြားပို့ချမှုနှင့် တကြည့်တိုက် အသုံးချမှုကိုပါ တွဲစပ်နိုင်အောင် လမ်းညွှန်နိုင်ရမည်ဖြစ်သည်။

စာရေးသူ တက္ကသိုလ်တွင် ပညာသင်ကြားစဉ်မှာ ကထိကဆရာကြီးတစ်ဦးသည် အလွန်အသင်အပြကောင်းပါသည်။ သူ့ သင်ပြပုံမှာ ဟောပြောပို့ချပုံ ဖြစ်ပါသည်။ သတ်မှတ်သည့် ကဗျာကို အခြေပြု၍ ရှင်းလင်းပို့ချရာတွင် အကျယ်တဝင့် ပြောဟောခြင်း ဖြစ်သည်။ တစ်ရက်တွင် ကဗျာ၏ ပထမအကြောင်းကို ဖတ်ပြီး ရှင်းပြရင်း အပြင်သို့စကားထွက်သွားလိုက်သည်မှာ အချိန်စေ့သည်အထိ ဖြစ်သည်။

"ကဲ ... ခုနကတည်းက စကားဘေးထွက်သွားလိုက်တာ ဘယ်နားက ထွက်သွားမှန်းလည်း မမှတ်မိဘူး။ ဘယ်လိုပြန်ဝင်ရမှန်းလည်း မသိတော့ဘူး ... ဟောပြောပို့ချတယ်ဆိုတာ ဒါမျိုးပါပဲ ..."ဟု ပြော၍ စာသင်ခန်းထဲမှ ထွက်သွားပါသည်။ ကျွန်တော်တို့ ကျောင်းသားများ ရယ်မောကျန်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ဟောပြောပို့ချခြင်း**

အချို့သင်တန်းများတွင် ဟောပြောပို့ချမှု ပုံသဏ္ဌာန်နှင့် လွတ်လပ်စွာ ပြောနိုင်သည်လည်းရှိပါ၏။ အကြောင်းအရာ ဘာသာရပ်တစ်ခုကို အခြေပြုပြီး လွတ်လပ်စွာ ပြောဟောနိုင်ခွင့်ရှိသည်။ ဆန်းစစ်ခြင်း တစ်မျိုးမျိုးပြုလုပ်ရန်လည်းမရှိ၍ သင်ကြားပို့ချမှုမှာ ဘောင်ခတ်ထားခြင်းလည်းမရှိပါ။ ဥပမာအားဖြင့် သင်တန်းတစ်ခုတွင် အခြားဝန်ကြီးဌာနမှ လာရောက် ဟောပြောပို့ချခြင်း ဖြစ်သည်။ ဟောပြောပို့ချသူက မိမိ၏ ဝန်ကြီးဌာနအကြောင်းကို အသေးစိတ်အကျယ်တဝင့် ရှင်းလင်းဟောပြောနိုင်ပါသည်။ -

ဟောပြောပို့ချမှုတိုင်းတွင် သတိထားအပ်သည်မှာ လွတ်လပ်စွာ ပြောဆိုနိုင်သည် ဆိုသော်လည်း ရောက်တတ်ရာရာ ပြောချင်ရာမှန်သမျှ ပြောနိုင်သည်တော့ မဟုတ်ပါ။ သတ်မှတ်ချက် အကြောင်းအရာအတွင်းမှာ လွတ်လပ်စွာ ဖြစ်ပါသည်။ မိမိဝန်ကြီးဌာနအကြောင်း ဆိုလျှင်လည်း ထိုခေါင်းစဉ်မှာ ကန့်သတ်ချက်ရှိပါသည်။ မိမိဝန်ကြီးဌာနနှင့် စပ်လျဉ်း၍ အကျယ်တဝင့် လွတ်လပ်စွာ ပြောဆိုနိုင်ခြင်းဖြစ်ပါသည်။



## အမှာစကားပြောဆိုခြင်း

အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ အခမ်းအနားကြီးများတွင် သဘာပတိဖြစ်စေ၊ ဌာနဆိုင်ရာအကြီးအကဲ ဖြစ်စေ လူကြီးတစ်ဦးဦးဖြစ်စေ၊ အမှာစကားပြောကြားလေ့ရှိပါသည်။

အမှာစကားသည်လည်း ပရိသတ်ရှေ့မှာ ပြောရသော စကားဖြစ်သည်။ သို့သော် ဟောပြောခြင်း ပုံစံမျိုးနှင့် ပြောရသည် မဟုတ်ပါ။ သက်ဆိုင်ရာ အစည်းအဝေး၊ ဆွေးနွေးပွဲ အခမ်းအနားနှင့် ပတ်သက်၍ အရေးကြီးသော အချက်များ၊ ဆုံးဖြတ်ရန် အချက်များ၊ ဆောင်ရွက်ရန် အချက်များကို အကောင်းဆုံးအောင်မြင်အောင် ဆောင်ရွက်နိုင်ကြရန် မှာကြားပြောဆိုခြင်းဖြစ်သည်။

အမှာစကားပြောသူသည် အစည်းအဝေးနှင့် စပ်လျဉ်း၍ အပေါ်စီးမှ သိရှိထားသူလည်းဖြစ်သည်။ အစည်းအဝေး တက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သူများ အပေါ်မှာ ဩဇာရှိသူလည်း ဖြစ်သည်။ ထို့ကြောင့် သူ၏အမှာစကားသည် အားလုံးက အလေးအနက်ထား၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စလည်းဖြစ်သည်။

အမှာစကားပြောသူသည်လည်း လိုအပ်ချက်များကိုသာ အဓိကထား၍ လိုရင်းတိုရှင်း မှာကြားရန်လိုသည်။ မှာကြားချက် အချက်များကိုလည်း နားထောင်သူတို့ စွဲမြဲစွာ သိရှိနားလည်စေသင့်သည်။

အမှာစကားပြောသူသည် စကားဦးတည်ရာ ရောက်တတ် ရာရာမပြောသင့်ပါ။ စကားတန်ချဲ့၍ အချိန်ကြာမြင့်စွာ မပြောသင့်ပါ။ ရယ်စရာ မောစရာများနှင့် ပရိသတ်သဘောကျအောင် ဟောပြောနေရမည်လည်း မဟုတ်ပါ။

အမှာစကားဆိုသည်မှာ ကြိုတင်မှာကြားသော စကား။ အသိပေးသော စကား။ သတိပေးသောစကားဖြစ်သည်။

တစ်ချက်တည်းရှိလျှင် တစ်ချက်တည်း မှာသည်။ နှစ်ချက်တည်းရှိလျှင် နှစ်ချက်တည်းမှာသည်။ လူကြီး တော်တော်များများ မပိုမလို အတိအကျ လေးနက်စွာ မှာကြားတတ်သည်ကို လေးစားစွာမှတ်သားအတုယူခဲ့ရပါသည်။

အရေးကြီးသော အချက်မှာ အမှာစကားသည် မှာကြားပြောဆိုရန်သာဖြစ်သည်။ ဟောပြောပို့ချရန်မဟုတ်ပါ။





*ဩဝါဒစကားပြောကြားခြင်း*

ဩဝါဒစကား၏ မူရင်းအဓိပ္ပါယ်မှာ ဆုံးမစကားဖြစ်သည်။ ဆုံးမခြင်းနှင့် ဆက်စပ်၍ ကျယ်ပြန့်စွာနားလည်ရမည်မှာ ရှောင်ကြဉ်ရမည်တို့ကို သတိပေးပြောကြားခြင်း၊ လိုက်နာဆောင်ရွက်ရမည်တို့ကို အသိပေးမှာကြားခြင်း၊ လုပ်ငန်းနှင့် ပတ်သက်သည်တို့ကို လမ်းညွှန်မှာကြားခြင်း၊ နေပုံ၊ ထိုင်ပုံ၊ ပြောပုံ၊ ဆိုပုံ သဘောထားပုံမှစ၍ လမ်းညွှန်မှာကြားခြင်းများသည် ဩဝါဒ စကားများ ဖြစ်ပါသည်။

ဩဝါဒစကားကို ဝါအားဖြင့် ကြီးသူ၊ သဘာအားဖြင့် ကြီးသူ၊ ရာထူးအားဖြင့် ကြီးသူတို့က ပြောကြားရပါသည်။ ဩဝါဒစကားပြောကြားသူသည် အသိအမြင် ဉာဏ်ပညာကြီးမြင့်သူလည်း ဖြစ်ပါသည်။

ဩဝါဒစကားကို နေရာတိုင်းမှာ လူတိုင်းကို ပြောကြားရသည်လည်း မဟုတ်ပါ။ လက်အောက်ငယ်သားများ၊ တပည့်များ၊ ဩဝါဒ စကား ရယူလို၍ ရှိသေစွာတောင်းဆိုသူများကိုသာ ပြောရခြင်းဖြစ်သည်။

ဩဝါဒစကား ပြောသူသည် နားထောင်သူများကို စေတနာမေတ္တာထား၍ သွန်သင်ဆုံးမခြင်း၊ မှတ်သားရန်တို့ကို အသိပေးခြင်း၊ ဆင်ခြင်ရန်တို့ကို သတိပေးခြင်း၊ မှန်ကန်စွာ



www.burmeseclassic.com

www.burmeseclassic.com



သဘောထားရမည်တို့ကို ရှင်းလင်းပြောကြားခြင်း၊ လိုက်နာရမည်တို့ကို လမ်းညွှန်မှာကြားခြင်း ပြုရသည်။

လိုက်နာသည်နှင့်အမျှ ကောင်းကျိုးရသည့်ဩဝါဒများဖြစ်ရမည်။

ဩဝါဒစကားဆိုသည်မှာလည်း အများကိုပြောရသော စကားဖြစ်သည်။ ပရိသတ်ရှေ့မှာ ပြောရခြင်းလည်း ဖြစ်သည်။ သို့သော် ဟောပြောခြင်းနှင့်မတူပါ။ တည်ကြည်ခန့်ညားစွာ ပြောရခြင်းဖြစ်သည်။ ပြောသည့်စကားမှာ တန်ဖိုးကြီးသော ဩဝါဒများဖြစ်သည်။ “ထောင်တန်တဲ့စကားရယ်ပေါ့” ဆိုသကဲ့သို့ ပေါ့ပေါ့လွယ်လွယ် ရယ်ရယ်မောမော မပြောသင့်ပါ။

ဩဝါဒစကားကို ပြောသူက အလေးအမြတ်ပြောဆိုရသကဲ့သို့ နားထောင်သူများကလည်း လေးစားစွာ မှတ်သားနာယူရပါသည်။



## လူထုပရိသတ်ကို ဟောပြောခြင်း

ဟောပြောခြင်းသည် စကားပြောရာတွင် အလွတ်လပ်ဆုံး၊ အကျယ်ပြန့်ဆုံး၊ ပညာအပါဆုံးဖြစ်ပါသည်။

ခေါင်းစဉ်တစ်ခုကိုပေးပြီး ထိုခေါင်းစဉ်အောက်မှာ လွတ်လပ်ကျယ်ပြန့်စွာ ပြောရ၍ရပါသည်။

သို့သော် အဟောအပြောကောင်းသူတို့သည် လွတ်လပ်စွာ ပြောနိုင်သော ဟောပြောခြင်းမှာပင် ခေါင်းစဉ်နှင့် လိုက်လျောညီထွေရှိစေရန် နိဒါန်း၊ စကားကိုယ်၊ နိဂုံး အစ အလယ် အဆုံး သုံးချက်စလုံး ကိုက်ညီ၍ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပြီးမှ ပြောကြားလေ့ရှိပါသည်။

စည်းဘောင်မရှိ စချင်ရာကစ ရောက်တတ်ရာရာပြောပြီး ဆုံးချင်ရာမှာ ဆုံးလျှင် ပြောသောအကြောင်းအရာမှာ ပြန့်ကျဲနေ၍ ခွန်အားမရှိ ဖြစ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိပြောမည့် အကြောင်းအရာကို ကြိုတင်ပြင်ဆင်ပါ။ လွတ်လပ်စွာ ပြောသော်လည်း စုစည်းမှုရှိပါစေ။

တက္ကသိုလ်ကျောင်း၊ သင်တန်းကျောင်းတို့တွင် သင်ကြားပို့ချဟောပြောပို့ချ ပြုရသည်မှာ သင်တန်းသားနှင့် သင်တန်းခန်းမ စုစုစည်းစည်းရှိသည်။ နားထောင်သော ပရိသတ်တို့မှာ အခြေခံပညာ တူညီကြသည်။

သို့သော် လူထုပရိသတ်ကို ဟောပြောရသည်မှာ ထိုကဲ့သို့ အခြေခံတူညီမှုမရှိ။ ဝန်ထမ်းစည်းကမ်း သင်တန်းစည်းကမ်း ကျောင်းစည်းကမ်းတို့နှင့် ထိန်းချုပ်ထားခြင်းလည်း မရှိ။ မတူမညီ ပြန့်ကျဲနေသော ပရိသတ်များကို တစုတစည်းတည်း ဖြစ်အောင် ပြောရခြင်းဖြစ်သည်။ ထို့ကြောင့် ဟောပြောရသည့် အထဲမှာ မတူညီသော လူထုပရိသတ်ကို ဟောပြောရခြင်းသည် အခက်ဆုံးဖြစ်သည်။

ဟောပြောသူတို့မှာ နည်းမျိုးစုံ အကုန်သုံးကြရသည်။ ရယ်စရာများကိုလည်း ပြောရသည်။ စိတ်ဝင်စားဖွယ်ဇာတ်လမ်းများ၊ ပုံတိုပတ်စများကိုလည်း ပြောရသည်။ သီချင်းဆိုသင့်လျှင်လည်း ဆိုပြရသည်။ အလင်္ကာများ ရသများကိုလည်း အသုံးပြုရသည်။ လေယူလေသိမ်း ဟန်ပန်အမူအရာတို့ဖြင့် အထောက်အကူပြုရသည်။ မိမိပြောဆိုသည့် အကြောင်းအရာပေါ်မှာလည်း အပိုင်အနိုင်ဆုံး ကျွမ်းကျင်နားလည်အောင် လေ့လာထားရသည်။





ဟောပြောသူသည် ဟောပြောချိန်ကိုလည်း မိမိစိတ်ကြိုက် သတ်မှတ်နိုင်သည်။ သို့သော် ကိုယ့်ပရိသတ်၏ အခြေအနေကို သိရမည်။ မိမိပြောနေသော အကြောင်းအရာ၏ အခြေအနေကို သိရမည်။

အကောင်းဆုံး အောင်မြင်နေသည့်အတွက် လောဘတက်ပြီး မပြီးနိုင် မစီးနိုင် ဖြစ်မနေသင့်ပါ။ ပရိသတ် ထပြန်မှ ပွဲသိမ်းခြင်းသည် လောဘမသိမ်းနိုင်သူဖြစ်၏။

အကောင်းဆုံးပြောသင့်သည်များ ပြည့်စုံအောင် ပြောပြီးချိန်မှာ လှပစွာနိဂုံးချုပ်၍ ပွဲပြီးစေသင့်သည်။ နာရီအားဖြင့် ပြောလျှင်လည်း အကြမ်းဖျင်းအားဖြင့် (၁)နာရီခန့် အသင့်တော်ဆုံးဖြစ်သည်။

လူထုကို ဟောပြောရာတွင် စိတ်ဝင်စားဖွယ်သော စတင်မှုနှင့် စနိုင်၍ စကားကိုယ်တွင် ဟောပြောခြင်းပညာနှင့် မိမိပြောလိုသည်ကို အောင်မြင်စွာ ပြောဟောနိုင်ရမည်။ ပရိသတ်များ နှစ်သက်စွဲလမ်း ကျန်ရစ်စေမည့် စကားမျိုးနှင့်လည်း နိဂုံးချုပ်နိုင်ရမည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## စကားပြောခြင်းနှင့်ကိုယ်ဟန်မူရာ

စကားပြောရာတွင် နှုတ်မှပြောရုံသာမက ကိုယ်အမူအရာ လက်ဟန်အမူအရာ မျက်နှာအမူအရာတို့လည်း ပါရသည်။ ထို ဟန်ပန် အမူအရာတို့သည် ပြောသောစကားကို အထောက်အပံ့ ဖြစ်အောင် ပါရခြင်းဖြစ်၏။ ထို့ကြောင့် ဟန်အမူအရာသည် ပြောသောစကားနှင့် ထပ်တူ ကျရန်လည်းလို၏။

"အထက်ကောင်းကင်"ဟု ပြောဆိုချိန်တွင် လက်ညှိုးက အထက်သို့ ထိုးပြခြင်းဖြစ်၏။ "ပြောတော့မိုး၊ ထိုးတော့မြေကြီး" ဆိုသည်မှာ အပြောနှင့်ဟန်အမူအရာ ထပ်တူမကျဘဲ လွဲချော် နေခြင်းဖြစ်သည်။

အချို့သော ဟောပြောသူများသည် ပရိသတ်ကိုဟော ပြောနေစဉ် ဟန်ပန်အမူအရာ အလွန်နည်းပါးကြသည်။ တစ်ချက် တစ်ချက် လက်လှုပ်ရုံလောက်သာ မြင်ရသည်။ ထိုသို့ လက်





လှုပ်ခြင်းမှာလည်း ပြောသည့်အကြောင်းအရာနှင့် ဆက်စပ်မှု ရှိလှသည် မဟုတ်။ အကြောင်းမဲ့ လှုပ်နည်းမျိုးစုံနှင့် လှုပ်သွား ခြင်းသာဖြစ်သည်။

ထို့ကြောင့် ပြောဆိုနေပုံမှာ စိတ်ပါလက်ပါ မရှိသလို ငြီးငွေ့စရာဖြစ်လာသည်။

ကိုယ်အမူအရာ၊ လက်အမူအရာ၊ မျက်နှာအမူအရာနှင့် ပြောခြင်းသည် ပြောဆိုသူကိုယ်တိုင်က စိတ်ရောကိုယ်ပါ ဖြစ်နေ ခြင်းကိုလည်း ဖော်ပြ၏။ ထို့ကြောင့် နားထောင်သူကိုလည်း စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်မှုရှိသည်။

### လွန်ကဲနေသော ဟန်အမူအရာများ

ကျဘမ်းစကားပြောပွဲ၊ စကားရည်လုပွဲများတွင် အကဲဖြတ်ဒိုင်လူကြီးများသည် ဟန်အမူအရာအတွက်လည်း အမှတ်ပေးကြ၏။ ထိုအချက်ကို သိထားကြသော စကားပြော သူများသည် လက်ဟန်ခြေဟန်များကို ရှုပ်ယှက်ခတ်အောင် လုပ်ပြနေကြ၏။ အချို့သော ဒိုင်လူကြီးများမှာလည်း ကိုယ်တိုင် က ဟောပြောခြင်းကို ကောင်းစွာနားလည်သူမဟုတ်၍ လက် ဟန်ခြေဟန်များ ရှုပ်ယှက်ခတ်အောင် လုပ်ပြလျှင် အမှတ်များ များ ပေးလိုက်ကြသည်။ ထိုကဲ့သို့ မျက်စိနောက်အောင် လုပ်



www.burmeseclassic.com

www.burmeseclassic.com



သွားသူများပင် ဆုရသွားကြသည်ကိုလည်း တွေ့ဖူးပါသည်။ အမှန်ဆိုလျှင် မလိုအပ်သော ရှုပ်ယှက်ခတ်အမူအရာများကြောင့် အမှတ်လျှော့ခံရဦးမည်ပင် ဖြစ်သည်။

ကျွပန်းစကားပြောပွဲတစ်ခုတွင် လူငယ်တစ်ယောက်သည် မိုက်ကရိုဖုန်းကို ဖြုတ်ယူပြီး စင်ပေါ်မှာ လမ်းလျှောက်ရင်း ပြောနေသည်။ မိုက်ကရိုဖုန်းကို ထိုကဲ့သို့ဖြုတ်ယူခြင်း မပြုရပါ။ လမ်းလျှောက်ရင်း ပြောခြင်းလည်း မပြုရပါ။

အင်္ကျီလက်များကို ပင့်တင်လိုက်၊ ပုဆိုးကို မ,လိုက်၊ ဖိနပ်ကိုချွတ်ယူပြီး ''ဖိနပ်နဲ့ ပါးရိုက်ပစ်ချင်တယ်''ဆိုပြီး ရိုက်ပြလိုက် လုပ်နေပါသည်။ သူကြိမ်းမောင်းနေသည်မှာ သူ့ကို သရော်လှောင်ပြောင်ခဲ့ဖူးသော သရုပ်ပျက် လမ်းသူရဲလူငယ်များ ဖြစ်သည်။ သို့သော် ဖိနပ်တရွယ်ရွယ် လုပ်နေသည်မှာ အကဲဖြတ်ဒိုင်လူကြီးများ၏ အထက်မှာဖြစ်နေသည်။ ဖိနပ်ပြနေသည်မှာ ပရိသတ်ကိုဖြစ်သည်။ အပြစ်သင့်သော အမူအရာများဖြစ်၍ အမှတ်မရရုံမက အမှတ်ပင်လျှော့ရမည်ဖြစ်ပါသည်။

ရှေးယခင် လွတ်လပ်ရေးရပြီးစ အမတ်လောင်းတစ်ဦးက မဲဆွယ်တရားဟောရာမှာ –

''ကျွန်တော်တို့မှာ လက်နက်မရှိဘဲ ဘာနဲ့သွားချမလဲ ဒါနဲ့ ချမလား ...''





ခါးကို ကော့ပြသည်။ အလွန်မိုက်ရိုင်းသော အမူအရာဖြစ်၏။ မိမိကို လာရောက်နားထောင် အားပေးသော ပရိသတ်ကို စော်ကားခြင်းဖြစ်သည်။

သူ့လူများကတော့ လက်ခုပ်တီး၍ သြဘာပေးကြသည်။

နောက်မှ ဘေးမှဖြန့်ထားသော လက်နှစ်ဖက်ကို ရှေ့သို့ထုတ်ပြပြီး

''လက်နဲ့ချမလား လို့ ပြောတာပါ ...''ဟု လမ်းကြောင်းပြောင်းလိုက်သည်။

ပရိသတ်ကို စော်ကားမော်ကား ဖြစ်စေသည့် ဟန်ပန်အမူအရာများကို မပြုသင့်ပါ။

### အကျင့်ပါနေသော ဟန်အမူအရာများ

အချို့သော ဟောပြောသူများသည် စင်ပေါ်ရောက်၍ ဟောပြောခြင်း အရှိန်ရလာသည်နှင့်အမျှ အကျင့်ပါနေသော ဟန်အမူအရာများကို ထပ်ခါထပ်ခါ ပြုလုပ်လေ့ရှိပါသည်။

သင်တန်းနည်းပြဆရာ တစ်ဦးသည် သင်တန်းဘာသာရပ်ကို ဟောပြောပို့ချရာ၌ စိတ်ပါလက်ပါ ဖြစ်လာသည်နှင့် တစ်စုံတစ်ရာကို နဖူးထဲမှ ဆွဲထုတ်ပြသော ဟန်အမူအရာ ထပ်ခါထပ်ခါ ပြုလုပ်နေသည်ကို တွေ့မြင်ရပါသည်။ ကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသားများမှာ သူ ဘာပြောသည်ကို စိတ်မဝင်စားတော့ဘဲ နဖူးမှ ပုံမှန်ဆွဲထုတ်နေသည်ကို ကြည့်၍ ပြုံးနေကြသည်။ အချို့ကလည်း ဆွဲထုတ်နေသော အကြိမ်ပေါင်းကို တာလီချိုး၍ ရေတွက်နေကြသည်။

တစ်ဦးကတော့ ဟောပြောပို့ချရာတွင် စိတ်ဝင်စားစွာ အရှိန်ရလာသည်နှင့်အမျှ လက်နှစ်ဖက်ကို အပေါ်မြှောက်၍ ချိုမိုင်မိုင် ကသကဲ့သို့ လုပ်ပြနေသည်ကို တွေ့ရပါသည်။ ထို ဆရာကို သင်တန်းသားများက ''ချိုမိုင်မိုင်''ဟု နာမည်ပေးထား ကြသည်။

တွေ့ဖူးသော သင်တန်းဆရာ တစ်ဦးမှာ ဟောပြောပို့ချ အလွန်ကောင်းပါသည်၊ စိတ်ပါလက်ပါလည်း ပြောဟောပါသည်။ သင်တန်းသားများသည် သူ၏ပို့ချမှုကို အလွန်စိတ်ဝင်စားကြသည်။ သို့သော် ဆရာခမျာ စိတ်ပါလာသည်နှင့်အမျှ လက်ဝါး စောင်း နှစ်ခုဖြင့် စကားပြောစင်ပေါ်မှာ တောက်တောက် စင်းပါ တော့သည်။ ခေါက်ဆွဲကြော် တရုတ်ဓားနှစ်လက်ဖြင့် ခုတ်သလို ခုတ်နေခြင်းဖြစ်သည်။ တစ်နေရာတည်း ခုတ်နေခြင်းမဟုတ်။ စကားပြောစင်၏ ဘယ်ဘက်မှ ညာဘက်ဆီသို့ ခုတ်စင်းသွားရာမှ ညာဘက် အဆုံးသို့ ရောက်လျှင် ဘယ်ဘက်သို့ ပြန်၍ ခုတ်လာပြန်သည်။





သင်တန်းသားများက ဆရာ့ကိုကြည့်၍ သနားနေကြသည်။ ''ဆရာ့ခမျာ ပြောရတာလည်း . . . မောလို့ . . . တောက်တောက်စင်းရတာလည်း မောလို့ . . .''ဟု ပြောစမှတ်ပြုကြသည်။

လက်နှစ်ဖက်နှင့် ရင်ခွင်ထဲမှာ ဖူးပွင့်ထွက်လာပုံမျိုး အမြဲပြုနေသူ၊ စကားပြောစင်ပေါ်မှာ လက်တစ်ဖက်ဖြင့် အမြဲတမ်းလှည်းကျင်း သန့်ရှင်းနေသူ စသည်ဖြင့် အမျိုးမျိုးတွေ့ရပါသည်။

စကားပြောခြင်းအတွက် အထောက်အပံ့ပြုသော အမူအရာ မဟုတ်ဘဲ အကျင့်ပါ၍ ပြုမူနေသည့် ထပ်ကြိုးတလဲလဲ အမူအရာများမှာ မသင့်လျော်ပါ။ သတိထား၍ ရှောင်ရှားသင့်သည်။ မိမိဘာသာသိသည်နှင့်အမျှ သတိထား၍ ဆင်ခြင်လျှင် ပြုပြင်နိုင်သော အမူအကျင့်များ ဖြစ်ပါသည်။

## ယောင်ယောင်မှားမှား အမူအရာများ

စင်ပေါ်တက် စကားပြောစလူများ ပြုမူတတ်သည့် အမူအရာများဖြစ်၏။ စင်ပေါ်ရောက်ပြီးမှ စကားပြောရမည်ကို ရှက်ကြောက်၍ ပြုမိပြုရာပြုနေကြသော အမူအရာများ ဖြစ်သည်။ တင်ပါးနှစ်ဖက်ကို ပွတ်သည်။ ရင်ဘတ်ကို ပွတ်သည်။ ခေါင်းကို ပွတ်သည်။ နှာခေါင်းကို ပွတ်သည်။ စကားပြောခုံကို ပွတ်သပ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ လက်က တစ်ချိန်လုံး အငြိမ်မနေနိုင်ဘဲ လှုပ်ရှားနေသည်။ စိတ်ဂနာမငြိမ်ခြင်းကို ဖော်ပြနေသော လှုပ်ရှားမှုများဖြစ်၍ ပရိသတ်အမြင်မှာ အထင်သေးစရာ ဖြစ်ပါသည်။ သတိထားပြီး ထိန်းချုပ်လျှင် ရပါသည်။ လက်နှစ်ဖက်ကို စကားပြောစင်မှာ တင်ထားပါ။ သို့မဟုတ် စကားပြောစင်၏ ဘေးနှစ်ဖက်မှာ ကိုင်ထားပါ။ လိုအပ်သည့် အမူအရာ လုပ်စရာရှိမှ လှုပ်ရှားပါ။ ပြီးလျှင် မူလနေရာမှာ ငြိမ်သက်စွာပြန်ထားပါ။ လက်ဟန် အမူအရာကို လိုအပ်ချက်နှင့်အညီ လုပ်ဆောင်ခြင်းဖြစ်ရန် ကြိုးစားပါ။ မလိုအပ်ဘဲ လှုပ်ရှားမိခြင်းမရှိအောင် သတိထားပါ။

## ကောင်းသောဟန်အမူအရာများ

စကားပြော ကောင်းသူတို့သည် ဟောပြောခြင်းတွင် စိတ်ပါဝင်စားလာသည်နှင့်အမျှ သွက်လက်တက်ကြွသော ဟန်အမူအရာများလည်း ပါလာလေသည်။ စကားပြော ကောင်းသူတို့သည် ပြောဆိုခြင်းနှင့် အံဝင်ခွင်ကျဖြစ်သော အမူအရာများကိုလည်း လုပ်နိုင်ကြပါသည်။ ဟောပြောခြင်းကို ဟန်အမူအရာသည် ကြီးမားစွာ အထောက်အကူ ပြုပါသည်။ မည်မျှပင် အဟောအပြောကောင်းသော်လည်း ဟန်အမူအရာမပါလျှင် ဆွဲဆောင်နိုင်မှုအားများစွာ လျော့နည်းပါ၏။ ဟောပြောသူတိုင်းသည်





ပြောသည့်အကြောင်းအချက်နှင့် လိုက်ဖက်သော ဟန်အမူအရာ လှုပ်ရှားမှုများလုပ်နိုင်အောင် ကြိုးစားသင့်ကြသည်။

တက်ကြွသည့် အကြောင်းပြောလျှင် ဟန်အမူအရာကပါ တက်ကြွနေရမည်။ လေးစားစရာပြောလျှင် ဟန်အမူအရာကပါ လေးစားနေရမည်။

"မိန်းကလေးက သူ့လက်ထဲမှာရှိတဲ့ ဖန်ခွက်ကို ပေါက်ခွဲပစ်လိုက်တယ် ..."

စိတ်ပါ လက်ပါ အမူအရာလုပ်ပြလျှင် ဟောပြောခြင်းကို အသက်ဝင်စေပါသည်။

မလိုအပ်ဘဲ ပိုနေသည့် အမူအရာမဟုတ်လျှင် လိုအပ်သမျှ စိတ်ပါလက်ပါ လှုပ်ရှားပြသင့်သည်။

အမူအရာ ဆိုရာတွင်လည်း လက်ချည်းသာမဟုတ်။ ကိုယ်ကို ကိုင်းညွတ်ပြနိုင်သည်။ ဘယ်ညာယိမ်း၍ ပြနိုင်သည်။ ခါးဆန့်၍ ပြနိုင်သည်။

ပခုံးကို တွန့်ပြနိုင်သည်။ ခေါင်းကို ခါယမ်းပြနိုင်သည်။ မော့ပြနိုင်သည်။ ညိတ်ပြနိုင်သည်။

မျက်ခုံးတွန့်၍ ပြနိုင်သည်။ သို့သော် မျက်စပစ်ခြင်း၊ မျက်စ မျက်နှူးခြင်း၊ မျက်လုံးကစားသင့်သည့် မူရာမာယာများခြင်းမှာ မသင့်လျော်ပါ။ အတင်းပြောသကဲ့သို့ မျက်နှာကို မဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



ရှဲ့ကာ ပြောခြင်းမှာလည်း မသင့်လျော်ပါ။ တည်ကြည်သော ဥပမိရုပ်ကို ပျက်စေသည်။ နားထောင်သူများ အထင်သေး အမြင်သေး ဖြစ်စေတတ်သည်။

### အဓိကနှင့် အထောက်အပံ့

ဟောပြောရာတွင် ပြောဟောသည့် အကြောင်းအချက်မှာ အဓိကဖြစ်သည်။ ဟန်ပန်အမူအရာသည် ဟောပြောခြင်း အဓိကအကြောင်းအချက်ကို ပို၍အောင်မြင်ထိရောက်စေရန် အထောက်အပံ့ပြုခြင်း ဖြစ်သည်။ အထောက်အပံ့ ကောင်းလျှင် ကောင်းသလောက် အဓိကကို အကျိုးရောက်စေသည်။ သို့သော် အထောက်အပံ့သည် အဓိကကို ကျော်လွန်မသွားအောင် သတိထားရန်လိုသည်။ အချို့မှာ ခြေဟန်လက်ဟန် ကိုယ်ဟန်အမူအရာ မျက်နှာခံ၊ မျက်နှာဟန်၊ မျက်ခုံး မျက်လုံး၊ မျက်စ မျက်န များလွန်းနေသည်။ ပြောသည့်အကြောင်းအရာကို ဟန်ပန်က ဖုံးလွှမ်းသွားသည်။ ထိုဟန်ပန်များတွင် စိတ်ဝင်စားနေသည်နှင့် ဘာတွေပြောသွားမှန်းမသိ ဖြစ်ရသည်။ အဓိကအချက် ပျက်ယွင်းသွားစေခြင်းဖြစ်၏။

လိုအပ်ရုံမျှ အံဝင်ခွင်ကျဖြစ်နေသော ဟန်ပန်များသည် အကြောင်းအရာကို ကောင်းစွာအထောက်အကူပြုသည်နှင့်အမျှ ကြည့်၍ကောင်းသော ဟန်အမူအရာများလည်း ဖြစ်နေကြပါ၏။



## ဟောပြောခြင်းနှင့်လေယူလေသိမ်း

ဟောပြောရာတွင် ပြောသည့်အကြောင်းအရာနှင့် လိုက်လျောညီထွေအောင် လေသံကို အနိမ့်အမြင့်၊ အတိုးအကျယ် ပြောရသည်။ လေသံ အတိုးအကျယ် အနိမ့်အမြင့်မရှိ တသမတ်တည်းဖြစ်လျှင် မကြာမီ ငြီးငွေ့စရာဖြစ်လာသည်။ စကားပြောခြင်းကို ဟန်ပန်အမူအရာသည် အထောက်အကူပြုသကဲ့သို့ လေသံအနိမ့်အမြင့်ကို မှန်ကန်စွာ ပြောတတ်ခြင်းမှာလည်း ကြီးစွာ အထောက်အကူဖြစ်စေသည်။

### မတိုးမကျယ်သောအသံ

ဟောပြောရာတွင် ပုံမှန်အားဖြင့် မတိုးမကျယ်သော အသံဖြင့် စတင်၍ပြောပါ။ ခန်းမ အနေအထားနှင့် ပရိသတ် အနေအထားကို ကြည့်ပါ။ ကိုယ်ပြောသောအသံသည် နောက်ဆုံးလူအထိ ကြားရသောအသံဖြစ်ပါစေ။ ယခုအခါတွင် အသံချဲ့



www.burmeseclassic.com

www.burmeseclassic.com



စက်ကိုသုံး၍ အသံသေတ္တာ (Sound Box)များ ထားပေးခြင်းကြောင့် မိမိ၏ပုံမှန်အသံသည် ပရိသတ်၏ နောက်ဆုံးအထိ ကြားရအောင် စီစဉ်ထားပြီး ဖြစ်ပါလိမ့်မည်။

အသံချဲ့စက် မပါသော ဟောပြောပွဲဆိုလျှင်လည်း ကိုယ့်အသံကို နောက်ဆုံးလူအထိ ကြားရအောင်ပြောပါ။ မကြားရလျှင် ပထမတော့ ကြိုးစားပြီးနားထောင်ပါလိမ့်မည်။ သို့သော် နားထောင်သူသည် ကြာမြင့်စွာ စိတ်ရှည်မည်မဟုတ်ပါ။ မကြားရလျှင် နားမထောင်ဘဲ နေလိမ့်မည်။ ထို့နောက် မကြားမီ စကားပြောလာလိမ့်မည်။ ထိုအခါ ရှေ့မှကြားရသူများကိုပါ အနှောင့်အယှက်ဖြစ်၍ ဟောပြောမှုကို ထိခိုက်စေလိမ့်မည်။

နောက်ဆုံးလူ ကြားရရုံထက် ပို၍အလွန်အမင်း ကျယ်လောင်လျှင်လည်း မသင့်ပါ။ လိုအပ်သည်ထက်ပို၍ ကျယ်သောအသံသည် ပရိသတ်ကို ငြီးငွေ့စေတတ်သည်။ ပြောရသူမှာလည်း ပိုအော်ပြောလေ ပို၍ပင်ပန်းလေ ဖြစ်သည်။ ကြာကြာပြောသောအခါ အာခြောက်၍ လည်ပင်းများ နာလာလိမ့်မည်။

စတင်၍ ပြောချိန်မှာ မိမိပြောသောအသံ နောက်ဆုံးမှ ကြားရဲ့ အံကိုက်ဖြစ်မဖြစ် နားထောင်သူများကိုကြည့်ပြီး ချိန်ဆပါ။ ပုံမှန်ရပြီဆိုလျှင် မြင်သာသိသာပါသည်။ ထိုအသံအတိုင်း ဆက်ပြောပါ။





*စကားလုံးများ ပီသအောင်ပြောပါ*

စကားပြောရာတွင် လူတစ်ယောက်နှင့်တစ်ယောက် အသံချင်းမတူပါ။ အချို့က မွေးရာပါအသံကောင်းကြသည်။ ကြည်လင်၍ သာယာသောအသံရှိသည်။ အချို့က အနည်းငယ်အသံကိုမြှင့်လိုက်ရုံနှင့် စည်ဟိန်းထွက်လာသည်။ စာရေးသူ၏ ဆရာဖြစ်သော ဆရာကြီးဦးဆန်းထွန်း၏အသံမှာ ဟောပြောရန် အလွန်ကောင်းသော အသံဖြစ်သည်။ အသံက ဝါသည်။ သို့သော် ကြည်နေသည်။ စူးခြင်း၊ ပူလောင်ခြင်း မရှိ။ ဆိုစရာရှိ၍ ကောက်ဟစ်လိုက်လျှင် စည်ဟိန်းထွက်လာသည်။ နားထောင်၍ အလွန်ကောင်းသည်။ အသံချည်းသက်သက် ကြားရသည်ပင် နှစ်သက်စရာ ကောင်းလှသည်။ ဟောပြောရန်အတွက် ဘဝကံက ပေးလိုက်သော အထောက်အပံ့ကောင်း ဖြစ်သည်။ စာရေးဆရာ နေဝင်းမြင့်မှာလည်း ထိုကဲ့သို့ပင် ဘဝပေးကံ အသံကောင်းသူ ဖြစ်ပါ၏။ နားထောင်၍ အလွန်ကောင်းပါသည်။

အချို့မှာ အသံကောင်းသော်လည်း စူးသည်။ ကျယ်ကျယ်ပြောလျှင် နားထောင်ရသူမှာ မသက်မသာခံစားရသည်။ ထိုပုဂ္ဂိုလ်များသည် ကျယ်လောင်စွာ အော်မပြောမိအောင် သတိထားသင့်သည်။ အချို့မှာ အသံကပြာသည်။ ခြောက်သည်။ မည်သို့ပင်ဖြစ်စေ ကိုယ့်အသံနှင့်ကိုယ် အကောင်းဆုံးဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၍ ရပါသည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိရန် လိုသည်။ ငါ့အသံက မကောင်းဟု စိတ်အားပျက်စရာမရှိပါ။ စာရေးသူ တွေ့ဖူးသူတစ်ဦးသည် စကားပြောရာတွင် မန်ဒါလီသံ ကဲ့သို့ လေသံတရှဲရှဲဖြင့် ထွက်ပေါ်လာပါ၏။ သို့သော် ထိုပုဂ္ဂိုလ်မှာ လူတော်ဖြစ်သည်။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသည်။ ထိုလေသံနှင့်ပင် စကားပြောဆိုခြင်းကို အောင်မြင်စွာ စွမ်းဆောင်နိုင်သူ ဖြစ်ပါသည်။

အရေးကြီးသည်မှာ အသံကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ပြောသည့်စကားလုံးများ ပီသဖို့ဖြစ်ပါသည်။ စကားလုံးများကို ပရိသတ် သဲကွဲစွာ ကြားရဖို့လိုပါသည်။ သို့သော် အလွန်ကြီးပီသအောင် ကြိုးစား၍ပြောလျှင်လည်း နားထောင်ရသည်မှာ ကသိကအောင့်ဖြစ်စေပါသည်၊ စကားလုံးတို့ကို ကွဲပြားစွာ နားလည်အောင်သာ ပြောရန်ဆိုလိုခြင်းဖြစ်ပါသည်။

*တသမတ်တည်း ကြားနေရသောအသံ*

တစ်သမတ်တည်း ကြားနေရသော သင်္ဘောစက်သံသည် သင်္ဘောစီးသူများကို ငိုက်မြည်းစေ၏။ ရှာဓလေ့တွင် ပုံမှန်ကြားနေရသော ယက်ကန်းခတ်သံသည် ငြီးငွေ့စရာဖြစ်စေ၏။ ပရိသတ်ရှေ့မှာ ဟောပြောရာတွင်လည်း ဟောပြောသူသည်





အသံအနိမ့်အမြင့်မရှိ လေသံကို တသမတ်တည်းပြောနေလျှင် နားထောင်သော ပရိသတ်များ ပျင်းရိငြီးငွေ့သွားမည်ဖြစ်ပါသည်၊

သီချင်းသံသည် လူတို့ကို နှစ်သက်စိတ်ဖြစ်အောင် ဆွဲဆောင်နိုင်သည်မှာ အသံလှိုင်းအနိမ့်အမြင့်၊ အတက်အကျ ရှိသောကြောင့်ဖြစ်သည်။ ပရိသတ်ရှေ့တွင် စကားပြောရာ၌ အကြောင်းအရာကို လိုက်၍ အသံလှိုင်း အနိမ့်အမြင့်၊ အတိုးအကျယ်၊ အတက်အကျရှိရန် လိုသည်။ ပြောဖန်များ၍ လေ့ကျင့်သား ကျသွားလျှင် မိမိက သတိမထားရဘဲနှင့်ပင်· လေသံ အနိမ့်အမြင့် အံဝင်ခွင်ကျရှိနေပါလိမ့်မည်။ ထိုသို့ ဖြစ်သည်အထိလည်း သတိထား၍ လေ့ကျင့်ထားသင့်ပါသည်။

ထက်မြက်တက်ကြွသော စကားများကို ပြောရာတွင် အားနှင့်မာန်နှင့် အသံမြှင့်၍ ပြောသင့်သည်။ ဥပမာ ကိုယ့်ရေကိုယ့်မြေ၊ ကိုယ့်နိုင်ငံကို ထိပါးလာရင် ဘယ်လောက်အင်အားကြီးတဲ့ နိုင်ငံဖြစ်ဖြစ် မဟုတ်မခံ မှန်သောသတ္တိနဲ့ ဆတ်ဆတ်ထိမခံ တုံ့ပြန်ရမှာပဲ . . . '' ဆိုသော စကားမျိုးကို ပြောရာတွင် ဒေါနှင့်မောနှင့် အသံမြှင့်တင်၍ပြောရန် လိုပါသည်။

သို့သော် နေရာတိုင်းမှာ ဒေါသတကြီးပြောနေလျှင်လည်း တစ်ယောက်တည်း ရန်ဖြစ်နေသလို နားထောင်၍ မကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



တင်းရမည့်နေရာမှာ တင်းပြီး ပျော့ပျောင်းညင်သာ ရှိသင့်သည့်အခါမှာလည်း အေးဆေးသောလေသံဖြင့် ပြောကြားသင့်ပါသည်။ ဥပမာ –

"သက်ကြီးရွယ်အိုများနဲ့ ကလေးသူငယ်များကို စေတနာမေတ္တာထားပြီး ကြင်ကြင်နာနာ ပြုစုစောင့်ရှောက်ကြဖို့ လိုပါတယ်"

ဟူသော အေးချမ်းသိမ်မွေ့ရမည့် အကြောင်းအရာကို အေးဆေးသာယာသော လေသံအနိမ့်ဖြင့် ပြောဆိုသင့်ပါသည်။

## တမင်လုပ်ကြံ ပြောဆိုသောအသံ

စကားပြောဆိုရာတွင် မိမိ၏ပင်ကိုယ်သံအတိုင်း ပြောဆိုခြင်းသာ အကောင်းဆုံးဖြစ်သည်။ ရေရှည်လည်း အဆင်ပြေစွာ ပြောနိုင်ပါသည်။ သူများအသံနှင့်တူရန် အသံအောင်စေရန် ဟူ၍ တမင်လုပ်ကြံပြောဆိုလျှင် ကြာရှည်မပြောနိုင်ပါ။ နားထောင်၍လည်း မကောင်းပါ။

လေသံ အတက်အကျ အနိမ့်အမြင့် ပြောရမည်ဆိုရာမှာလည်း ကြောက်လျှင် ကြောက်သံ၊ ခြောက်လျှင် ခြောက်သံ၊ ပျော်လျှင် ပျော်သံ၊ လွမ်းလျှင် လွမ်းသံ၊ စိတ်အားတက်သံ၊ စိတ်ဓာတ်ကျသံများကို ခံစားမှုအလိုက် သဘာဝကျစွာ ထွက်ပေါ်လာသောအသံ အနိမ့်အမြင့်ကို ဆိုလိုခြင်းသာဖြစ်ပါသည်။





သဘာဝမကျစွာ တမင်လုပ်ကြံ၍ ပြောဆိုသောလေသံ အနိမ့်အမြင့် အတက်အကျများမှာ နားထောင်သူများအတွက် စိတ်ပျက်စရာ ဖြစ်စေပါသည်။ ကျပန်းစကားပြောပွဲ၊ စကားရည်လုပွဲများတွင် လေယူလေသိမ်း၊ အမှတ်ပေးသည် ဆို၍ တမင်လေသံများနိမ့်လိုက်၊ မြင့်လိုက် ပြောသည်ကို နားထောင်ရဖူးပါသည်။

ဥပမာ – ကျွန်တော်တို့ဟာဆိုရင် (အသံမြင့်လျက်) လူငယ်များကို ပြုစုပျိုးထောင်ရာမှာ (အသံနိမ့်လျက်) အကောင်းဆုံးကို မျှော်မှန်းပြီး (မြင့်လျက်) အဆိုးဆုံးအတွက်လည်း (နိမ့်လျက်)ပြင်ဆင်ထားရမှာဖြစ်ပါတယ်။

ခံစားမှုနှင့် ထပ်တူမဖြစ်၍ သဘာဝမကျသော လုပ်သံဖြင့် မြင့်လိုက်၊ နိမ့်လိုက် ပြောသည်မှာ ပရိသတ်ဆွဲဆောင်မှုလည်း မဖြစ်ပါ။ စိတ်ညစ်စရာသာ ဖြစ်ပါသည်။

## သဘာဝကျသောအသံ

တက်ကြွသံကို ပြောတော့မည်ဆိုလျှင် တက်ကြွမှုကို ကိုယ်တိုင်ခံစားပါ။ ဝမ်းနည်းသည့်အကြောင်းပြောလျှင် မိမိကလည်း ဝမ်းနည်းမှုကို ခံစားရဖို့လိုပါသည်။ ထိုအခါ ပြောဆိုသံသည်လည်း သဘာဝကျစွာ ထွက်ပေါ်လာနိုင်ပါသည်။ လုပ်ကြံ



www.burmeseclassic.com

www.burmeseclassic.com

သံနှင့်တူမည် မဟုတ်ပါ။ ဇာတ်ပွဲမှာ "တို့လူကလေးများဆို သလေး ..."ဟု ညာသံပေးလျှင် လိုက်အော်သူများမှာလည်း "ဝေလေလေး ..."ဟု အသံညီညာအော်နိုင်မှ သဘာဝကျ လိမ့်မည်။

"ရန်သူ ဘယ့်နယ်ဝိုင်းမယ် ..."

"ဒို့နယ် ဝိုင်းမယ် ..."

"ရန်သူ ဘယ့်နယ်ဖမ်းမယ် ..."

"ဒို့နယ် ဖမ်းမယ် ..."

"ညီစေနော် ..."

"အေး ..."

"အေးဆို အဲမလုပ်နဲ့ ...လိုက်ပေ့ ဖမ်းဟာ ..."

အကြောင်းအရာနှင့်ညီစွာ အော်ဟစ်ပြောဆိုနိုင်မှ သဘာဝကျ၍ ပွဲကြည့်သူများကို စိတ်ဝင်စားအောင် ဆွဲဆောင် နိုင်မှုရှိပါသည်။

ဆရာကြီးဦးသုခသည် မျက်စိ မကောင်းသောလည်း ဒါရိုက်တာလုပ်၍ ရုပ်ရှင်ရိုက်ရာတွင် သရုပ်ဆောင်တစ်ယောက်၏ အမူအရာ သဘာဝကျ မကျ သူ့အသံကိုနားထောင်ပြီး သိသည် ဟု ဆိုပါ၏။





ဥပမာ အန္တရာယ်ကြီးစွာ ကျရောက်နေ၍ အမြန်ကယ်မှ လွတ်မည့်အခါ "ကယ်တော်မူပါ ..." ဟု အော်နိုင်းသည်။ တကယ်အန္တရာယ်ကြုံနေရသည့် အော်သံထွက်လာလျှင် သူ့ အမူအရာမှာလည်း သဘာဝကျနေကြောင်း သိနိုင်ပါသည်ဟု ဆရာကြီးက ရှင်းပြသည်။ ခံစားချက်နှင့်ထပ်တူပြု၍ သဘာဝ ကျအောင် ကြိုးစားလျှင် ဟန်အမူအရာရော လေယူလေသိမ်းပါ အကောင်းဆုံးဖြစ်နိုင်ပါသည်။

## မြန်လွန်းခြင်းနှင့်နှေးလွန်းခြင်း

စကားပြောရာတွင် မြန်လွန်းခြင်းနှင့် နှေးလွန်းခြင်းကို လည်း သတိထား၍ ရှောင်ရှားရန်လိုပါသည်။ စကားပြောမြန် လွန်းလျှင် အသံများ ဗလုံးဗထွေးဖြစ်တတ်၍ နားထောင်ရသည်ပါ အမောတကောဖြစ်စေသည်။ အချို့သည် အကျင့်ပါနေသော မြန်ခြင်းဖြစ်၍ ပြင်မရတော့ပါဟုပင် ထင်ကြသည်။ ပြင်၍ရပါ သည်။ စာရေးသူကိုယ်တိုင် ကျောက်ဆည်မြို့တွင် အလယ်တန်း ပြ ဆရာလုပ်စဉ် စာသင်ရာ၌ စကားပြောမြန်လွန်းသောကြောင့် ကျောင်းသားများ နားလည်မည်မဟုတ်ဟု အုပ်ချုပ်ရေးအဖွဲ့မှ သုံးသပ်ခံရသည်။ စာရေးသူကို အစိုးရစစ်ဖြစ်သော သတ္တမတန်း တွင် သင်ကြားနေရာမှ (၅)တန်း၊ (၆)တန်းသို့ လျှော့ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။ သုံးသပ်ချက်ကလည်း မှန်ပါသည်။ စာရေးသူမှာ စကားပြောလောကြီးပြီး မြန်နေသည်။ စကားလုံးအချို့ မပီသအောင်ပင် ဗလုံးဗထွေးဖြစ်စေပါသည်။

သို့သော် ရုက်သည့်စိတ်၊ မခံချင်သည့်စိတ်ဖြင့် ကြိုးစားပြီး ပြုပြင်ပါသည်။ (၁)လအတွင်းမှာပင် ကောင်းစွာပြုပြင်၍ ရပါသည်။ ထို အချိန်မှစ၍ အမြန်ပြောသောအလေ့အထ ပျောက်သွားပြီး ယခုအခါတွင် မနေးလွန်းရန်ပင် သတိထားနေရပါသေးသည်။ ပြုပြင်၍ ရသည်မှာ ကိုယ်တွေ့ဖြစ်ကြောင်း တင်ပြလိုခြင်းဖြစ်ပါ၏။

ဟောပြောရာတွင် လေယူလေသိမ်းမှာလည်း ဟန်ပန် အမူအရာကဲ့သို့ပင် အရေးကြီးပါသည်။ အသံအတိုးအကျယ်၊ အနိမ့်အမြင့်ကို ခံစားချက်နှင့်တကွ သဘာဝကျအောင် လေ့ကျင့် နိုင်ဖို့လိုပါသည်။ ကြည်လင်ပီသသော အသံနှင့် မနေးမမြန် ပြောဆိုတတ်ရန်လည်း လိုအပ်ပါသည်။



## ဟောပြောပွဲ ပြင်ဆင်သူများသတိထားရန်

တရားဓမ္မ ဟောပြောပွဲ၊ ပညာပေးဟောပြောပွဲ၊ စာပေ ဟောပြောပွဲ စသည်ဖြင့် ဟောပြောပွဲများပြုလုပ်သောအခါ ကြိုဆို နေရာချထားရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ အခမ်းအနား ပြင်ဆင်ရေးအဖွဲ့၊ ဘဏ္ဍာငွေ ရှာကြံရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့ စသည်ဖြင့် အဖွဲ့များခွဲ၍ ဆောင်ရွက်ကြရသည်။

ဟောပြောပွဲ ပြုလုပ်သူများသည် မိမိတို့တာဝန်ယူကျင်းပ သော ဟောပြောပွဲကို အကောင်းဆုံး အောင်မြင်စေရန် စေတနာ ထား၍ ဆောင်ရွက်ကြရသည်။

ဟောပြောသူကို ပရိသတ်စိတ်ဝင်စားအောင် ကောင်း ကျိုး ရှိအောင် ဟောပြောနိုင်သူဖြစ်စေချင်သည်။ နားထောင် သော ပရိသတ်ဘက်ကလည်း စည်းကမ်းရှိစွာနှင့် စိတ်ဝင်စား စွာ နားထောင်သူများ ဖြစ်စေချင်သည်။ နှစ်ဦးနှစ်ဖက် ကောင်းမှ လည်း ဟောပြောပွဲကောင်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာအားဖြင့် စာပေဟောပြောပွဲ ကျင်းပရာတွင် ဖိတ်ကြားထားသည့် စာရေးဆရာများ အဟောအပြောမကောင်းလျှင် မြို့ခံပရိသတ်က ဟောပြောပွဲစီစဉ်သူ ဖိတ်ကြားသူများကို အပြစ်ပြောကြသည်။

နားထောင်သော ပရိသတ်က ဟောပြောပွဲကို ကောင်းစွာနားမထောင်တတ်ဘဲ ဆူညံစွာ စကားပြောနေခြင်း၊ စည်းကမ်းမရှိခြင်းကြောင့် ဟောပြောပွဲမကောင်းလျှင်လည်း ဖိတ်ကြားထားသော ဟောပြောသူများ အောင်မြင်စွာ ဟောပြောနိုင်မည်မဟုတ်။

အောင်မြင်သော ဟောပြောပွဲဖြစ်စေရန် အတွက် အခန်းအနား ပြင်ဆင်ရေးအဖွဲ့သည် အရေးကြီးသော အထောက်အကူဖြစ်၏။ အခမ်းအနားပြင်ဆင်ရေး အဖွဲ့၏ လုပ်ငန်းများတွင် သတိထားစရာများစွာ ရှိပါသည်။

### ဟောပြောပွဲနေရာ ရွေးချယ်ခြင်း

ဟောပြောပွဲကို ခန်းမတစ်ခုတွင် ကျင်းပခြင်းသည် ကွင်းပြင်မှာ ကျင်းပသည်ထက်ပို၍ကောင်းသည်။ ဖြစ်နိုင်လျှင် ဟောပြောပွဲကို ခန်းမတစ်ခုခုမှာ ကျင်းပသင့်သည်။ အခြေအနေအရ မဖြစ်နိုင်မှသာ ကွင်းပြင်မှာ ကျင်းပသင့်သည်။





ခန်းမတွင် ကျင်းပလျှင် အမိုးအကာအတွင်းမှာ စနစ်တကျ နေရာချထားနိုင်၍ သဘာဝအရ စည်းကမ်းထိန်းသိမ်းပြီးဖြစ်နေသည်။ ပရိသတ်တည်ငြိမ်မှုရှိသည်။ ဟောပြောသူဘက်မှကြည့်လျှင် ပရိသတ်ကို စုစုစည်းစည်း တွေ့ရသည်။

ခန်းမရွေးရာတွင်လည်း တက်ရောက်နားထောင်မည့်အရေအတွက်နှင့်ခန်းမ အံဝင်ခွင်ကျရှိသင့်သည်။ လူ နှစ်ရာခန့်တက်ရောက်မည့် ဟောပြောပွဲကို လူ ၁,၀၀၀ ဆန့်သောခန်းမမှာ ကျင်းပလျှင် ဟောပြောရာတွင် အားပျက်သည်။ ခန်းမကျယ်လွန်း၍ ပရိသတ်နည်းလွန်းသည်ထက် ခန်းမကျဉ်း၍ လူပြည့်နေသည်က ပို၍ကောင်းသည်။

ဟောပြောစင်နှင့် ပရိသတ်၏ရှေ့ဆုံးတန်း အကြားမှာ ကျယ်ပြန့်သော ကွက်လပ်ကြီးဖြစ်မနေသင့်ပါ။ ဟောပြောသူနှင့် ပရိသတ် အလှမ်းကွာနေလျှင် ပြောရသည်မှာ အားပျက်သည်။ ဟောပြောပွဲ လမိုင်းပျက်သည်။ တစ်ခါတစ်ရံတွင် ထိုကွက်လပ်မှာ ကလေးများပြေးကြ ဆော့ကြဖြစ်နေတတ်၍ ဟောပြောပွဲအတွင်းမှာ ကလေးကစားကွင်း ရောက်နေသကဲ့သို့ ဖြစ်သွားသည်။ ဟောပြောသူအတွက်ရော နားထောင်သူအတွက်ပါ စိတ်အနှောင့်အယှက်ဖြစ်၍ ဟောပြောမှုပျက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အသံချဲ့စက်

ဟောပြောပွဲများတွင် အသံချဲ့စက်သည် အရေးကြီးသော အထောက်အကူပစ္စည်းဖြစ်၏။ အသံချဲ့စက်မကောင်းလျှင် အောင်မြင်သော ဟောပြောပွဲမဖြစ်နိုင်ပါ။ အသံချဲ့စက်ပျက်၍ ဟောပြောသည်ကို မကြားရဘဲ ရပ်နားနေရခြင်း၊ အသံချဲ့စက်က မလိုအပ်သောအသံများ အော်မြည်နေ၍ ဟောပြောသူ ရပ်စောင့်ရခြင်းတို့သည် ဟောပြောမှုကို စိတ်ဝင်စားမှု ပျက်စေသည်။ ဟောပြောသူ၏ ဟောရှိန်ပျက်၍ စိတ်အားထက်သန်မှုကိုလည်း ပျက်စေသည်။

တစ်ခါတစ်ရံတွင် အသံချဲ့စက်၏ အသံသည် ပရိသတ်တစ်ဝက်ခန့်သာ ကြားရ၍ နောက်ပိုင်းမှလူများ မကြားရခြင်းလည်း ကြုံရသည်။ မကြားရသူများထံမှ မကျေနပ်သံများ၊ စကားပြောသံများ ထွက်ပေါ်လာသောအခါ ရှေ့မှကြားရသူများပါ ဟောပြောပွဲတွင် စိတ်ဝင်စားမှုပျက်သွားသည်။ ပြောသူမှာလည်း စိတ်အနှောင့်အယှက် ဖြစ်၍ ပြောအားပျက်သွားသည်။

အသံချဲ့စက်ကို ဆောင်းဘောက်များသုံးလျှင် နောက်ဆုံးအထိ ကြားရအောင် ဆောင်းဘောက်များကို နေရာချထားသင့်သည်။ အော်လံ(ဟွန်း) သုံးလျှင်လည်း အော်လံ(ဟွန်း)ထားပုံမှာ ရှေ့ရော နောက်ရော ကြားရအောင် ဖြစ်သင့်သည်။ ဟောပြောပွဲ





မစတိုင်မီ ကြိုတင်၍စမ်းသပ်ပြီး နားထောင်ကြည့်သင့်သည်။ ဟွန်းထက်စာလျှင် ဆောင်းဘောက်များပြည့်စုံစွာ ချထားပေးနိုင်သည်က ပို၍ ကောင်းပါသည်။

အချို့သော အသံချဲ့စက်ဆရာများသည် ဟောပြောသူ၏ အသံကို စည်ဟိန်းထွက်လာအောင် ပဲ့တင်သံရိုက်ပေးထားတတ်၏။ စေတနာနှင့် ကူညီခြင်းဖြစ်သည်။ သို့သော် ပဲ့တင်သံများလွန်းလျှင်လည်း နားထောင်၍ အဆင်မပြေသည်ကို သတိထားသင့်၏။

အသံချဲ့စက်ဆင်ရာတွင် စင်ပေါ်မှဟောပြောသူ ကိုယ့်အသံကိုယ်ပြန်ကြားနိုင်သည့် ဆောင်းဘောက်စ်တစ်ဆင် ထားခြင်းရှိသင့်သည်။ ထိုသို့မရှိသည့်အခါ စင်ပေါ်မှဟောပြောသူသည် ကိုယ့်အသံကို ပြန်မကြားရ၍ တအားအော်ပြောနေရသောကြောင့် ပြောသူမှာ ပင်ပန်းသည်။ နားထောင်ရသူလည်း မသက်မသာဖြစ်ရသည်။ သတိထားသင့်သောအချက်ဖြစ်၏။

## လျှပ်စစ်မီး

ဟောပြောခန်းမ ဟောပြောစင်ကို မီးဆင်ရာတွင် အချို့က ဟောပြောသူ၏ရှေ့တည့်တည့်မှ အားကောင်းသော ဆလိုက်မီးနှင့် ထိုးပေးထား၏။ ဟောပြောသူကို ပရိသတ်က ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရစေရန် ဖြစ်သည်။ သို့သော် ထိုမီးဝါစူးရှသော အလင်းရောင်ကို ခံနေရသည့် ဟောပြောသူအတွက် မျက်လုံးများပြာနေအောင် ခံရသည်။ ပရိသတ်ကိုလည်း လုံးဝမမြင်ရတော့ပါ။ ဟောပြောသူသည် ပရိသတ်ကို မြင်နေချင်သည်။ သို့မှသာ ပရိသတ်၏ တုံ့ပြန်သော မျက်နှာအမူအရာများကိုကြည့်ပြီး စိတ်အားတက်သည်။ ဟောရှိန်တက်သည်။ ဟောပြောသူကို ရှေ့တည့်တည့်မှ အားကောင်းသော မီးနှင့်ထိုးမထားသင့်ပါ။ ထောင့်တိုင်များနှင့် ခေါင်းပေါ်မှာ မီးချောင်းများရှိလျှင် အဆင်ပြေပါသည်။ စနစ်တကျ မီးဆင်သူများက စကားပြောစင်မှာ လူတစ်ယောက်ရပ်နေစေပြီး အရိပ်မကျဘဲ ကောင်းစွာပေါ်လွင်စေရန် မီးများကို ဆင်ပေးကြသည်။

ဟောပြောသူကို မီးအလင်းပေးရန် လိုသကဲ့သို့ ပရိသတ်ကိုလည်း မြင်ရအောင် မီးအရောင်ရှိစေသင့်သည်။ စင်ပေါ်မှ ဟောပြောသူသည် ပရိသတ်ကို မြင်နေရမှသာ ပရိသတ်၏ တုံ့ပြန်မှုကို ခံစားရသည်။

နယ်မြို့တစ်မြို့မှာ စာပေဟောပြောရာတွင် မီးပျက်နေ၍ ဟောပြောပွဲကော်မတီက ဟောပြောသူ၏ စကားပြောစင်ပေါ်တွင် ဖယောင်းတိုင်သုံးတိုင် ထွန်းပေးပြီး ဟောရဖူးပါသည်။ ဟောပြောသူကို ပရိသတ်က မြင်.မမြင် မသိသော်လည်း ဟော





ပြောသူကတော့ ပရိသတ်ကို လုံးဝမမြင်ရပါ။ ရုပ်ရှင်ရုံကြီးထဲမှာ ဟောပြောခြင်းဖြစ်သည်။ ဟောပြောသူမှာ လိုဏ်ဂူမဲကြီးကို ကြည့်ပြီး ဟောနေရသလိုဖြစ်သည်။ ရယ်စရာပြော၍ ရယ်သံများကြားမှ လူများရှိနေမှန်းသိရသည်။

နောက်ဆုံးလူ အလှည့်တွင် ရယ်စရာလည်းမပါ။ ဟောသည်ကလည်း တစ်နာရီခန့်ကြာသည်။ ဆောင်းကာလဖြစ်၍ ရာသီဥတုကလည်း အေးလာပြီ။ ဟောသူက အားပါးတရဟောသော်လည်း ပြီးသောအခါ ရုံထဲမှထွက်လာသူမှာ ရှေ့ဆုံးတန်းမှ လူဆယ်ယောက်ခန့်သာရှိတော့သည်။ နောက်မှာ တစ်ယောက်မှ မရှိတော့ပါ။ တစ်ရုံလုံးမှောင်နေ၍ တစ်ယောက်ပြီးတစ်ယောက် ပြန်သွားကြပြီဖြစ်ပါသည်။ ဟောပြောသူမှာ ပရိသတ်ကို မမြင်ရ၍ ရုပ်ရှင်ရုံကြီးနှင့်အပြည့် လူများရှိနေသည်ထင်ပြီး ပင်ပန်းကြီးစွာ ဟောနေရခြင်းဖြစ်ပါသည်။ ပရိသတ်ကိုလည်း မြင်ရအောင် မီးရောင်အလင်း ရှိသင့်ပါသည်။

ဟောပြောပွဲများစွာတို့တွင် အခမ်းအနားပြင်ဆင်သူများသည် မီးပျက်လျှင် ဟောပြောပွဲမပျက်စေရန် မီးစက်အဆင်သင့်ထားကြသည်။ သို့သော် မီးစက်က ဟောပြောပွဲစင်မြင့်၏ နောက်မှာ နီးကပ်စွာရှိနေလျှင် မီးစက်သံ မိုက်ကရိုဖုန်းမှာ ဝင်နေတတ်သည်။ ဟောပြောသူ၏အသံကို လွှမ်းမိုးနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးစက်ကို ဟောပြောစင်နှင့် ခပ်လှမ်းလှမ်းမှာ ထားခြင်းဖြင့် အနှောင့်အယှက်ကင်းအောင် သတိထားသင့်၏။

### *စကားပြောစင်*

စကားပြောစင်မှာ ပုံသေဖြစ်၍ ဟောပြောသူများမှာ အရပ် အနိမ့်အမြင့် ကွာခြားမှုရှိသည်။ အချို့ဟောပြောစင်ကြီးများမှာ အလွန်ခန့်ညားကောင်းမွန်သော်လည်း အရပ်ပုသောဟောပြောသူ များအတွက် စိတ်ပျက်စရာအခက်အခဲဖြစ်စေ၏။ သတိရှိသော ဟောပြောပွဲ စီစဉ်သူများသည် အရပ်ပုသူအတွက် အဆင်ပြေ စေရန် ခြေနင်းခုံကို အသင့်ချပေးထား၏။ အရပ်မြင့်သူ အတွက် လည်း ထိုခုံကိုဖယ်၍ အလွယ်တကူပြောနိုင်ပါသည်။

အခမ်းအနားပြင်ဆင်ရေးအဖွဲ့သည် ဟောပြောပွဲခန်းမ၊ ဟောပြောစင်နှင့် စပ်ဆိုင်သမျှ တာဝန်ယူဆောင်ရွက်ကြရသူ များဖြစ်သည်။ ဟောပြောပွဲအဆင်ပြေအောင်မြင်ရေးအတွက် အရေးကြီးသော အဖွဲ့ဖြစ်သည်နှင့်အညီ လိုအပ်သည်တို့ကို သိရှိ သတိထားခြင်းဖြင့် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ပြီး အကောင်း ဆုံးဖြစ်အောင် ဆောင်ရွက်ကြရပါ၏။



BURMESE CLASSIC .com

## အခမ်းအနားမှူး

အခမ်းအနားမှူးဆိုသည်မှာ အခမ်းအနားတစ်ခုတွင် အစီ အစဉ်တကျဖြစ်အောင် တာဝန်ယူဆောင်ရွက်ရသူဖြစ်သည်။ ထို့ ကြောင့် အခမ်းအနားတွင် အခမ်းအနားမှူးသည် အရေးကြီး၏။

အခမ်းအနားမှူးသည် အခမ်းအနားတစ်ခုလုံးကို သိရှိ ကျွမ်းကျင်နေရသည်။ အခမ်းအနားအစီအစဉ်ကိုလည်း သက်ဆိုင် ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းရေးဆွဲရသည်။ အခမ်းအနားတွင် ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း ကြိုတင်ပြင်ဆင်ထားရသည်။

အခမ်းအနားမှူးသည် ပုံမှန်အားဖြင့် အခမ်းအနားအစီ အစဉ် ရေးဆွဲထားသည့်အတိုင်း ဆောင်ရွက်သွားရုံသာဖြစ်သည်။ သို့သော် တစ်ခါတစ်ရံတွင် လိုအပ်သလို အစီအစဉ်များကို ပြောင်းလဲရသည်လည်းရှိသည်။ ထိုအခါမျိုးတွင် အခမ်းအနားမှူး သည် ပြောင်းနိုင်ပြင်နိုင် အဆင်ပြေအောင် ဆောင်ရွက်နိုင်ရသည်။



www.burmeseclassic.com

အခမ်းအနားမှူးသည် သွက်လက်ချက်ချာသူ၊ အကင်း ပါးသူလည်းဖြစ်ရ၏။ စာဖတ်များ၍ စာဖတ်ရာတွင် ချောမောသူ လည်း ဖြစ်ရသည်။ အသံကြည်လင်သန့်ရှင်းရန် လိုသည်။ ပင်ကိုယ်အသံကောင်းလျှင် ပိုကောင်းသည်။ ရုပ်ဆင်းလှလျှင် ကောင်းသည်။ အနည်းဆုံးတော့ သန့်ရှင်းသပ်ရပ်ရှိစေသင့်သည်။

အခမ်းအနားဖွင့်လှစ်ကြောင်းကို အခမ်းအနားမှူးက ကြေ ညာရသည်။ သဘာပတိရှိသော လူထုအစည်းအဝေးကြီးများ၊ အခမ်းအနားကြီးများတွင် အခမ်းအနားမှူးသည် အခမ်းအနား ဖွင့်လှစ်ခွင့်ပြုရန် သဘာပတိကို ခွင့်တောင်းရသည်။ သဘာပတိ ၏ ခွင့်ပြုချက်ရယူပြီးမှ စတင်ဖွင့်လှစ်ကြောင်း ကြေညာရသည်။ အခမ်းအနားပြီးဆုံးကြောင်းကိုလည်း သဘာပတိကြီး၏ ခွင့်ပြု ချက် ရယူပြီးမှ ကြေညာရသည်။

အခမ်းအနားအစီအစဉ်များကို ကြေညာရာတွင် အခမ်း အနားမှူးသည် ကြေညာရမည့် အစီအစဉ်များကို ပြည့်စုံအောင် ရေးထားပြီး ဖတ်ပြသည်က အမှားအယွင်းကင်း၍ ချောမော ကောင်းမွန်ပါသည်။

ပျော်ပွဲရွှင်ပွဲ ကျင်းပသည့် အခမ်းအနားများတွင်ကား အာဝဇ္ဇန်းသွက်သော အခမ်းအနားမှူးများကြောင့် ပို၍ ပွဲပျော် သည်များကို တွေ့ရတတ်ပါသည်။ အခြေအနေအချိန်အခါနှင့်





ကိုက်ညီအောင် ပြောနိုင်သူများဖြစ်သည်။ တခဲနာပွဲတွင်ဉာဏ် ကောင်း၍ ဟာသဉာဏ်လည်းရှိသူများဖြစ်သည်။ လူတိုင်းလုပ်၍ မရပါ။ အဟောအပြောကောင်းသူများပင် အခမ်းအနားမှူးအနေ ဖြင့် ပွဲပျော်အောင် ဟာသဉာဏ်ရွှင်ရန် ခက်ခဲပါသည်။

မြစ်ကြီးနားတွင်နေစဉ်က ပြည်နယ်အားကစားမှူး ဦး.. သည် ပျော်ပွဲရွှင်ပွဲအခမ်းအနားများတွင် အလွန်ထူးချွန်သော အခမ်းအနားမှူးဖြစ်သည်ကို တွေ့ဖူးခဲ့ပါ၏။ အကွက်ကျ အချက် ပိုင်စွာ ပရိသတ်များ တဝါးဝါးသဘောကျအောင် စွမ်းဆောင် နိုင်၏။ ပင်ကိုယ်ဉာဏ်နှင့်ဆိုင်မည် ထင်ပါသည်။

ပင်ကိုယ်က ဟာသဉာဏ် ထက်မြက်ခြင်းမရှိဘဲ သူများ ပြောသည်ကို သဘောကျပြီး ဟာသဖြစ်အောင် ပြောဆိုကြသူ များကိုလည်း တွေ့ဖူးပါသည်။ ရယ်ရခြင်းမရှိဘဲ စိတ်ပျက်စရာ ဖြစ်ရသည်။ ဟာသလုပ်လျှင်ရယ်ရမှ ကောင်းသည်။ ဟာသလုပ် ပြီး မရယ်ရလျှင် ရှက်စရာဖြစ်ရသည်။ မလုပ်ဘဲ နေသည်ကမှ ကောင်းသေးသည်။

သာသနာရေးနှင့် စပ်ဆိုင်သော အစည်းအဝေးများ အခမ်း အနားများတွင် အခမ်းအနားမှူးလုပ်သူသည် သာသနာရေးနှင့် စပ်ဆိုင်သော ရဟန်းသံဃာနှင့် စပ်ဆိုင်သော စကားများကို ကျွမ်းကျင်နားလည်ရန် လိုပါသည်။

www.burmeseclassic.com



သံဃာတော်များနှင့် လူပရိသတ်များပါသော သာသနာရေးဆိုင်ရာ အခမ်းအနားကို ဖွင့်လှစ်ရာတွင်

"နမောတဿ"သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ရသည်။ "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု"သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းရသည်။

ပြောဆိုရာတွင် "နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပါရန် ရှိသေစွာ လျှောက်ထားပန်ကြားအပ်ပါသည်"ဟူ၍ ဖြစ်သည်။

လျှောက်ထားသည်မှာ သံဃာတော်များအတွက်ဖြစ်သည်။ ပန်ကြားသည်မှာ လူပုဂ္ဂိုလ်များအတွက်ဖြစ်သည်။ အဓိပ္ပာယ်လည်းပြည့်စုံသည်။ နားထောင်၍လည်းကောင်းပါသည်။

သဘာပတိ(သို့မဟုတ်) ဩဝါဒပေးမည့် လူကြီးများကို သဘာပတိ မိန့်ခွန်း(သို့မဟုတ်) ဩဝါဒစကားချီးမြှင့်ပေးပါရန် ပြောကြားရာတွင်လည်း "ဩဝါဒစကား ပြောကြားပေးဖို့ စင်မြင့်ပေါ်ကြွပါ ..."ဟု ပြောဆိုလျှင် မသင့်ပါ။

"ဩဝါဒစကား ချီးမြှင့်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည် ခင်ဗျား ..."ဟူ၍ ဖြစ်သည်။

ငယ်ရွယ်သော ကျောင်းစကားပြောမည့်သူကို စင်မြင့်ပေါ်သို့ ဖိတ်ခေါ်ရာတွင်မူကား ...





"ကျေပန်းစကားပြောကြားရန် စင်မြင့်ပေါ်ကို ဖိတ်ခေါ်ပါတယ် ခင်ဗျား ..."ဟူ၍ ပြောလျှင် သင့်တော်ပါသည်။

အခမ်းအနားမှူးသည် အခမ်းအနားအစီအစဉ် ကြေညာရာတွင် အခမ်းအနားနှင့် လျော်ညီစွာ ယဉ်ကျေးသိမ်မွေ့ရန် လိုပါသည်။ သို့သော် မလိုအပ်သော စကားများကို အပိုပြောကြားခြင်း မပြုသင့်ပါသည်။ အခမ်းအနားမှူးကြောင့် အချိန်ပိုကုန်ရခြင်း မဖြစ်စေသင့်ပါသည်။

ရန်ကုန်မြို့၏ ဆင်ခြေဖုံးဖြစ်သော မြို့တစ်မြို့တွင် စာပေဟောပြောပွဲ ကျင်းပရာမှာ အခမ်းအနားမှူးသည် အတော်ပင် အစွမ်းပြချင်သူဖြစ်နေပါသည်။

စာရေးဆရာတစ်ယောက်ကို ဖိတ်ခေါ်တိုင်း ထိုစာရေးဆရာကို ဟာသများပြုလုပ်နေပါသည်။ သူက ရယ်စရာလုပ်သော်လည်း ပရိသတ်ကလုံးဝမရယ်ကြပါ။ ရယ်စရာလည်း မကောင်းပါ။ စိတ်ပျက်စရာသာ ကောင်းနေပါသည်။

စာရေးဆရာများကို ဟာသလုပ်သည်မှာလည်း မလုပ်တတ်၍ စော်ကားသလိုဖြစ်နေပါသည်။ စာရေးဆရာများ စိတ်ကသိကအောင့်နှင့် စင်ပေါ်တက်ကြရသည်။

စာရေးဆရာတစ်ယောက် ဟောပြောပြီးတိုင်း သူက ထိုဟောပြောချက်ကို အကျဉ်းချုပ်ပြီး ပြန်လည်ရှင်းလင်းပြောကြားနေသည်မှာ (၁၅)မိနစ်ခန့် ကြာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များ သည်းခံ၍ စောင့်ဆိုင်းနေကြရသည်။ စာရေးဆရာများလည်း စိတ်မရှည်နိုင် ဖြစ်ကြရသည်။

စာရေးဆရာ(၅)ယောက် ဟောပြောပါသည်။ သုံးယောက်က (၄၅)မိနစ်ခန့်သာ ပြောသည်။ အများဆုံးပြောသူက တစ်နာရီဖြစ်ပါသည်။ အခမ်းအနားမှူးက တစ်နာရီနှင့် ၁၅ မိနစ် ဟောပြောသွားပါသည်။ ဟောပြောပွဲတွင် တစ်ခုလုံး အခမ်းအနားမှူးကြောင့် လေးလံထိုင်းမှိုင်းသွားသည်။ စိတ်ပျက်စရာ ဖြစ်ပေသည်။

အခမ်းအနားမှူးသည် ဟောပြောသူမဟုတ်ပါ။ အခမ်းအနားကို စနစ်တကျဖြစ်အောင် စီစဉ်ပေးသူသာဖြစ်သည်။ အခမ်းအနား အစီအစဉ်များကို ဖတ်ကြားပေးရသူသာ ဖြစ်သည်။ သို့သော် အခမ်းအနားတစ်ခုတွင် အခမ်းအနားမှူးသည် အရေးကြီးသူဖြစ်သည်။

အခမ်းအနားမှူးကောင်းမှ အခမ်းအနားသည် အစီအစဉ်တကျရှိသည်။ အောင်မြင်သော အခမ်းအနားဖြစ်သော်လည်း အခမ်းအနားမှူးက စနစ်တကျထိန်းသိမ်းဆောင်ရွက်ရပါသည်။



## သဘာပတိနှင့်သဘာပတိမိန့်ခွန်း

သဘာပတိ ဆိုသည်မှာ ပါဠိဘာသာအားဖြင့် သဘာနှင့် ပတိ ဝေါဟာရနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်သည်။

သဘာ ဆိုသည်မှာ လူစုလူဝေး၊ လူထုပရိသတ်ဖြစ်သည်။ ပတိ ဆိုသည်မှာ အကြီးအမှူး၊ အကြီးအကဲဖြစ်သည်။ သဘာပတိဆိုသည်မှာ လူစုလူဝေး၏ အကြီးအကဲ လူထုပရိသတ်၏ အကြီးအမှူးဖြစ်သည်။

လူများစွာပါဝင်သော လူထုအစည်းအဝေးကြီးများ အခမ်းအနားများတွင် လူစုလူဝေးကို စနစ်တကျထိန်းချုပ်နိုင်မှု ရှိစေရန်အတွက် အကြီးအကဲတစ်ဦးကို ရွေးချယ်ထားရှိရ၏။ ထိုပုဂ္ဂိုလ်သည် သဘာပတိဖြစ်သည်။

သဘာပတိသည် အစည်းအဝေးတက်ရောက်သူများအားလုံးတွင် အများကလေးစားရသော အကြီးအကဲဖြစ်သူ၊ အစဉ်အလာကြီးသူကို ရွေးချယ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့သော အစည်းအဝေးကြီးများတွင် သဘာပတိ တစ်ယောက်က အများနှင့် ဖွဲ့စည်းထားသည်။ ထိုပုဂ္ဂိုလ်များကို သဘာပတိအဖွဲ့ဟု ခေါ်သည်။ အစည်းအဝေးကို ကြီးမှူးကြမည့် သူများဖြစ်သည်။ ထိုအဖွဲ့ထဲမှာထပ်မံ၍ အကြီးအကဲတစ်ဦး ရွေးချယ်ရသည်။ ထိုပုဂ္ဂိုလ်သည် သဘာပတိအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ သဘာပတိအဖွဲ့၏ အကြီးအကဲဖြစ်ရုံမက အစည်းအဝေးကြီးတစ်ခုလုံး၏ အကြီးအကဲလည်းဖြစ်သည်။

သဘာပတိသည် ပရိသတ်ရှေ့မှ စင်မြင့်ပေါ်မှာ ပရိသတ်ဘက်ကို မျက်နှာလှည့်၍ ထိုင်ရသည်။ သဘာပတိသည် ပရိသတ်အားလုံးကို ကောင်းစွာမြင်နိုင်သော နေရာမှာရှိသည်။ အပြန်အလှန် အားဖြင့်ဆိုလျှင် ပရိသတ်အားလုံး၏ မြင်ကွင်းမှာ သဘာပတိသည် ရှိနေသည်။

ထို့ကြောင့် အခမ်းအနားကာလတစ်လျှောက်လုံး သဘာပတိသည် တည်ငြိမ်စွာ နေနိုင်သူဖြစ်ရသည်။ ဆီး ဝမ်း ထိန်းနိုင်သူ ဖြစ်ရသည်။ ဆီး မကြာခဏသွားတတ်သူ၊ သဘာပတိလုပ်ရန်မသင့်တော်ပါ။ မကြာခဏ ချောင်းဆိုးတတ်၊ နှာချေတတ်သူများမှာလည်း မသင့်တော်ပါ။

သဘာပတိသည် ထိုင်းမှိုင်းလေးလံ၍ ငိုက်မြည်းတတ်သူလည်း မဖြစ်သင့်ပါ။ ပရိသတ်ရှေ့မှ စင်မြင့်ပေါ်မှာ သဘာပတိ အိပ်ငိုက်နေလျှင် အလွန်အရုပ်ဆိုးမည်ဖြစ်ပါသည်။





သဘာပတိသည် ခြေလက်ငြိမ်ရသူလည်း ဖြစ်သည်။ အချို့အခမ်းအနားများတွင် သဘာပတိ၏ စားပွဲပေါ်မှာ ရေပုလင်း ရေဖန်ခွက်၊ နေကြာစေ့လှော်ပန်းကန် ထားသည်ကို တွေ့ဖူးသည်။ စားသောသဘာပတိကိုလည်း မြင်ဖူးသည်။ ထားလည်း မထားသင့်ပါ။ စားလည်း မစားသင့်ပါ။ ရေလည်း မသောက်သင့်ပါ။ တည်ငြိမ်ဣန္ဒြေရစွာ ထိုင်နေသင့်သည်။

အဆိုးဆုံးမှာ သဘာပတိကြီး ဒူးနှံ့ခြင်းဖြစ်ပါသည်။ သဘာပတိက သတိမထားမိ၊ ကိုယ့်ဘာသာ ဒူးနှံ့နေသည်။ စားပွဲအောက်မှ နှံ့နေသောဒူးကို ပရိသတ်များ မြင်နေရသည်။ အလွန်ကြည့်၍ ဆိုးပါသည်။ ယခုအခါမှာတော့ အရေးကြီးသော အခမ်းအနားကြီးများတွင် စားပွဲများကို စကတ်ဝတ်ပေးထား၍ သဘာပတိဒူးနှံ့လျှင် ရှေ့မှမြင်ရမည် မဟုတ်ပါ။ သို့သော် မည်သို့ပင်ဖြစ်စေ ရင့်ကျက်တည်ငြိမ်စွာ နေရမည်ဖြစ်သော သဘာပတိသည် ဒူးမနှံ့သင့်ပါ။

တပေဟောပြောပွဲကဲ့သို့ သုံးလေးယောက်ဟောပြောမည့် ဟောပြောပွဲများတွင် စင်မြင့်ပေါ်မှာ သဘာပတိမထားသင့်ပါ။ သုံးလေးနာရီကြာ ပရိသတ်ရှေ့မှာ တည်ငြိမ်စွာ ထိုင်နေရလျှင် သဘာပတိခမျာ ဒုက္ခကြီးစွာ ဖြစ်ရှာလိမ့်မည်။

အခမ်းအနားတွင် စင်ပေါ်တက်၍ စကားပြောသူများသည် စင်ပေါ်ရှိ သဘာပတိကို တိုင်တည်၍ ပြောဆိုတတ်ကြသည်



www.burmeseclassic.com

www.burmeseclassic.com



"သဘာပတိကြီးခင်ဗျား" ဟု မကြာခဏခေါ်၍ ပြောဆိုတတ်ကြသည်မှာ ထုံးစံဖြစ်နေပါသည်။ ထိုသို့ခေါ်သည်ကို မည်သည့်သဘာပတိမျှ ထူးသည်ကိုမကြားဖူးပါ။

အချို့က ခေါ်တိုင်းထူးနေသော သဘာပတိရှိလေဟန် ရယ် စရာပြောကြသည်။ တကယ်ရှိလျှင် တကယ်ရယ်ရမည် ဖြစ်သည်။ အချို့ကတော့ "ခဏ ခဏ ခေါ်မနေနဲ့ကွာ . . . ကိုယ် ပြောချင်တာ ပြောပေါ့"ဟု သဘာပတိက ပြန်ပြောကြောင်း ဟာသပြုလုပ်ကြသည်ကိုလည်း ကြားရဖူးပါသည်။ ရယ်စရာ သဘာပတိပုံပြင်များဖြစ်ပါ၏။

သဘာပတိမိန့်ခွန်းမှာ နှစ်မျိုးရှိပါ၏။ အဖွင့်မိန့်ခွန်းနှင့် အပိတ်မိန့်ခွန်းဖြစ်သည်။

သဘာပတိမိန့်ခွန်းသည် မရှည်လွန်း၊ မတိုလွန်းဖြစ်ရသည်။ အဖွင့်မိန့်ခွန်းဖြစ်လျှင် ရှေးဦးစွာ နှုတ်ခွန်းဆက်စကား၊ ပရိသတ်အားလုံးတို့ကို ဆုတောင်းမေတ္တာပို့စကား ပြောကြားရသည်။ ပြီးမှ ကျင်းပသောအစည်းအဝေး သို့မဟုတ် အခမ်းအနားနှင့်စပ်လျဉ်း၍ သိသင့်သည်များကို ကြိုတင်အသိပေး ရှင်းလင်းပြောကြားခြင်း၊ အရေးကြီးသည့် ညှိနှိုင်းစည်းဝေးတင်ပြရမည့် အကြောင်းအရာများကို သတိပေးခြင်း၊ လိုအပ်သည်တို့ကို လမ်းညွှန်ခြင်း၊ မှာကြားခြင်း ပြုရသည်။





သဘာပတိ မိန့်ခွန်းသည် တည်ကြည်လေးနက်ရသည်။ စကား၊ ဝေါဟာရ အသုံးအနှုန်းမှစ၍ ကလက်တက်တက် မဖြစ်စေရ၊ တည်ကြည်ခန့်ညားရှိရမည်။

ရွေးချယ် တင်မြှောက်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း စသည့် အတည်ပြုရမည့်ကိစ္စများ ပါရှိလျှင် သဘာပတိက လူထုဆန္ဒ ယူပြီး အတည်ပြုပေးရသည်။

သဘာပတိသည် နိဂုံးချုပ်မိန့်ခွန်းလည်း ပြောကြားပေးရသည်။ နိဂုံးချုပ်မိန့်ခွန်းသည် အဖွင့်မိန့်ခွန်းလောက် ရှည်လေ့မရှိပါ။ ကျင်းပပြီးတော့ မည်ဖြစ်သော အစည်းအဝေး သို့မဟုတ် အခမ်းအနားတွင် ဆောင်ရွက်နိုင်ခဲ့သည်များ၊ ဆုံးဖြတ်ချက် ချမှတ်၍ အတည်ပြုနိုင်ခဲ့သည် များကို အကျဉ်းချုပ် ဖော်ပြပြီး ထိုဆုံးဖြတ် အတည်ပြုထားသည်များနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်နိုင်ကြစေရန် မှာကြားပြောဆိုရသည်။ ချွတ်ယွင်းမှု မရှိစေရန် သတိပေးရသည်။ ကျေးဇူးတင်စကား ပြောကြားရန်ရှိလျှင်လည်း သဘာပတိ၏ နိဂုံးချုပ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားနိုင်ပါသည်။

သဘာပတိ၏ နိဂုံးချုပ် မိန့်ခွန်းပြီးလျှင် အခမ်းအနားပြီးဆုံးပြီဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခမ်းအနားမှူးက သဘာပတိထံလာ၍ အခမ်းအနားကို ပြီးဆုံးခွင့်ပြုပါရန် ခွင့်တောင်းရသည်။ သဘာပတိက ခွင့်တောင်းလာသော အခမ်းအနားမှူးကို ခေါင်းညိတ်ပြခြင်းဖြင့် သဘောတူကြောင်း ခွင့်ပြုချက်ပေးပါသည်။

ထိုအခါတွင်မှ အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ အခမ်းအနားပြီးဆုံးကြောင်း ကြေညာရသည်။

လူထုအစည်းအဝေးကြီးများတွင် သဘာပတိအဖွဲ့ ဦးစွာပြန်လည်ထွက်ခွာ၍ လူများက အားလုံးမတ်တတ်ရပ်ပေးရပါသည်။

သဘာပတိများ ထွက်သွားပြီးမှ အခမ်းအနားပြီးဆုံးပါသည်။



## မစပြောခင် ကောင်းစွာပြင်ဆင်ပါ

အရည်အချင်းရှိသူတို့သည် မည်သည့်အလုပ်ကို လုပ်လုပ် အကောင်းဆုံးဖြစ်အောင် ကြိုးစား၏။ မလုပ်မီ ကောင်းစွာပြင်ဆင်၏။ ပရိသတ်ရှေ့မှာ စကားပြောခြင်းသည် အရေးကြီးသော လုပ်ငန်းဖြစ်၏။ ပရိသတ်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တူညီစွာအလေးထားရမည်။ ပရိသတ်က မည်ကဲ့သို့သော အဆင့်ဖြစ်စေ အလေးအနက်ထားရမည်။

ကျွန်ုပ်တော် မန္တလေးတက္ကသိုလ်တွင် ပညာသင်ကြားစဉ် ပါမောက္ခချုပ် ဦးကျော်ရင်နှင့် ဆုံးခဲ့ရပါသည်။ ပါမောက္ခချုပ် ဦးကျော်ရင်သည် လွန်စွာစကားပြောကောင်းသူဖြစ်ပါသည်။ စကားပြောပုံမှာ စိတ်ပါလက်ပါရှိ၍ အားမာန်ပါသည်။ သွက်လက်ထက်မြက်သည်။ တက်ကြွသည်။ မြန်မာစာဆရာ ဖြစ်ခဲ့၍ စကားဝေါဟာရလည်း ကြွယ်သည်။ အရေးတကြီး မှတ်သား



www.burmeseclassic.com

www.burmeseclassic.com



အတုယူရသည်မှာ ဆရာစကားပြောတိုင်း အကောင်းဆုံးပြင်ဆင်ပြောခြင်းနှင့် အကောင်းဆုံးကြိုးစားခြင်းဖြစ်သည်။

လူအများကို ဆရာစကားပြောတိုင်း ကျွန်တော်မလွတ်အောင် လိုက်နားထောင်သည်။ သူငယ်ချင်းချစ်လှမှာ တက္ကသိုလ်စာရေးဖြစ်၍ ဆရာ ဘယ်အချိန်၊ ဘယ်မှာ စကားပြောမည်ကို အမြဲ သတင်းပေးသည်။

တစ်ကြိမ်တွင် ဘဝင်း ၉-ခန်းမမှာ သန့်ရှင်းရေးအလုပ်သမားများကို စကားပြောခြင်းဖြစ်သည်။ လူနှစ်ဆယ်ကျော် ခန့်သာ ရှိပါသည်။ အလွန်ကောင်းသော မိန့်ခွန်းဖြစ်ပါသည်။

သန့်ရှင်းရေးအလုပ်သမားများနှင့် သက်ဆိုင်သောလုပ်ငန်းတာဝန်များ၊ ပျက်ကွက်ချို့ယွင်းနေသည်များ အကောင်းဆုံးဖြစ်အောင် မည်သို့ဆောင်ရွက်သင့်ကြောင်း လုပ်ငန်းကဏ္ဍများအလိုက် ခွဲခြားတင်ပြသွားသည်။ သန့်ရှင်းရေးလုပ်ငန်း၏ အရေးကြီးပုံ၊ သန့်ရှင်းရေးလုပ်သားများ၏ အရေးပါပုံကို တစ်နာရီခန့်ပြောသွားသည်။ ဆရာပြောသည့်အချက်များကို နားထောင်ခြင်းဖြင့် ကောင်းစွာပြင်ဆင်လာခဲ့သည်မှာ သိသာသည်။

သန့်ရှင်းရေးလုပ်သားများ အားလုံး စိတ်ဝင်စားကြသည်။ သဘောကျသည်။ သွက်လက်တက်ကြွစွာ ဆောင်ရွက်လိုစိတ်ဖြစ်ကြသည်။ ကျွန်တော်ကိုယ်တိုင်ပင် နားထောင်ရင်း သန့်ရှင်း





ရေးအလုပ်သမားဖြစ်လျှင် အကောင်းဆုံး ဆောင်ရွက်လိုစိတ်ဖြစ်ရသည်။ ဆရာ၏လုပ်ငန်းများ ကောင်းစွာအောင်မြင်ခဲ့ပါသည်။

အချို့သော ပုဂ္ဂိုလ်များမှာ မိမိကိုယ်ကို အောင်မြင်သော စကားပြောကောင်းသူဖြစ်သည်။ စကားပြောခြင်း အတွေ့အကြုံများစွာရှိသည်။ "ဒါလေးများ . . ." ဟု ပေါ့ဆစွာ သဘောထားသည်။ "ဒီပရိသတ်လောက်များ . . ."ဟု မထေမဲ့မြင်ပြုသည်။

"ငါတို့က တစ်ချက်လောက်ရရင် အများကြီးကြုံပြောတတ်ပါတယ် . . ."ဟု မိမိကိုယ်ကို လွှဲများစွာ အထင်ကြီးကြသည်။ ကြိုတင်ပြင်ဆင်မှုမရှိ။ ပရိသတ်ရှေ့မှာ စကားပြောကြသည်။ ပြော၍ရမည် ဖြစ်သော်လည်း အကြောင်းအရာနှင့် ပရိသတ်နှင့် အံဝင်ခွင်ကျကောင်းကျိုးရမှု အားနည်းပါလိမ့်မည်။

မည်သည့်အခါမှာ ပြောရမည်ဖြစ်စေ၊ မည်သည့်ပရိသတ်ကို ပြောရမည်ဖြစ်စေ၊ အကြောင်းအရာနှင့် ပရိသတ်နှင့် ကိုက်ညီအောင် ကြိုတင်ပြင်ဆင်ပါ။ မည်သို့ပြောလျှင် အကောင်းဆုံးဖြစ်မည်ကို တွေးမြင်ဆင်ခြင်ပါ။ လိုအပ်သော အချက်အလက်များကို တိကျမှန်ကန်စွာ ပြည့်စုံအောင်စုဆောင်းပါ။ ကြိုတင်ပြင်ဆင်၍ပြောလျှင် ပို၍ပြောအားရှိသည်။ အချိန်တိုနှင့် အကောင်းဆုံးဖြစ်အောင် ပြောနိုင်သည်။

ပြောရန် တစ်ရက်ကြိုသိလျှင် တစ်ရက်ကြို၍ ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



သင့်သည်။ တစ်နာရီကြိုသိလျှင် တစ်နာရီ ကြို၍ပြင်ဆင်သင့်သည်။

မပြင်မဆင်နှင့် ပရိသတ်ရှေ့မှာ ရောက်တက်ရာရာ မပြောသင့်ပါ။

အကောင်းဆုံး ကြိုတင်ပြင်ဆင်၍ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြောဆိုခြင်းဖြင့် အောင်မြင်အကျိုးရှိသော ပြောဆိုခြင်းမျိုးသည် လေးစားအားကျစရာဖြစ်ပါ၏။



## နှုတ်ဆက်စကား ပြောဆိုပါ

ပရိသတ်ရှေ့မှာ စကားပြောရာတွင် မိမိသည် ပရိသတ်၏ အရေးပေးအလေးထားခံရသူဖြစ်သည်။ ပရိသတ်ရှေ့မှ စင်မြင့်ပေါ်မှာ ရောက်နေသည်။ မိမိပြောသည်ကို နားထောင်ရန် မျှော်လင့်စောင့်စားနေသော ပရိသတ်ကို လေးစားရန်လိုသည်။ မေတ္တာ၊ စေတနာဖြင့် နှုတ်ခွန်းဆက် စကားပြောရန်လိုပါသည်။

ကြွရောက်လာသော ပရိသတ်များ အားလုံးကို လေးစားပါကြောင်း၊ ကျန်းမာချမ်းသာ၍ နှလုံးစိတ်ဝမ်းအေးချမ်းစေရန် ဆုတောင်းပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသင့်ပါသည်။

ပရိသတ်ကို လေးစားစွာ အသိအမှတ်ပြု နှုတ်ခွန်းဆက်စကားပြောကြားခြင်းမရှိဘဲ ပမာမခန့်ပုံဖြင့် မိမိပြောလိုရာကို တက်ပြောခြင်း မဖြစ်သင့်ပါ။ နှုတ်ခွန်းဆက်စကားပြောခြင်းဖြင့် ပရိသတ်နှင့် ရင်းနှီးမှုကိုလည်း ရရှိသွားပြီဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာစီစာကုံးရေးရာတွင် နိဒါန်း၊ စာကိုယ်၊ နိဂုံး ရှိသကဲ့သို့ စကားပြောရာတွင်လည်း နိဒါန်း၊ စကားကိုယ်၊ နိဂုံး ရှိပါသည်။ အစ အလယ် အဆုံး သုံးပါးလုံး ကိုက်ညီကောင်းမွန်အောင် ပြောဆိုရမည် ဖြစ်ပါသည်။

နှုတ်ဆက်စကားပြောပြီးသည်နှင့် နိဒါန်းစကားပြောရသည်။ မိမိပြောမည့်အကြောင်းအရာ ခေါင်းစဉ်ကို တင်ပြ၍ ထို ခေါင်းစဉ်အရ ပြောမည့် စကားနိဒါန်းဖြစ်ရပါမည်။ နိဒါန်းသည် အဖွင့်စကား၊ အစပြုသောစကားဖြစ်၍ အရှည်ကြီးပြောရန် မလိုပါ။

စကားကိုယ်မှာ ပြောဆိုရမည့်အကြောင်းအရာ အချက်အလက်များ ပြည့်စုံစွာ ပါဝင်ရန်လိုသည်။ ရရှိသော အချိန်နှင့် ကိုက်ညီစွာ အရေးကြီးသောအချက်များကို တင်ပြရန်လိုပါသည်။

ပြောကြားသည့် အချက်များသည် တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိရန် လိုပါသည်။ ရောက်တတ်ရာရာပြောဆိုခြင်း မဟုတ်စေရ၊ အစီအစဉ်တကျရှိရမည်။ ပြောကြားသည့် ရည်ရွယ်ချက်၊ ဦးတည်ချက်ကို ပံ့ပိုးနေမှုရှိရမည်။ အားလုံးပေါင်းလိုက်လျှင် အကြောင်းအချက် ပြည့်စုံသော ပြောဆိုခြင်းဖြစ်ရမည်။ ကိုယ်တွေ့ဖြစ်ရပ်များ၊ စိတ်ဝင်စားစရာ ရသမြောက်အကြောင်းအရာများ၊ အလင်္ကာများနှင့်ဝေဆာစွာ ပြောဆို တင်ပြနိုင်ပါသည်။





နိဂုံးအဆုံးသတ် ကောင်းရန်လည်း အရေးကြီးပါသည်။ ရှေ့မှာ ပြောခဲ့သော အချက်အလက်များအားလုံးကို စုစည်း၍ ဦးတည်ချက်ပစ်မှတ်ကို အကောင်းဆုံးထိမှန်အောင် ကြိုးစားရခြင်းဖြစ်ပါသည်။ နိဒါန်းစကားနှင့်လည်း အချိတ်အဆက်မိရန် လိုပါသည်။ နိဂုံးမှာပင် ပရိသတ်ကို အမူအရာနှင့် ဖြစ်စေ၊ စကားနှင့်ဖြစ်စေ လေးစားကျေးဇူးတင်ကြောင်း ဖော်ပြခဲ့လျှင် ပို၍ကောင်းပါသည်။

## ပရိသတ်အားလုံးကို ကြည့်ပြောပါ

စကားပြောလေ့ကျင့်စတွင် ပရိသတ်ကိုကြည့်ရန် ဝန်လေးတတ်၏။ အချို့ဆိုလျှင် အပေါ်မျက်နှာကျက်အမိုးကို ကြည့်၍ ပြောနေတတ်သည်။ မြင်ရသည်မှာ အရုပ်ဆိုးပါ၏။ ပရိသတ်ကလည်း ကြောက်နေ၍ မကြည့်ရဲသည်ကို သိကြ၏။ မဖြစ်သင့်ပါ။ ပရိသတ်ကို ရဲရဲကြည့်ပါ။

ပရိသတ်ထဲမှာ သင့်ကိုအားပေးသောသူများကို မလွဲမသွေ တွေ့ရလိမ့်မည်။ အလွန်ကြင်နာသော မျက်လုံးများနှင့် ကောင်းစွာအားပေးနေပါလိမ့်မည်။ သင်ပြောသည်ကို ခေါင်းညိတ်ပြ၍ ထောက်ခံနေလိမ့်ဦးမည်။ ပြောခါစဖြစ်၍ ကြောက်ရွံ့အားနည်းနေလျှင် ပို၍အားပေးချင်သူများ ရှိပါသည်။ အံ့သြစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါသည်။ ဟောပြောပွဲတိုင်းမှာ ပြောသူကို အားပေးသည့် မေတ္တာရှင်များ ရှိနေတတ်ပါသည်။

ထိုကဲ့သို့သော မေတ္တာရှင်မျိုးကိုတွေ့လျှင် ပြောသူမှာ လွန်စွာအားတက်ရပါသည်။ မျက်နှာကျက်ကို မော့ကြည့်မည့်အစား ပရိသတ်အတွင်းမှ အားပေးသူကိုရှာပါ။ အသေအချာတွေ့ပါလိမ့်မည်။

တွေ့၍ အားတက်ပြီးပြောရှိန်ရလျှင် သူ့တစ်နေရာတည်းကြည့်သည်မှ အခြားနေရာများကိုလည်း ပြောင်းကြည့်၍ပြောပါ။ သူ့လိုပင် အားပေးစွာနားထောင်နေသူများကို ထပ်ပြီးတွေ့ရပါလိမ့်မည်။ ထိုအခါ ပို၍အားတက်ရသည်။ ပရိသတ်ကိုလည်း ကြောက်စိတ်ပျောက်၍ အားတက်ရသည်။ ပရိသတ်ကိုလည်း ကြောက်စိတ်ပျောက်၍ ရင်းနှီးချစ်ခင်စိတ်ဖြစ်ပါလိမ့်မည်။ ပြော၍လည်း ပိုကောင်းလာလိမ့်မည်။

အကောင်းဆုံးမှာ လူထုပရိသတ်ရှေ့တွင် စကားပြောတိုင်း လူအားလုံးကို ကြည့်မြင်နိုင်အောင် ကြိုးစားပါ။ တစ်နေရာတည်း တစ်ပိုင်းတစ်ခြမ်းတည်းကိုသာကြည့်ပြီး ပြောနေလျှင် ကျန်သည့်လူများမှာ သူတို့နှင့်မသက်ဆိုင်သကဲ့သို့ ခံစားရလိမ့်မည်။ သူတို့ကို ပြောသူက စိတ်မဝင်စားဘဲ ဥပေက္ခာပြုထားသည်ဟု မှတ်ယူသွားလိမ့်မည်။ ထိုအခါ ပြောဆိုသည့်အပေါ်တွင် စိတ်ပါဝင်စားမှု အားနည်းသွားလိမ့်မည်။





နေရာတိုင်းကို ကြည့်၍ပြောလျှင် အားလုံး၏တုံ့ပြန်မှုကို မြင်ရမည်။ အားလုံးကို ပြောသကဲ့သို့ ဖြစ်လိမ့်မည်။

ပရိသတ်ရှေ့မှာ စကားပြောသူသည် ပရိသတ်အားလုံးကို တူညီစွာ မေတ္တာထား၍ ပရိသတ်ထဲမှ လူများကို တစ်ယောက်ချင်းနှင့် ပြောနေသကဲ့သို့ သဘောထားပြီး ပြောနိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ အောင်မြင်ပါလျှင် နားထောင်သူအားလုံးက ကိုယ့်ကိုပြောနေသကဲ့သို့ ခံစားရသည်။ စိတ်ပါဝင်စားသည်။ ဟောပြောခြင်းတွင် တက်ကြွစွာ ပါဝင်လာကြသည်။ ထိုအခါ အလွန်လှိုင်းကပ်သော ဟောပြောပွဲဖြစ်လာသည်။

ပရိသတ်အားလုံးကို ကြည့်၍ပြောဆိုခြင်းဖြင့် ပရိသတ်၏ ရင်းနှီးမှုကိုရယူပါ။ ကိုယ်ရော ပရိသတ်ပါ ပျော်ရွှင်စရာကောင်းသော ပြောဆိုမှုဖြစ်အောင်ကြိုးစားပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဟောပြောပွဲနှင့် ပရိသတ်

စကားပြောသူသည် ကိုယ်ပြောမည့် ပရိသတ်၏ သဘာဝကို သိရန်လိုပါသည်။

မြို့ပရိသတ်၊ တောပရိသတ်၊ ပညာတတ်ပရိသတ်၊ အခြေခံလူတန်းစား ပရိသတ်၊ လူကြီးပရိသတ်၊ မိန်းမပရိသတ်၊ ပျင်းရိငြီးငွေ့နေသော ပရိသတ်၊ တက်ကြွလန်းဆန်းနေသော ပရိသတ်၊ စိတ်ပါ၍ လာရောက်နားထောင်သော ပရိသတ်၊ တာဝန်အရ နားထောင်ရသော ပရိသတ်စသည်ဖြင့် ပရိသတ်အမျိုးမျိုး ကွဲပြားခြားနားသည်၊ သူ့အမျိုးအစားအလိုက် ပရိသတ်၏ သဘာဝနှင့်ကိုက်ညီအောင် ပြောဆိုတတ်ရန်လိုပါသည်။

တစ်ခါတစ်ရံတွင် ပရိသတ်အမျိုးအစား ရောနေတတ်သည်၊ ယောက်ျားနှင့် မိန်းမ၊ လူကြီးနှင့်လူငယ်၊ ပညာတတ်နှင့် ပညာမတတ်။





ရောနေသောပရိသတ်ကို ရောနေသည့်အတိုင်း သိမြင်၍ ပြော ဟောနိုင်ရန်လိုပါသည်။

တစ်ခါတစ်ရံတွင် အမျိုးအစားအားလုံး ပါဝင်ပေါင်းစပ်ထားသည့် ပရိသတ်မျိုးနှင့်လည်း ကြုံရပါသည်။ အထူးသဖြင့် စာပေဟောပြောပွဲများတွင် ကြုံရတတ်ပါသည်။ သီးခြားရှိသော ပရိသတ်မျိုးမှာ ပြောရလွယ်ပါသည်။ အမျိုးစုံရောနေသော ပရိသတ်မှာ ပြောရအခက်ဆုံးဖြစ်ပါသည်။ လူတိုင်း စိတ်ဝင်စားနိုင်မည့် အကြောင်းအရာမျိုးကို ရွေးချယ်ပြောရသည်။ လူတိုင်း နားလည်မည့် စကားနှင့်လည်း ပြောဆိုရပါသည်။

အချို့ပရိသတ်မှာ ဟောပြောသည်ကို စိတ်ပါဝင်စား၍ တက်ကြွလန်းဆန်းနေသည်။ ပြော၍အလွန်ကောင်းပါသည်။ ရယ်စရာပြောလျှင် သဘောကျစွာ အားပါးတရရယ်၍ အလေးအနက်ပြောလျှင်လည်း တိတ်ငြိမ်၍ စိတ်ဝင်စားမှု ကောင်းကြသည်။

အချို့သောပရိသတ်မှာ တာဝန်အရနားထောင်နေရခြင်းဖြစ်သည်။ မြန်မြန်ပြီးလျှင် မြန်မြန်ပြန်ချင်နေကြသည်။ ထို ပရိသတ်မျိုးကို ရှည်ကြာစွာ ပြောရန်မသင့်ပါ။ သူတို့ကို သိစေချင်သည့် အကြောင်းအရာကို စွဲမြဲစွာ သိသွားအောင် လိုရင်းကို တိုရှင်းပြော၍ နိဂုံးချုပ်သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟောပြောသူ၏သဘာဝနှင့် ဟောပြောသည့်အကြောင်းအရာ အံဝင်ခွင်ကျရှိသောအခါ ထူးခြားသော ဟောပြောပွဲအဖြစ် မှတ်တမ်းတင်ရသည်များလည်း ရှိပါသည်။

မဂ်လာဒုံ အမှတ်(၂)စစ်ဆေးရုံကြီးတွင် နိုင်ငံအတွက် ခြေ၊ လက်၊ မျက်စိ ပေးလှူထားရသည့် မသန်စွမ်းသူ စစ်သည်များကို အလှူပြုသောပွဲမှာ စာရေးဆရာများကိုလည်း ဟောပြောရန် စီစဉ်ထားသည်။

နားထောင်သူ ပရိသတ်မှာ အမျိုးသားချည်းဖြစ်သည်။ ထိခိုက်ဒဏ်ရာရထားသော စစ်သည်များဖြစ်သည်။ တန်းစီပြီး ထိုင်နေကြသူများအားလုံးဘေးမှ ချိုင်းထောက်များကို တန်းစီချထားသည်။ နောက်ဆုံးနှစ်တန်းမှာ တွန်းလှည်းလေးများပေါ်တွင် ထိုင်နေကြသည့် ခြေ နှစ်ဖက်လုံးမရှိကြသူများဖြစ်သည်။

ဟောပြောရန် ဖိတ်ကြားထားသော စာရေးဆရာများ မပြောမီ အလှူရှင်တင်ရီမ(ညောင်ဦး)က မိတ်ဆက်အမှာစကားပြောကြားရာမှာ သူသည် ခင်ပွန်းရောသားများပါ တပ်မတော်မှာ တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ တပ်ထဲမှာပဲ အမြဲနေခဲ့ရ၍ မနက်လင်းလျှင် လေ့ကျင့်နေသော စစ်သည်တော်တို့၏ အသံနှင့် အိပ်ရာမှ နိုးရကြောင်းပြောရင်း ...

တစ်၊ နှစ် ... သုံး ... လေး

တစ်နှစ် သုံး လေး





တစ်နှစ် သုံးလေး

တစ်နှစ် သုံးလေး

ပြည်သူ့စစ်သား

ပြည်သူ့စစ်သား

ပြည်သူ့စစ်သား

ဟု တင်ရီမ က သီဆိုပြသည်။ ရှေ့ဆက်ပြီး ''ဘာလုပ်နေလဲ ...''ဟု တင်ရီမက အော်ပြောလိုက်သောအခါ

''လေ့ကျင့်နေတယ် ...''

နားထောင်နေသော စစ်သည်များထဲမှ အသံထွက်လာသည်။ သူတို့ဘဝဖြစ်၍ နားထောင်ရင်း စိတ်ပါရာမှ ကိုယ်တိုင်ပါဝင်လာကြခြင်း ဖြစ်သည်။ တင်ရီမက ဆက်ပြောသည်။

''ဘယ်သူ့အတွက်လဲ ...''

''ပြည်သူ့အတွက်ပဲ ...''

''ဘာစိတ်ဓာတ်လဲ ...''

''သံမဏိစိတ်ဓာတ် ...''

တင်ရီမနှင့် မသန်မစွမ်း ရဲဘော်များ အပြန်အလှန်အော်ဟစ်ကြသည့်အသံမှာ ခန်းမထဲတွင် ဟိန်းထွက်သွားသည်။ ကျွန်တော်တို့ နားထောင်နေရင်း ကြက်သီးမွေးညှင်းထမိသည်။ ''ကောင်းလိုက်တာ ...''ဟူ၍ ကြည်နူးဝမ်းသာလှန်းသောကြောင့် မျက်ရည်များ ရစ်ဝဲလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်ရီမက ဒဏ်ရာရထားသည့် ရဲဘော်များ ခြေလက်အင်္ဂါ မစုံရှာကြသည့် ရဲဘော်များကို ဂုဏ်ပြုပြောကြားရင်း ရှေ့ဆက်ရမည့် ဘဝမှာ သံမဏိစိတ်ဓာတ်ထား၍ ကြံ့ခိုင်စွာကြိုးစားကြရန် ပြောသွားပါသည်။

ဟောပြောချိန်မှာ ခဏလေးသာဖြစ်ပါသည်။ ဆယ့်ငါးမိနစ်ပင် ရှိမည်မထင်။ သို့သော် ကြီးစွာအောင်မြင်သော ဟောပြောခြင်းဖြစ်ပါသည်။

တင်ရီမ ပြီးသောအခါ လုံမလေးမဂ္ဂဇင်းကို တာဝန်ယူထုတ်ဝေနေသော မလေးလုံ စင်ပေါ်သို့တက်လာသည်။ နုနုလှလှ ဆရာမလေး သို့သော် စင်ပေါ်သို့ ညီမဖြစ်သူနှင့် တခြားတစ်ယောက်က တွဲတင်ပေးရသည်။

မလေးလုံက မသန်မစွမ်း စစ်သည်များကို ဘဝမှာ အနိုင်မခံ အရှုံးမပေးစိတ်ထား၍ ကြိုးစားကြရန် သူ့ဘဝနှင့်ယှဉ်၍ ပြောပြသည်။ သူ ငယ်စဉ်ကတည်းက နှလုံးရောဂါကို ပြင်းထန်စွာ ခံစားရကြောင်း၊ လေဖြတ်သွားကြောင်း၊ မျက်စိကွယ်သွားကြောင်း၊ မျက်စိပြန်ကောင်းသည့်အခါ ကောင်းသောလက်နှင့် စာရေးလေ့ကျင့်ရကြောင်း၊ ကျောင်းမနေရကြောင်း၊ အိမ်မှာတင် စာသင်စာဖတ် စာရေးရာမှ စာရေးဆရာမဘဝသို့ ရောက်လာပြီး မဂ္ဂဇင်းကြီးတစ်ခုကို တာဝန်ယူ၍ လစဉ်ထုတ်ဝေနေကြောင်း၊





လက်ရှိအခြေအနေတွင်လည်း ကျန်းမာရေးမှာ တစ်နာရီရှေ့ တစ်နာရီငွေ ဖြစ်နေကြောင်း၊ သို့သော် စိတ်ဓာတ်ကြံ့ခိုင်စွာနဲ့ အစဉ်အမြဲကြိုးစားနေရန်လိုကြောင်း၊ သူ့ကိုယ်တွေ့ဖြစ်ရပ်များနှင့် ထပ်ဟပ်၍ အားပေးစကားပြောကြားသည်။

စစ်သည်များ၏ လက်ခုပ်သံမှာ အားပါးတရရှိလှသည်။ အားပေးစကားကြောင့် အားတက်သွားကြမည်ကို လက်ခုပ်သံဖြင့် မှန်းဆမိသည်။ ဟောပြောသည်မှာ ခဏလေးဖြစ်သော်လည်း ကောင်းမွန်လှသည်။ အောင်မြင်မှုကြီးမားသည်။

အမှာစကားပြောသူနှင့် အားပေးစကားပြောသူတို့သည် ပရိသတ်၏ သဘာဝနှင့်အခြေအနေကို ကောင်းစွာသိ၍ ကိုက်ညီစွာ ဟောပြောနိုင်သောကြောင့် အအောင်မြင်ဆုံးဖြစ်သွားကြသည်။

သူတို့ပြီးလျှင် တကယ်ဟောပြောရန် ဖိတ်ကြားသွားသော ကြူကြူသင်းနှင့် လယ်တွင်းသားစောချစ်မှာ ဘာဟောရမှန်းပင် မသိတော့ပါ။ သူတို့၏ အောင်မြင်ထားသည့် ဟောပြောမှု ကိုယ့်ကြောင့်ပျက်သွားမှာပင် စိုးရိမ်မိသည်။ သူတို့ဟောပြောခဲ့သည်များကို ချီးကျူးထောက်ခံ၍ ထပ်မံဂုဏ်ပြုအားပေးရင်း နိဂုံးချုပ်ခဲ့ရသည်။

ပရိသတ်၏ သဘာဝကို အံဝင်ခွင်ကျ ကိုက်ညီစွာ ဟောပြောနိုင်ခြင်းသည်သာ အကောင်းဆုံးဟောပြောခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ပရိသတ်ကိုလေးစားပါ

ဟောပြောသူသည် ပရိသတ်ကို လေးစားရသည်။ ပရိသတ်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ မည်သည့်အမျိုးအစား ပရိသတ်ဖြစ်စေ အကောင်းဆုံးဖြစ်အောင် ကြိုးစား၍ ပြောရမည်။

ပရိသတ်က နည်းသည်၊ မည်သည့်အဆင့်သာရှိသော ပရိသတ်ဖြစ်သည် စသည်ဖြင့် ခွင့်ကြေးဝတ်ကုန် စိတ်မပါ၊ လက်မပါ မဖြစ်သင့်ပါ။ အချို့ဆိုလျှင် သင့်ရုံပြောပြီး ခပ်မြန်မြန် နိဂုံးချုပ်ပစ်လိုက်သည်။

နည်းသော်လည်း တလေးတစားနားထောင်သူများ ဖြစ်တတ်သည်ကို သတိထားရမည်။

၁၉၈၀ ပြည့်နှစ်တွင် မြောက်ဥက္ကလာပမှဖိတ်သော စာပေဟောပြောပွဲကို ပထမဆုံးအကြိမ်အဖြစ် ဟောပြောခွင့်ရသည်။





စာရေးဆရာအောင်သင်းနှင့် နှစ်ယောက်ဟောရမည်ဖြစ်သည်။ ကွင်းထဲမှာ စင်ထိုးထားသည်။ ကွင်းက တော်တော်ကျယ်ပါသည်။ စာရေးဆရာက စင်ပေါ်မှ ဟောရမည်။ ပရိသတ်က မြက်ခင်းပြင်မှာထိုင်၍ နားထောင်ရသည်။ ခုအခါမှာကဲ့သို့ ပလတ်စတစ် ကုလားထိုင်များမရှိသေးပါ။

ကျွန်တော်က အရင်ဟောရသည်။ ပရိသတ်ငါးရာခန့် ရှိပါသည်။ ကျောင်းဆရာလုပ်ဖူး၍ ပရိသတ်ရှေ့စကားပြောရမည်ကို မကြောက်ပါ။ သို့သော် စာပေဟောပြောပွဲကို ကောင်းစွာ မဟောတတ်ပါ။ ဟောသည့်အတွေ့အကြုံလည်း မရှိပါ။ ကြိုးစား၍ ပြောပါသည်။ သို့သော် ပရိသတ်ကို မဆွဲဆောင်နိုင်ကြောင်း ကိုယ့်ဘာသာ သိပါသည်။ အသံကိုပိုတင်ပြီး ကြိုးစားကာမှ ပိုဆိုးသည်။ ပရိသတ်များ နားပူလာဟန်တူပါသည်။ ထပြန်ကုန်ကြသည်။ နာရီဝက်ခန့်ပြောမိသောအခါ လူသုံးရာခန့်သာ ကျန်တော့သည်။

ပထမဆုံးပွဲ မကွဲချင်၍ ကြိုးစားပြောသည်။ ၄၅–မိနစ် ပြောမိသောအခါ လူ(၁၅၀)ခန့်သာ ကျန်တော့သည်။ ဆက်ပြောလျှင် ကုန်သွားတော့မည်။ နောက်မှပြောမည့်ဆရာကို အားနာမိသည်။ ဆရာအောင်သင်းနှင့် ယခင်ကဆုံဖူးခြင်း မရှိပါ။ လူနာမည်ကိုသာ ကြားဖူးသည်။ ရင်းနှီးမှုမရှိပါ။ စတွေ့သည့်ပွဲမှာ ကိုယ်က ရှေ့မှပြောပြီး ပရိသတ်ကိုနှင်ပစ်သူဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အမြန်ဆုံးနိဂုံးချုပ်ပြီး စင်ပေါ်မှဆင်းခဲ့သည်။

"အားနာလိုက်တာ ဆရာ ... ကျွန်တော့်ကြောင့် လူတွေပြန်ကုန်ပြီ ..." ဟုလည်း ဆရာအောင်သင်းကို တောင်းပန်မိသည်။

"ရပါတယ် ကိစ္စမရှိပါဘူး"

ဆရာအောင်သင်းက ကျွန်တော့်ကိုနှစ်သိမ့်မှုပေးပြီး စင်ပေါ်သို့ တက်သွားသည်။ အနည်းငယ်သာကျန်သော ပရိသတ်ဟူသော သဘောထားမရှိ၊ စကတည်းက စိတ်ပါလက်ပါနှင့် အကောင်းဆုံးကြိုးစားသည်။ ဟောပြောခြင်း အတတ်ပညာကိုလည်း ကောင်းစွာကျွမ်းကျင်သူဖြစ်သည်။ ပြောပုံက အားမာန်ပါသည်။ တင်ပြပုံက သွက်လက်သည်။ ထက်မြက်သည်။ လေသံ ဟန်ပန်က တက်ကြွမှုအပြည့်။

စကတည်းက ပရိသတ်များ တဝါးဝါးပွဲကျနေပြီး ကျွန်တော်ကိုယ်တိုင်လည်း ယခင်က တစ်ခါမျှနားမထောင်ဖူး၍ အလွန်သဘောကျစွာ နားထောင်နေမိသည်။ (၁၅)မိနစ်ခန့် ဟောမိသောအခါ လူ(၃၀၀)ခန့် ဖြစ်လာသည်။ ရယ်သံများ အဆက်မပြတ်ထွက်ပေါ်နေ၏။ လေးနက်သည့်အခါ တိတ်ငြိမ်သွား၏။ နာရီဝက်ခန့်ကြာသောအခါ လူ(၅၀၀)ခန့်ပြန်ဖြစ်သွားသည်။ (၁)နာရီခန့်ကြာသောအခါ ကွင်းတစ်ခုလုံး ပြည့်သွားသည်။ ဆရာ





အောင်သင်း(၂)နာရီခန့်ဟောပြောသွားပါသည်။ အလွန်ကောင်းမွန်သော ဟောပြောခြင်းဖြစ်ကြောင်း မှန်မိနေပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း နားထောင်သူပရိသတ်ဖြစ်သွား၍ ဆရာ၏ဟောပြောမှုကို လေးစားနေမိသည်။

ဆရာသည် လူနည်းနည်းလေးကျန်တော့သည်ဟု ပေါ့ပေါ့ဆဆ သဘောမထား ပရိသတ်ကို လေးစား၍ အကောင်းဆုံး ကြိုးစားသည်ကို သတိပြုအတုယူမိပါ၏။

၁၉၉၂ ခုနှစ်တွင် မိုးကုတ်စာပေဟောပြောပွဲတွင် ဟိန်းလတ်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ လယ်တွင်းသားစောချစ် နှင့် ချစ်ဦးညိုတို့ (၄)ယောက် ဟောပြောကြသည်။ အားကစားရုံကြီးထဲမှာ လူအပြည့်ဖြစ်သည်။ နောက်ဆုံးသောသူ ချစ်ဦးညို အလှည့်တွင် ဌာပွဲချိန်ဖြစ်သည်။ ဘောလုံးပွဲရှိသည်တို့နှင့် တိုက်ဆိုင်ပြီး လူများပြန်သွားကြသည်။ အားကစားရုံအကျယ်ကြီးထဲမှာ လူ(၁၀၀)ကျော်ခန့်သာ ကျန်ခဲ့သည်။ ကျန်သောလူကလည်း တစ်နေရာထဲမှာ မဟုတ်၊ ဟိုနား(၅)ယောက်၊ သည်နား(၃)ယောက်၊ ပွဲကြည့်စင်မြင့်များပေါ်မှာ နေရာအနှံ့ပျံ့နေသည့် တစ်ယောက်ချင်း နှစ်ယောက်ချင်း။ အောက်တွင်လည်း ရှေ့နောက်အလှမ်းကွာဝေးစွာ ရှိနေသူ တစ်သိုု့။ ကြည့်မြင်ရသည်မှာ အားပျက်စရာ။



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားသူများကြားမှ ကျန်ခဲ့သူများသည် သူ့နေရာမှာသူ ကျောက်ချလျက် ဆက်နားထောင်နေကြသည်။ ရွေ့ခြင်းပြောင်းခြင်း စုစည်းခြင်းမရှိ။

ချစ်ဦးညို မည်သို့ပြောမည်နည်း။

ပရိသတ်ကို လေးစားစွာနှင့် အကောင်းဆုံးကြိုးစား၍ ပြောသွားပါသည်။ ပရိသတ်ကလည်း အစအဆုံး ပြီးသည်အထိ စိတ်ဝင်စားစွာ နားထောင်အားပေးသွားကြသည်။

ချစ်ဦးညို ရယ်စရာပြောလျှင် ထွက်ပေါ်လာသော ရယ်သံက အံ့သြစရာ။ တစ်ရုံလုံးမှာ လူအပြည့်ရှိနေသည့် ရယ်သံအတိုင်း ထွက်ပေါ်လာပါသည်။ ကျန်သူများက တစ်ရုံလုံးစာ အားပေးနေကြသည်ဟု ယူဆရသည်။

ချစ်ဦးညိုက ထိုအနည်းငယ်သောလူများကိုပင် သူ၏ ဟောခွင်အပြည့် အကောင်းဆုံးဖြစ်အောင် ဟောပြောသွားသည်။ ပရိသတ်ကလည်း လေးစားစွာ သဘောကျသွားကြသည်။ ချစ်ဦးညို၏ ပရိသတ်ကို လေးစားစွာဟောပြောပုံ ဟောပြောခြင်း အပေါ်မှာ လေးနက်သော သဘောထားနှင့် ကြိုးစားပုံများကို လေးစားအံ့သြစွာ သဘောကျခဲ့မိပါသည်။



## အခြေအနေအချိန်အခါကိုသိပါ

ဟောပြောသူသည် မိမိပြောဆိုမည့် အကြောင်းအရာကို ကောင်းစွာ သိရသည်။ လိုအပ်သလို ချဲ့နိုင်ချုံ့နိုင်ရသည်။ မိမိပြောမည့်ပရိသတ်ကိုလည်း သိရသည်။ အခြေအနေအချိန်အခါကိုလည်း သိရသည်။

ဟောပြောပွဲပြီးလျှင် ရုပ်ရှင်ပြမည်။ နောက်ဘက်တွင် ပိတ်ကားထောင်ထားသည်။ ပရိသတ်က ဟောပြောပွဲ မြန်မြန်သိမ်းပြီး ရုပ်ရှင်ကြည့်ချင်နေကြပြီ။ ဆက်ပြောလျှင် မောရုံသာ ရှိမည်။ မြန်မြန် နိဂုံးချုပ်သင့်သည်။

ပရိသတ်မှာ မနက်(၉)နာရီကတည်းက ခန်းမထဲ ရောက်နေသည်။ ရှေ့မှာလည်း အစီအစဉ်များစွာပြီးခဲ့ပြီ။ ကိုယ်ဟောပြောရန် စင်ပေါ်တက်သောအခါ အချိန်က (၁၂)နာရီ။ ပရိသတ်မှာ ထမင်းလည်းမစားရသေး။ ပင်ပန်းနေကြပြီ။ ဆာလောင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြပြီ။ အရေးကြီးသည့်အချက်များကိုသာ အဓိကထား၍ ပြောကြားပြီး နိဂုံးချုပ်သင့်ပါသည်။

တစ်ခါတစ်ရံတွင် ဟောပြောရသည်မှာ တစ်ယောက်တည်းမဟုတ်။ အများနှင့်ဖြစ်သည်။ အထူးသဖြင့် စာပေဟောပြောပွဲများတွင် သုံးယောက်မှ ငါးယောက်အထိ ဟောပြောကြသည်။ ရှေ့လူနောက်လူ အချိန်ယူမှုမျှတရန်လိုသည်။ ချမ်းအေးသော ရာသီတွင် ကွင်းပြင်မှာဖြစ်ပါက ပို၍သတိထားရသည်။ ရှေ့လူက နောက်လူများကို မညှာဘဲ အချိန်အကြာကြီးပြောလျှင် ညဉ့်နက်လေ နှင်းကျလေ၊ အေးလေဖြစ်၍ ပရိသတ်များပြန်ကုန်ကြသည်။ နောက်လူပြောချိန်တွင် ပရိသတ်မကျန်တော့ပါ။ အခြေအနေအချိန်အခါကို သိ၍ အချင်းချင်းအပေါ်မှာလည်း မျှတသောစိတ်ထားရှိရန် လိုပါသည်။

စာရေးသူအပါအဝင် စာရေးဆရာ(၅)ဦး နမ့်တူသို့ သွားဟောကြရသောအခါ ဘော်တွင်းမှ ရထားဖြင့်ဆင်း၍ (၃)နာရီမှ နမ့်တူသို့ရောက်ကြသည်။ ပရိသတ်က နေ့ခင်း(၁)နာရီ ကတည်းက ဟောပြောခမ်းမထဲသို့ ရောက်နေသည်။ ထိုအချိန်က လုံခြုံရေးအခြေအနေအရ ညနေ(၆)နာရီတိတိမှာ ဟောပြောပွဲကို သိမ်းရမည်ဖြစ်သည်။ ကျွန်တော်တို့(၅)ယောက်အတွက် ဟောပြောချိန်(၃)နာရီသာ ရှိသည်။





ဟောပြောပွဲစသည်နှင့် ဒေသခံစာရေးဆရာတစ်ဦးက ရှေးဦးစွာ ထွက်၍ ဟောပြောပါသည်။ ဟောပြောသူ(၆)ဦး ဖြစ်သွားသည်။ ရှေ့ဆုံးဟောပြောသူက (၁)နာရီခွဲ ကြာသွားသည်။ ကျန်စာရေးဆရာ(၅)ယောက် အတွက် အချိန်(၁)နာရီခွဲသာ ကျန်သည်။ ဒုတိယပြောသူက နာရီဝက်ပြောလိုက်ပြန်သည်။ နောက်(၄)ယောက်အတွက် (၁)နာရီသာ ကျန်တော့သည်။ အခမ်းအနားမှူးက စာရေးဆရာအကြောင်း မိတ်ဆက်ချိန်၊ စင်ပေါ်တက်ရန်ဖိတ်ခေါ်ချိန်၊ စင်ပေါ်တက်ချိန်၊ ဆင်းချိန် နှုတ်လိုက်လျှင် မိနစ်လေးဆယ်ခန့်သာ ကျန်မည်။ ကျန်လူများ အချင်းချင်း ညှိနှိုင်း၍ အတိုချုပ်ပြောကြသည်ပင် နောက်ဆုံးလူအလှည့်မှာ (၇)မိနစ်သာ ပြောခွင့်ရပါသည်။

ပရိသတ်ကိုလိုက်၍ ဟောပြောသည့်အကြောင်းအရာကို ပြောင်းလဲရန်လိုသကဲ့သို့ အခြေအနေအချိန်အခါကို လိုက်၍လည်း ဟောပြောသည့်အကြောင်းအရာကို ပြောင်းလဲရန်လိုပါသည်။ တောရွာမှာ ဟောပြောလျှင် တောရွာနှင့်ကိုက်ညီရန် လိုသည်။ စက်ရုံမှာ ဟောပြောလျှင် စက်ရုံနှင့်ကိုက်ညီရန် လိုသည်။ စာကြည့်တိုက်မှာ ဟောပြောလျှင် စာပေအကြောင်း ဟောပြောရမည်ဖြစ်သည်။

ရှေ့လူနှင့်နောက်လူ ပြောသည့်အကြောင်းအရာ ချိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်မိလျှင်လည်း ဟောပြောခြင်း အားလုံးစုပေါင်း၍ ပရိသတ်အတွက် ကောင်းသောအသိပညာဖြစ်စေနိုင်ပါသည်။

ဟောပြောသူသည် ဟောပြောခြင်းကို ပုံသေကားချမဖြစ်မှု၍ အခြေအနေအချိန်အခါနှင့် ကိုက်ညီအောင် ပြောနိုင်ရန်လည်း လိုပါသည်။



## ဟောပြောပွဲနှင့် ရယ်စရာပြောဆိုခြင်း

ဟောပြောပွဲတွင် ရယ်စရာပြောဆိုတတ်ခြင်းသည် ကောင်းပါ၏။ ရယ်စရာပြောတတ်သော ဟောပြောသူကို ပရိသတ်များ သဘောကျသည်။

ဟောပြောခြင်းဆိုသည်မှာ အဆိုမပါ၊ အတီးမပါ၊ အကမပါ အပြောသက်သက်သာဖြစ်၍ ကြာလျှင် ငြီးငွေ့တတ်သည်။ ကြာရှည်စိတ်ဝင်စားအောင် ပြောရာတွင် ရသနှင့်ဆွဲဆောင်ရသည်။ ရသတွင်လည်း ဟာသရသမှာ ဟောပြောပွဲနားထောင်သူများ သဘောအကျဆုံးဖြစ်သည်။

အချို့သော ဟောပြော ကျွမ်းကျင်သူများသည် ပရိသတ်အားလုံး အုန်းအုန်း ရယ်သံများပေါက်ကွဲအောင် စွမ်းဆောင်နိုင်ကြသည်။ ပရိသတ်များမှာ ရယ်မောသဘောကျ၍ ဟောပြောပွဲပြီးမှာကိုပင် စိုးရိမ်နေကြသည်။ ကျွန်တော်ကိုယ်တိုင် စာပေ



www.burmeseclassic.com

www.burmeseclassic.com



ဟောပြောပွဲလိုက်ကာစတွင် ဖလွန်မြို့မှာ နိုင်ငံကျော် ဟာသ စာရေးဆရာ အီကြာကွေးနှင့် ဆုံခဲ့ရသည်။

ကိုယ်က အရင်ပြောပြီးပြီဖြစ်၍ ဆရာအီကြာကွေး ပြောသည်ကို အားပါးတရ နားထောင်ရသည်။ ယခင်က တစ်ခါမျှ နားမထောင်ဖူးသေးပါ။

ဆရာအီကြာကွေးသည် စာရေးရာတွင် ဟာသရသ မြောက်သကဲ့သို့ ဟောပြောရာတွင်လည်း ပရိသတ်ကို ရယ်သံများ ပေါက်ကွဲထွက်လာအောင် စွမ်းဆောင်နိုင်သူဖြစ်သည်။ ကျွန်တော်ကိုယ်တိုင် ရယ်ရသည်မှာ မောလာ၍ ရယ်မောဆိုသော စကားကို ကောင်းစွာ နားလည်ရသည်။ ဆက်၍ ရယ်နေသောအခါ ဗိုက်ကြောများနာလာသည်။ ကြာလျှင် ခက်ရချေရဲ့ဟု အပြင်ခဏထွက်ရသည်အထိ ဖြစ်သည်။ ဟာသ စာရေးဆရာပီသစွာ အောင်မြင်ပါပေ၏။

ရယ်စရာပြောရသည်မှာလည်း မလွယ်ပါ။ ရယ်စရာပြောပြီး ပရိသတ်က မရယ်လျှင် စိတ်ပျက်စရာဖြစ်ရသည်။ ဟန်ပန်၊ လေသံ၊ မျက်နှာခံ အဟန့်၊ အင့်တို့ အံဝင်ခွင်ကျမှ ရယ်ရသည်။

အချို့ဟောပြောသူများသည် ရယ်စရာပျက်လုံး မဟုတ်သည်များကိုပင် ဟန်ပန်လေသံဖြင့် ရယ်စရာဖြစ်စေသည်။

ပရိသတ်များလွန်းသည်မှာ ကြောက်တတ်သူအတွက်





အခက်အခဲဖြစ်သော်လည်း ဟောနေကျလူများအတွက် ပို၍အားတက်စရာဖြစ်သည်။ ရယ်စရာပြောလျှင် ပိုကောင်းသည်။ အတော်အဆင့်ဟာသများကိုပင် ပရိသတ်အရှိန်နှင့် တအုန်းအုန်းမွဲကျစေတတ်သည်။

ဟောပြောသူက မြူးကြွလျှင် ပရိသတ်ပါမြူးကြွသည်။ ပရိသတ်မြူးကြွလျှင် ဟောပြောသူက ပို၍မြူးလာသည်။ လေသံ ဟန်ပန်များ ပိုသွက်လာသည်။ ပြောသည့်အကြောင်းအချက်များ ထက်မြက်လာသည်။ ထိုအခါ အလွန်ကောင်းသော ဟောပြောပွဲ ဖြစ်စေသည်။

အလွန်ရယ်စရာကောင်းသည့် ပြောင်မြောက်သော ဟာသများကို ပြောပါလျက် ပရိသတ်လုံးဝမရယ်သည်လည်း ရှိပါသည်။ တခြားလူ ပြောစဉ်က ထိုဟာသများမှာ အလွန် ပြောင်မြောက်သော ပေါက်ကွဲဟာသများ ဖြစ်ခဲ့ပါသည်။ သို့သော် မျက်နှာကသေ၍ လေသံကလည်း တက်ကြွခြင်းမရှိသောအခါ ပြောင်မြောက်သောဟာသမှာ ပေါက်ကွဲနိုင်ခွင့်မရသော ကြက်ဥကဲ့သို့ ပုပ်သွားပါသည်။ ပြောသူရော၊ ပရိသတ်ပါ မအောမလယ် မအီမသာ ခံစားကြရသည်။

ရယ်စရာဟာသပြောလျှင် ပီအောင်ပြောရမည်။ ရှက်သလို ကြောက်သလို၊ မလုပ်ရဲသလို လုပ်နေ၍ မရပါ။ မပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်လျှင် မပြောဘဲနေလိုက်သည်က ကောင်းသည်။ ပြောလျှင်တော့ အောင်မြင်မှ ကောင်းပါမည်။

ရယ်စရာပြော၍ ပရိသတ်သဘောကျစွာ ရယ်လျှင် ဆက် မပြောသေးဘဲ ခဏစောင့်ပါ။ ပရိသတ်ကို ရယ်ချိန်ပေးပါ။ အရယ်ရပ်သည်နှင့်ဆက်ပြောပါ။ ထပ်ပြောသည်က ရှေ့မှ ဟာသနှင့် ဆက်စပ်နေသည့် ရယ်စရာစကားဖြစ်ပါက ပရိသတ်များ ထပ်၍ရယ်လိမ့်မည်။ ထပ်စောင့်ပါ။ ဤနည်းမျိုး ဖြင့် အချို့သော ဟောပြောသူတို့သည် ရယ်သံများ ဆက်နေအောင် ဖွမ်းဆောင်နိုင်ကြသည်။

သတိထားရမည်မှာ ကိုယ်တိုင်ပြောသော ဟာသကို ကိုယ့်ဘာသာရယ်မနေမိဖို့ဖြစ်ပါသည်။

ဟောပြောသူတစ်ဦးကို ကြုံဖူးပါသည်။ သူဟောပြောသည့် ဟာသကို ပရိသတ်ကမရယ်ပါ။ သူ့ဘာသာတစ်ယောက်တည်း ရယ်နေပါသည်၊ သူရယ်သည်က ရယ်စရာကောင်းသည်။ ထိုအခါကျမှ ပရိသတ်ရယ်ကြသည်။ သူပြောသည့်ဟာသကို ရယ်ခြင်းမဟုတ်ပါ။ သူရယ်သည်ကို ကြည့်ပြီး ရယ်ခြင်းဖြစ်ပါသည်။ ဟာသပြောလျှင် ကိုယ့်ဘာသာ မရယ်မိဖို့လိုပါသည်။

ဟောပြောရင်း ပို့ချရင်း ပရိသတ်ရှေ့မှာ ရယ်စရာပြောရာတွင် ညစ်ညမ်းသောပျက်လုံးများမဖြစ်စေသင့်ပါ။ ရယ်စရာအနေနှင့် အောင်မြင်ချင်မှ အောင်မြင်မည်ဖြစ်သော်လည်း ဂုဏ်သိက္ခာအနေနှင့် အထင်သေးစရာဖြစ်တတ်ပါသည်။





အချို့သောရယ်စရာများတွင် ရတနာသုံးပါး မိဘဆရာသမား အနန္တော အနန္တငါးပါးကိုဏ်း မလွတ်သည်များကိုလည်း ကြားဖူးပါသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ကို ရယ်စရာဖြစ်အောင် သရော်ပျက်ချော် မပြောသင့်ပါ။ ရယ်သူများက ရယ်ကြသော်လည်း အချို့အမြင်မှာ မသင့်ဟုထင်လိမ့်မည်။ အချို့ကတော့ အပြစ်တင်သည်ပင်ရှိလိမ့်မည်။ ဆင်ခြင်သင့်ပါ၏။

အချို့ကတော့ စင်ပေါ်မှာရှိသော သဘာပတိကိုဖြစ်စေ၊ ပရိသတ်ထဲမှ ထင်ရှားသူကိုဖြစ်စေ၊ အတူတကွ ဟောပြောသူကိုဖြစ်စေ ထိပါးပြောဆို၍ ရယ်စရာလုပ်တတ်ကြသည်။ အချို့သော ထိပါးပြောဆိုမှုများမှာ ကြမ်းတမ်းရိုင်းပျ၍ တစ်ဖက်လူ၏ ဂုဏ်သိက္ခာကို ထိခိုက်စေလျှင်မကောင်းပါ။ အပြစ်ကင်းသော ရယ်စရာ (Harmless Joke)ဖြစ်သင့်သည်။ နောက်ပြောင်ပြောဆိုခြင်း ခံရသူပါ သဘောကျစွာ ရယ်နိုင်မှကောင်းပါသည်။

အပြစ်ကင်းသော ရယ်စရာဖြစ်အောင် မပြောတတ်လျှင် သူတစ်ပါးကို ထိပါးနောက်ပြောင်မပြောသင့်ပါ။ စင်ပေါ်က အဆင်းမှာ ထိုးမည် ကြိတ်မည် ဖြစ်သည်များကို ကြုံရတတ်သည်။ အချို့ဆိုလျှင် တစ်သက်လုံးမခေါ်နိုင် မပြောနိုင်ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟောပြောရာ၌တွင် အလေးအနက်ထားပြောရမည့် အကြောင်းအရာဖြစ်လျှင် ရယ်စရာမပြောသင့်ပါ။ "ထောင်တန်သည့်စကား ရယ်ပေါ့" မဖြစ်သင့်ပါ။ နေရာတိုင်းမှာ ရယ်စရာပြောလျှင် ပေါ့ပျက်သွားတတ်သည်။ အစအဆုံး ရယ်စရာချည်းပြောနေလျှင်လည်း ဟောပြောပွဲမဟုတ်တော့ဘဲ ဟာဒယရွှင်ဆေး ဖြစ်သွားတတ်သည်။

ရယ်စရာပြောခြင်းသည် မိမိ ဟောပြောသည်ကို စိတ်ဝင်စားစရာဖြစ်အောင် အထောက်အပံ့အဖြစ် အသုံးပြုသင့်ပါသည်။ ဦးတည်ချက်ထား၍ ပြောသောအကြောင်းအရာကို စိတ်ပါဝင်စားစွာ နားထောင်စေရန် ဆွဲဆောင်မှုအနေဖြင့် အသုံးချသင့်ပါသည်။ ရယ်စရာပြောခြင်းသည် အဓိကမဟုတ်ပါ။ ပြောဟောသည့်အကြောင်းအရာ၏ ဦးတည်ရည်မှန်းချက်သာ အဓိကဖြစ်စေသင့်ပါသည်။

"ကောင်းလိုက်တာ . . . သိပ်ရယ်ရတာပဲ . . ."

ဆိုပြီး ဘာမျှမကျန်သော ဟောပြောပွဲလည်းမဖြစ်သင့်ပါ။

ရယ်စရာပြောတတ်ခြင်းသည် ကောင်းပါ၏။ ရယ်ရသည်ကို ပရိသတ်များ သဘောကျ၏။ ရယ်စရာများနှင့် စိတ်ဝင်စားအောင် ဆွဲဆောင်၍ အရေးကြီးသော ဦးတည်ချက်ကို ရောက်အောင်ပြောနိုင်ခြင်းသည် အကောင်းဆုံးဖြစ်၏။



## စာပေဟောပြောပွဲနှင့် ရယ်စရာပြောဆိုခြင်း

စာပေဟောပြောပွဲ လိုက်ရသည်ကို ကျွန်တော်သဘောကျသည်။ စာရေးသူအချင်းချင်း အတူတကွ သွားကြ၊ စားကြ၊ ဟောပြောကြရင်း ညီရင်းအစ်ကို မောင်ရင်းနှမပမာ ချစ်ခင်ကြရသည်။ ခရီးစဉ်မှာ အနှံ့အတာခံရင်းလည်း ခင်မင်မှုနိုင်မာခဲ့ရသည်။

ဒေသခံ စာရေးသူများနှင့်လည်း ရင်းနှီးခင်မင်ရသည်။ စာဖတ်ပရိသတ်များနှင့်လည်း တွေ့ဆုံရသည်။ ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲများတွင် ကိုယ့်ဝတ္ထုများကို အကြံပြုချက်များ၊ ဝေဖန်သည်များကို ကြားရသည်။ လေးစားစွာ ခံယူရသည်။

ဟောရင်းပြောရင်းနှင့်လည်း ဟောပြောမှုအတွေ့အကြုံရလာပါသည်။ ရယ်စရာပြောလျှင်လည်း ရယ်သံလေးများကြား၍ အားတက်မိပါသည်။ သို့သော် လူအားလုံး အုန်းခနဲ ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကွဲသော ရယ်သံထွက်ပေါ်လာအောင် ကျွန်တော်မပြောနိုင်ပါ။ သူတကာတွေပြောသည့်အခါမှာ ထိုကဲ့သို့ ပေါက်ကွဲရယ်သံ ထွက်ပေါ်လာတိုင်း ကျွန်တော်အားကျမဆုံး ဖြစ်ရသည်။ ပြောတတ်ချင်စမ်းလှသည်။ များများမဟုတ်တောင် တစ်ခါလောက် ပေါက်ကွဲရယ်သံ ကြားချင်မိသည်။

ပြောတတ်သူများ ပြောတော့လည်း လွယ်လွယ်လေး ဖြစ်သည်။ ဘာမျှခက်ခဲဟန် မရှိ။ ပျဉ်းမနားမောင်နီသင်းဆိုလျှင် စပြောပြီဆိုသည်နှင့် တအုန်းအုန်းရယ်သံများ ထွက်ပေါ်လာအောင် ပြောနိုင်သည်။ သူ့ကို သိပ်သဘောကျသည်။ သူလို ပြောတတ်ချင်သည်။ သို့သော် ပြော၍မရ။ သူ့မျက်နှာ ဟန်ပန်ကိုက ရယ်စရာဖြစ်နေလို့လား။ စိတ်အားပျက်စွာ တွေးမိသည်။

မောင်နီသင်းမှာ အသားညိုသည်။ လူကဝ၍ မျက်နှာကြီးကလည်း ပြည့်ပြည့်ဖြိုးဖြိုး ဝိုင်းဝိုင်းကြီးဖြစ်သည်။ မျက်စိကလည်း အတော်မှေးသည်။ သူ့မျက်နှာကြီးပေါ်မှာ စိတ်သဘောထား ကောင်းသူ၏ အပြုံးသည်ပင် ရုပ်မလှသောမောင်နီသင်း၏ မျက်နှာကိုချစ်စရာဖြစ်စေသည်။ သူသိပ်သဘောကျ၍ ပြုံးလိုက်လျှင် သူ့မျက်လုံးများမရှိတော့ပါ။ ဘူးသီးကို လက်သည်းနှင့် ဆိတ်ထားသကဲ့သို့သာ အရာလေးသာကျန်ရစ်ပါသည်။ မောင်နီသင်း၏ ချစ်စရာအကောင်းဆုံး အမူအရာဖြစ်ပါသည်။





သူက စင်ပေါ်တွင် စပြောသည်နှင့် ရောက်သည့်မြို့များကို ကဗျာလေးများစပ်၍ နှုတ်ဆက်ရပါကြောင်း ပြောသည်။

“မြူးမြို့ရောက်တော့ . . . မြူးမြို့ . . . ကဗျာဆရာကာရန်ရှာ ရတယ် . . . မြူးမြို့ . . . ဖူးဆို . . . ”လူအများ ဝါးခနဲရယ်ကြသည်။ ဘာမျှလည်းခက်ခဲသည် မဟုတ်။ သူက ဆက်ပြောသည်။

“ကော်မတီ မျက်နှာမကောင်းဘူး . . . ကျွန်တော်တို့လည်း စားလို့မကောင်းဘူး . . . ”

ရယ်သံထွက်ပေါ်လာပြန်၏။ နည်းနည်း မဟုတ်။ သဘောကျစွာ ရယ်သံဖြစ်သည်။

“ကော်မတီတစ်ယောက်ကတော့ ပြောတယ် . . . ဆရာရယ် . . . ဖူးဆိုတင်ဝေတော့ မလုပ်ပါနဲ့ . . . ပုလင်းပါယူသွားပါတဲ့”

လူအားလုံးထံမှ အုန်းခနဲ ပေါက်ကွဲရယ်သံ ထွက်ပေါ်လာခြင်းဖြစ်သည်။

“နောက်တော့ ကာရန်ရပါတယ် . . . မြူးမြို့ ဖူးအစုံတွေ ကတဝေဝေ . . . ကော်မတီမျက်နှာကောင်း . . . ကျွန်တော်တို့လည်း စားလို့ကောင်း . . . ”

ရယ်သံများကို ဆက်တိုက်ကြားနေရသည်။

အုတ်ဖို ရောက်တော့လည်း ကော်မတီက ကဗျာစပ်နိုင်းတယ် . . . အုတ်ဖို . . . ကာရန်ရှိတယ်၊ အုတ်ဖို . . . ဂုတ်တို့၊



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များ ဝါးခနဲရယ်ကြသည်။ မောင်နီသင်းက ဆက်ပြောသည်။

"ကော်မတီ မျက်နှာမကောင်းဘူး ... ကျွန်တော်တို့လည်း စားလို့မကောင်းဘူး ..."

ပရိသတ်များ ရယ်ကြပြန်သည်။

"ကာရန်ရပါပြီ ... အုတ်ဖို ... နှုတ်ချိုလို့ ယဉ်ကျေး ကော်မတီလည်း မျက်နှာကောင်း ကျွန်တော်တို့လည်း စားလို့ကောင်း ..."ရယ်သံများပေါ်ထွက်လာပြန်သည်။ မောင်နီသင်းက ဆက်ပြောသည်။

"ဒါပေမဲ့ လုံးဝကာရန်ရှာမရဘဲ ကဗျာဆရာ အရှုံးပေးရတာလည်း ရှိတယ် ...

သပြေရောက်တော့ ကျောင်းအုပ်ဆရာမကြီးက ဖိတ်တဲ့ပွဲ သပြေကိုလည်းကဗျာစပ်ပါဦးတဲ့ ... ဆရာမကြီးက နိုင်းတယ်၊ ကဗျာဆရာ ကာရန်ရှာတယ် ... သပြေ ... သပြေ ... ကာရန်က ရတော့ရတယ် ... သပြေ ... မကောင်းဘူး ဆရာမကြီး"

ပရိသတ်များရယ်၍မဆုံး ဖြစ်နေကြသည်။ မောင်နီသင်း မျက်နှာကြီးကလည်း စင်ပေါ်မှာပြုံးလျက်။ ဘူးသီးလက်သည်း ဆိတ် မျက်လုံးအစုံနှင့် ...

"စပ်ပါ ဆရာရဲ့ ကျွန်မတို့သပြေကိုလည်း အမှတ်တရ





ကဗျာ စပ်ခဲ့ပါ ... ဆရာမကြီးကနိုင်းနေတယ် ... သပြေ မကောင်းဘူးဆရာမကြီး မစပ်ပါရစေနဲ့ ..."

ကျွန်တော်တို့ အတူသွားသူများပင် တဟားဟား သဘောကျနေရသည်။

"တချို့နေရာကျတော့ ကဗျာဆရာအရှုံးပေးခဲ့ရတယ်။ လပွတ္တာရောက်တော့လည်း ကဗျာစပ်နိုင်းကြတယ် ... လပွတ်တာ ... လပွတ်တာ ... မရဘူး ... ပွတ်ကြီးကခံနေတယ်"

ရယ်သံများ ထွက်ပေါ်လာပြန်သည်။

စင်ပေါ်တက်စ ခဏလေးမှာပင် မောင်နီသင်းနှင့် ပရိသတ်ကို ရင်းနှီးခင်မင်သွားသည်။ ပြုံးလိုက်လျှင် မျက်လုံးမှေးကျန်သွားသော မောင်နီသင်း၏မျက်နှာ ညိုညိုဝိုင်းဝိုင်းကြီးမှာလည်း ချစ်စရာအသွင် မြင်နေရပြီ၊ ပျော်စရာကောင်းသော ဟောပြောပွဲလေး ဖြစ်သွားပြီ။ မောင်နီးသင်းသည် ရိုးရိုးလေးနှင့် ချစ်စရာ၊ ခင်စရာ၊ ပျော်စရာ ဖြစ်အောင် ပြောတတ်သူဖြစ်သည်။

ကျောက်ဆည်ခရိုင်မှ ကုန်းကြီးရွာသို့ အ သုံးလုံးလုပ်အားပေးသွားသည့်အကြောင်းကို သူရေးဖွဲ့ခဲ့သော ကဗျာလေးနှင့် တကွ ပြောရာတွင် ရှေ့ပိုင်းကာလမှာ နားထောင်သူများ သဘောကျစွာ ရယ်ရလွန်း၍ မောနေအောင် နားထောင်ကောင်းသူ ဖြစ်သည်။ နောက်ပိုင်းကျတော့ လွမ်းစရာ ... ဆွေးစရာ ...။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမျိုးမှာကျတော့ ငြိမ်ကျသွားအောင် မောင်နီသင်းပြောတတ်သည်။ လေးနက်ရမည့်နေရာမှာ အလေးအနက်လည်း ပြောတတ်သည်။ တစ်ခါတစ်ရံမှာ အလေးအနက်များ ကြားတွင် ဟာသဖောက်၍ ထည့်တတ်သေးသည်။ ပေါက်ကွဲရယ်သံများ ထွက်ပေါ်လာအောင် ရုတ်တရက် ဖြတ်ချနိုင်သူဖြစ်သည်။

မောင်နီသင်း ပြောပုံကို သဘောကျသည်။ သူ့ပုံနှင့်လည်း သိပ်လိုက်ဖက်သည်။ ကျွန်တော် သူ့လို ပြောတတ်ချင်လှသည်။

သူနှင့်ကျွန်တော်မှာ နောင်တွင် ညီအစ်ကိုရင်းလို ခင်မင်၍ ဟောပြောပွဲများစွာ အတူသွားခဲ့ကြသည်။

ပဲနွယ်ကုန်း ဟောပြောပွဲတွင် စာရေးဆရာ မြတ်ထန်၊ ပျဉ်းမနား မောင်နီသင်းနှင့် ကျွန်တော်တို့သုံးယောက် ဟောပြောရသည်။ ထိုသုံးယောက်မှာ ကျွန်တော်က စာပေဟောပြောပွဲ ဝါအနုဆုံးဖြစ်၍ ရှေ့ဆုံးမှ ထွက်ရသည်။

ကျွန်တော်တို့ မဟောမီ စင်ပေါ်မှာ မူကြိုကလေးများ၏ ကဗျာရွတ်ပြိုင်ပွဲကျင်းပသည်။

ကျောင်းသားလေး တစ်ယောက်တက်လာသည်။ တိုက်ပုံအင်္ကျီနှင့် ပုဆိုးစိမ်းလေးနှင့် ခေါင်းကိုသပ်သပ်ရပ်ရပ်ဖြီးထားပြီး ပါးမှာ သနပ်ခါးပါးကွက်လေးများ လိမ်းထားသည်။

မိုက်ကရိုဖုန်းရှေ့ ရောက်သည်နှင့် သူ့ကိုယ်သူ မိတ်ဆက်သည်။





"သားသားကတော့ . . . ပဲနွယ်ကုန်း မူကြိုကျောင်းက ကျောင်းသားလေး မောင် . . . ဖြစ်ပါတယ် ခင်ဗျား ဒီနေ့ သားသား ရွတ်မယ့် ကဗျာလေးကတော့ . . ."

မိတ်ဆက်စကားပြောပြီးသည်နှင့် ကဗျာလေးကို ရွတ်ပါသည်။

နောက်တစ်ယောက် တက်လာသည်က မိန်းကလေး

"မီးမီးကတော့ ပြွန်တန်ဆာ မူကြိုကျောင်းက ကျောင်းသူလေး . . . ဖြစ်ပါတယ်ရှင် . . . ဒီနေ့ မီးမီးရွတ်မယ့် ကဗျာလေးကတော့ . . ."

ကဗျာတစ်ပုဒ် ရွတ်ပါသည်။ ပြီးဆုံးသည်နှင့် ကျွန်တော်တို့ပရိသတ်က လက်ခုပ်တီး၍ ကောင်းချီးပေးကြသည်။

ကလေးများအားလုံး ကဗျာရွတ်ပြိုင်ပွဲ ပြီးသောအခါ ပထမ၊ ဒုတိယ၊ တတိယ ဆုများပေးပြီးလျှင် ဟောပြောပွဲ စတော့မည်။

"အစ်ကို . . . အစ်ကို"

ဘေးချင်း ယှဉ်ထိုင်နေသော မောင်နီသင်းက ကျွန်တော့်ကို လက်တို့ပြီး ခေါ်သည်။

ကျွန်တော် သူ့ဘက်လှည့်ကြည့်လိုက်သည်။

"အစ်ကို အရင်ဟောရမှာ . . . အစ်ကို စင်ပေါ်ရောက်ရင် မိုက်ကရိုဖုန်းရှေ့မှာ ရပ်လိုက် . . . ပြီးတော့ မဟောနဲ့ဦး



www.burmeseclassic.com

www.burmeseclassic.com



ပရိတ်သတ်ကိုကြည့်ပြီး ကလေးတွေလုပ်သလို လက်ပိုက်လိုက်ပြီးတော့မှ သားသားကတော့ ရန်ကုန်မူကြိုကျောင်းမှ ကျောင်းသားလေး လယ်တွင်းသားစောချစ် ဖြစ်ပါတယ် ခင်ဗျာလို့ ပြောလိုက်၊ ပရိသတ် အားလုံးအုန်းခနဲ ပွဲကျသွားလိမ့်မယ် ''

မောင်နီသင်းက ကျွန်တော့်ကို အကြံကောင်းဉာဏ်ကောင်း ပေးပါသည်။

''ရယ်ပါ့မလား ...''

ကျွန်တော်မယုံမရဲ စိတ်နှင့် ပြန်မေးမိသည်။

''ဟာ ... ရယ်မှာ သေချာတယ်''

မောင်နီသင်းက အာမခံရဲသည်။

''မရယ်ရင် ... ဘယ်လိုလုပ်မလဲ''

ကျွန်တော့် မေးခွန်းကြောင့် သူခဏစဉ်းစားသည်။

''မရယ်တဲ့ကို မနေနိုင်ဘူး ... ရယ်မှာ သေချာပါတယ်''

''သေချာပါ့မလား''

ကျွန်တော်က ထပ်မေးသည်။

''သေချာတယ်''

သူက စာပေဟောပြောပွဲ ဝါရင့်၊ သဘာရင့်ဖြစ်သည်။ သူ ကိုယ်တိုင်လည်း အောင်မြင်စွာ ပြောနိုင်သူဖြစ်၍ သူ့စကားကို ကျွန်တော်ယုံကြည်သည်။





''ငါ ပြောကြည့်မယ်''

ကျွန်တော်သဘောတူလိုက်သည်။

သူတို့မှာ ရယ်စရာပြော၍ လူအားလုံး တအုန်းအုန်းဖြစ်အောင် ဖြုတ်ချနိုင်ကြသည်။ ကျွန်တော်တစ်ခါမျှ အုန်းခနဲရယ်သံကြားရအောင် မပြောနိုင်သေးပါ။

ကဗျာရွတ်သော ကလေးများ၏ ပုံတူ လုပ်ပြလိုက်လျှင် လူ အားလုံး အုန်းခနဲရယ်သံထွက်လာလိမ့်မည်။ ထိုအခါ ကိုယ့်အတွက် ပထမဆုံးအောင်မြင်မှု ဖြစ်လိမ့်မည်။ ဝမ်းသာစရာ။ ပရိသတ်များလည်း ပျော်သွားလိမ့်မည်။ ကြိုးစားကြည့်ရမည်။

ဟောပြောပွဲ စပါပြီ။

ကျွန်တော့်ကို စင်ပေါ်တက်ဖို့ ခေါ်နေပြီ။ ကျွန်တော် စင်ပေါ်တက်သွားသည်။

ကျွန်တော့် အရပ်မှာ ခြောက်ပေရှိသည်။ ကာယဗလ ကြံ့ခိုင်သည်။ ဝတ်ဆင်ထားသည်ကလည်း စတစ်ကော်လာနှင့် တိုက်ပုံနှင့် မျက်နှာက တည်သည်။ တင်းသည်။

ပြောဖူးပြောစ နည်းသူတို့ထုံးစံအတိုင်း ကြောက်ရွံ့စိတ်ကို တွန်းလှန်ပြီး တည်တင်းနေရခြင်းဖြစ်သည်။

မိုက်ကရိုဖုန်း ရှေ့မှာရပ်လိုက်ပြီ။

ပရိသတ်ကို ကြည့်လိုက်သည်။ ပရိသတ်များ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်နေသည်။ မောင်နီသင်း သင်ပေးသည့်အတိုင်း ကျွန်တော်လက် ပိုက်လိုက်သည်။

"သားသားကတော့ ရန်ကုန်မြို့ မူကြိုကျောင်းက ကျောင်းသားလေး လယ်တွင်းသားစောချစ် ဖြစ်ပါတယ် ခင်ဗျာ"

အုန်းခနဲ ပေါက်ကွဲသော ရယ်သံထွက်လာမည်ထင်၍ ကျွန်တော် အရင်းအနှီးကြီးစွာနှင့် ကြိုးစားလိုက်ခြင်း ဖြစ်ပါသည်။

ရှုံ့အပြည့်ရှိသောပရိသတ်များ တစ်ယောက်မျှမရယ်ကြပါ။

မရယ်ရုံသာမက ကျွန်တော့်ကိုကြည့်ပြီး အံ့အားသင့်၍ တောင့်တောင့်တင်းတင်း ဖြစ်နေကြသည်။

"ဘာလုပ်တာလဲ ... ဘယ်လိုကြီးလဲ ..."

ဆိုသော မျက်လုံးများနှင့် အံ့အားသင့်နေကြခြင်းဖြစ်သည်။

ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိပါ။ ဘာဆက်ပြောရမှန်းလည်း မသိတော့ပါ။ မူလကပြောရန် ပြင်ဆင်ထားသည်များလည်း ထွက်ပြေးပျောက်ကွက်သွားကြပြီ။

ကိုယ့်သိက္ခာကိုပင် မငဲ့ကွက်၊ အရင်းအနှီးကြီးစွာ ကြိုးစားရသော ဟာသမှာ လုံးဝမအောင်မြင်၍ အရှက်ကြီးရှက်ရသည်။

စင်ပေါ်မှာ မတ်တပ်ရပ်လျက် အသက်ပျောက်သွားလျှင် ကောင်းမည်ဟုပင် သေချင်စိတ် ဖြစ်မိသည်။





ရှေ့ဆုံးအတန်းမှ မောင်နီသင်းကို မကျေမနပ် လှမ်းကြည့်လိုက်သည်။ သူ မြှောက်ပေး၍ လုပ်မိခြင်းဖြစ်သည်။ သူ့မှာလည်း ကျွန်တော့်ကိုကြည့်ပြီး မသက်မသာ တောင့်တောင့်ကြီး ဖြစ်နေသည်။

နီးများနီးလျှင် သူ့မျက်နှာကြီးကို လက်သီးနှင့် ထိုးချင်စိတ် ဖြစ်မိပါသည်။

အမှန်စင်စစ် ထိုစကားကို သူကိုယ်တိုင်ပြောလျှင် ရယ်ချင်ရယ်ရမည်။ ကျွန်တော့်အမူအရာ လေသံ၊ ဟန်ပန်၊ အံမကျ၍လည်း ဖြစ်နိုင်သည်။

ရယ်စရာ ပြောသည်မှာ လွယ်သည်ထင်ရသော်လည်း တကယ်လုပ်ကြည့်မှ အဟုတ်ခက်ကြောင်း နားလည်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## ●ဟောပြောခြင်းနှင့် ပုံတိုပတ်စ●

ဟောပြောသည့်အခါတွင် မိမိ ပြောလိုသည့်အချက်ပေါ်တွင် ထင်ရှားစေရန်နှင့် ပရိသတ်မပျင်းမငြီး စေရန် ပုံတိုပတ်စလေးများ၊ ဇာတ်နိပါတ်များ၊ ကိုယ်တွေ့ဖြစ်ရပ်များနှင့် ထင်ဟပ်ပြောတတ်ကြ၏။ ကောင်းပါသည်။ ပရိသတ်စိတ်ဝင်စားရုံမက ဆိုလိုသည့် အချက်ကိုလည်း ထင်ရှားစွာ နားလည်စေပါ သည်။

သို့သော် ပြောလိုသောအချက်က အဓိက ဖြစ်ရမည်။ ပုံပြင်က ပံ့ပိုးခြင်းဖြစ်ရမည်။ ပုံပြောချင်၍ အချက်အလက်ကို အစဖော်ခြင်း မဖြစ်သင့်ပါ။ ပြောရာတွင်လည်း အဓိက ပြောလိုချက်ထက် ပုံပြင်က ပို၍အရေးတကြီး ဖြစ်မသွားသင့်ပါ။ လိုအပ်သည်ထက် အချိန်များစွာ ယူပြီး ပုံပြင်ကို တခမ်းတနား အစအဆုံးပြောနေခြင်းမျိုးလည်း မဖြစ်သင့်ပါ။





လူများစွာ ဖန်တစ်ရာတေအောင် ပြောနေသိနေကြသည့် အစ်ကြောင်းထပ် ပုံပြင်များလည်း မဖြစ်သင့်ပါ။ မကြား မသိဘူးသေးသည့် ထူးခြားသောပုံပြင်များ ဖြစ်ရပ်များကို ပရိသတ်များပို၍ သဘောကျပါသည်။

### ဟောပြောခြင်းနှင့် အလင်္ကာ

ဟောပြောရ စကားထန်သော အလင်္ကာနှင့် ပြောနိုင်လျှင် ပို၍စိတ်ဝင်စားစရာဖြစ်၏။ ပြောသူနားစွဲ၍ မှတ်မှတ်သားသားလည်း ဖြစ်ပါသည်။

''အဲဒီတုန်းက နိုင်ငံတော်က ချောက်ထဲကျဖို့ လက်တစ်လုံးလောက်ပဲ လိုတော့တယ် ...''ဟူသော ပြောဆိုခြင်းသည် ဝက်ဝုတ္တိ အလင်္ကာဖြစ်၏။ နိုင်ငံတော် ဒုက္ခရောက်တော့မည့် အခြေအနေကို ထင်ရှားစွာ ပေါ်လွင်စေပါသည်။

''နယ်ချဲ့ အလိုတော်ရိ ပုဆိန်ရိုးတွေကို ဖော်ထုတ်ချေမှုန်း ပစ်ရမယ် ...''ဟူသော စကားတွင် ပုဆိန်ရိုးမှာ ရူပက အလင်္ကာဖြစ်ပါသည်။ သစ်တောကို သစွာဖျက်၍ ပျက်စီးနေသော သစ်သားဖြစ်သည့် ပုဆိန်ရိုးနှင့် ကိုယ့်အမျိုးကို သစ္စာဖောက်သော နယ်ချဲ့လက်ပါးစေကို ထပ်တူပြုထားခြင်းဖြစ်သည်။

''ပါးစပ် သေနတ်ပစ်နေကြတဲ့ လူတွေပါ ... သကြန်အမြောက်တွေပါ ...''



www.burmeseclassic.com

www.burmeseclassic.com



ရှုပက အလင်္ကာဖြစ်သည်။

"လေ့ခွက်ချည်းကျန်လဲ အလံမလှဲဘူး ..."

အရှုံးမပေးဘူး ဆိုသည်ကို အလင်္ကာဖြင့် သွယ်ဝိုက်ပြောဆိုခြင်းဖြစ်သည်။

"ကျားကို သတ်သတ်လွတ် စားခိုင်းသလို အရင်းရှင်ကို ခေါင်းပုံမဖြတ်ဖို့ ရွေပြည်အေးတရား ဟောနေလို့ မရဘူး"

ဥပမာအလင်္ကာ ဖြစ်သည်။

အလင်္ကာနှင့် ပြောခြင်းသည် စကားပြောင်မြောက်သည်။ ဆိုလိုသည့် အချက်ကို ပေါ်လွင်ထင်ရှားစေသည်။ တိတွင်ဉာဏ်ဖြင့် တိတွင်ပြောဆိုခဲ့ကြသော စကားများသည်တွင် ကျန်နေခဲ့တတ်သည်။

အလင်္ကာတို့ကို အသုံးပြုရာတွင် သူများပြောခဲ့သည့် ဆိုသည်မ လက်သုပ်ဖတ် ဖြစ်နေသောအလင်္ကာများကို အလွယ်ယူ၍ အပ်ကြောင်းထပ် မနေသင့်ပါ။ အခြေအနေ၊ အချိန်အခါ ဖြစ်ရပ်အကြောင်းခြင်းရာနှင့် လိုက်ဖက်သော အလင်္ကာများကို ကိုယ်တိုင်တီထွင်၍ ပြောနိုင်အောင် ကြိုးစားသင့်သည်။

အလင်္ကာနှင့် စကားပြောရာတွင် လုတောသားတို့ကို အတုယူသင့်သည်။ လုတောသားတို့သည် သူ့ဝန်းကျင်မှာ တွေ့မြင်ရသည်တို့ကို အခြေပြု၍ ပြောင်မြောက်စွာ ပေါ်လွင်အောင် အလင်္ကာနှင့် တန်ဆာဆင်၍ ပြောတတ်ကြသည်။





အောက်ပြည်အောက်ရွာ ရောက်လာသော လုတောသားသည် မြစ်ဆိပ်ကမ်းနား၌ လှေသမ္ဗန်များ တန်းစီဆိုက်ထားသည်ကို ဘွားခနဲမြင်လိုက်ရသော အခါ ...

"ဟာ ... အလျှုအိမ်မှာ ဖိနပ်တွေ ချွတ်ထားတာကျနေတာပဲ ..."

သူမြင်ဖူးသည်နှင့် နှိုင်းယှဉ်တင်ပြလိုက်သော ဥပမာအလင်္ကာဖြစ်သည်။

"စစ်ကြောင်းကြီးငါးကြောင်း၊ ကျေးရွာဆင်းလာတယ်။ ပြောင်းဖူးပြုတ်တွေ ချကျွေးလိုက်တာ ... အတော်ဆာလာပုံရပါတယ်။ စားလိုက်ကြတာ ဘာကျာမြိုင်မှုတ်တာ ကျနေတာပဲ ..."

လုတောသား၏ စကားဖြစ်သည်။ ဥပမာ အလင်္ကာဖြစ်သည်။

လုတောမှ အမျိုးသမီးက ကားလမ်းပေါ်တက်ဆော့နေသော သားငယ်ကို လှမ်းပြောလိုက်သည်။

"ဟဲ့ ကောင်လေး ကားလမ်းပေါ်သွားမဆော့နဲ့ ... ယောက် သွားနဲ့ ခြစ်ယူနေရမယ် ..."

ကားတက်နင်း၍ ပြားကပ်သွားမည်ကို ဝက်ဝှတ္တိ အလင်္ကာ ဖြင့် ပြောခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စက်ဘီးတာရာပါးလိုက်ပုံများတော့ ဆံပင်ညှပ်ဆိုင် ရှေ့တောင် ဖြတ်မစီးရဲဘူး ..."

အတိဿယဝုတ္တိ အလင်္ကာဖြစ်သည်။

ကိုယ့်ပတ်ဝန်းကျင်မှာ တွေ့မြင်သိရှိနေသည်တို့ကို အခြေပြု၍ အခြေအနေ အချိန်အခါနှင့် ကိုက်ညီသော အလင်္ကာတို့ကို တီထွင်ကြံဆနိုင်ခြင်းဖြင့် ပြောင်မြောက်သော ပြောဆိုခြင်းများ ဖြစ်အောင်ကြိုးစားသင့်ပါသည်။



## ဟောပြောခြင်းနှင့် အနုပညာ

ဟောပြောခြင်းမှာ နားထောင်နေသော ပရိသတ်ကို ရယ်အောင်၊ ငိုအောင်၊ ဒေါသဖြစ်လာအောင် သတ္တိသွေး နိုးရဲလာအောင်၊ ကြောက်လန့်အောင်၊ ချစ်ခင်အောင်၊ သနားအောင်၊ အံ့ဩထိတ်လန့်ဖြစ်အောင်၊ ရသမျိုးစုံနှင့် ပြောရသည်။ ဟောပြောသူကောင်းလျှင် ကောင်းသလောက် ပရိသတ်များမှာ ရသရေယဉ်ကြောမှာ မျောပါသွားကြသည်။

စာရေးသူသည် ရသစာပေဖြင့် စာဖတ်သူကို ဆွဲဆောင်နိုင်လျှင် စာပေအနုပညာရှင် ဖြစ်ပါသည်။

ဟောပြောသူသည်လည်း စကားလုံးများဖြင့် နားထောင်သောပရိသတ်ကို ဆွဲဆောင်ဖမ်းစားနိုင်လျင် အောင်မြင်သော အနုပညာရှင် ဖြစ်ပါသည်။

ဟောပြောသည့် အနုပညာရှင်မှာ စာပေအနုပညာရှင်ထက် ပိုခက်ပါသည်။ စာရေးသူသည် အချိန်ယူရေး၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသေးလျှင် အချိန်များစွာယူပြီး တွေးရှာရသည်။ တွေးပြီးမှ စိတ်ကြိုက်ပြန်ရေးသည်။ မကောင်းသေးလျှင် ပြန်ပြင်ရေးနိုင်သေးသည်။

ဟောပြောသူမှာ ပရိသတ်ရှေ့တွင် အစဉ်မပြတ် ပြောဟောနေရသည်။ ရပ်နားပြီးတွေးချိန်မရ။ မှားသွားလျှင် ပြန်ပြင်၍မရ။ ပရိသတ်၏ တုံ့ပြန်မှုကလည်း ချက်ချင်းရင်ဆိုင်နေရသည်။ ထို့ကြောင့် အလက်ာအဆင်တန်ဆာ အမျိုးစုံဖြင့် ရသမြောက်အောင် ဟောပြောနိုင်ကြသော ဟောပြောသူ အနုပညာရှင်များမှာ ပို၍ လေးစားစရာဖြစ်ပါသည်။

ဝါသနာကြီးရုံမက ကြိုးစားအားထုတ်ခြင်း ကြီးမားမှလည်း အောင်မြင်မည် ဖြစ်ပေသည်။



## ဟောပြောရာတွင် ရှောင်ကြဉ်ရမည်များ

### အားနည်းချက်ကို မပြောသင့်

စင်ပေါ်တက်၍ ဟောပြောသူကို မပြောမီအထိ ပရိသတ်က အထင်ကြီးလေးစားနေ၏။ ဘာပြောမည်ကို သိချင်စိတ်ဖြင့် နားစွင့်နေကြ၏။ အချို့ဟောပြောသူများက နှိမ့်ချသည့်သဘောဖြင့် မိမိမှာ ဘာမျှတတ်သိနားလည်သူ မဟုတ်ပါကြောင်း၊ အပြောမတတ်လျှင် အပြောမကောင်းလျှင် ခွင့်လွှတ်ပါမည့်အကြောင်း၊ နိဒါန်းစကားဖြင့် တောင်းပန်သည်။ မပြောသင့်ပါ။ မိမိကို စိတ်ဝင်စားစွာ မျှော်လင့်စောင့်စား၍ နားထောင်နေသူများကို စိတ်အားမပျက်စေသင့်ပါ။

အချို့ကတော့ မိမိ၏ အားနည်းချက်ကို ကြိုတင်ဝန်ခံထားလျှင် သက်သာမည်ထင်ပြီး "ဟောပြောသည့် အတွေ့အကြုံမရှိ၍ မပြောတတ်ကြောင်း" ဘာမျှပြင်ဆင်မထား၍ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပြောရမှန်းမသိကြောင်း'' ပြောဆိုတတ်ကြသည်။ ပြောဆိုရန် မသင့်ပါ။

စပြောသည်နှင့် ပရိသတ်စိတ်မှာ အထင်သေးစရာ မဖြစ်စေသင့်ပါ။ ''ဘာမှ ပြင်မထားလို့ ဘာပြောမရမှန်း မသိဘဲ မပြောနဲ့ပေါ့ ...'' ဟူသော မကျေနပ်စရာအတွေးအမြင် မျိုးဖြစ်လျှင် မကောင်းပါ။

ပရိသတ်ကို လေးစားစွာနှုတ်ဆက်စကား၊ မေတ္တာစကား ပြောလျှင် လုံလောက်ပြီဖြစ်ပါသည်။

## ကိုယ်ရည်သွေးကြွားဝါမပြောသင့်

ပရိသတ်ရှေ့မှာ ကိုယ်ရည်သွေးစကားကို သိသိသာသာ ဖြစ်စေ၊ မသိမသာဖြစ်စေ မပြောသင့်ပါ။ ပြောလျှင် ပရိသတ်များ သိပါသည်။ လူတို့သဘာဝမှာ ကိုယ်ရည်သွေးမှန်းသိလျှင် မနှစ်သက်ပါ။ ကိုယ့်အကြောင်း ဝါကြွားပြောဆိုလျှင်လည်း နားထောင်သူများမကြိုက်ပါ။ ကြွားဝါခြင်း၏ ရည်ရွယ်ချက်မှာ မိမိကို အထင်ကြီးစေချင်၍ဖြစ်သည်။ ရသည်မှာ ပြောင်းပြန်ဖြစ်သည်။ ကြွားဝါသူကို လူများအထင်သေးကြသည်။

အချို့သော ဟောပြောသူများသည် စင်ပေါ်မှာ မဆင်မခြင် ကြွားဝါတတ်ကြသည်။ မိမိ၏ အောင်မြင်မှု၊ ချမ်းသာကြွယ်ဝမှု၊ ပြည့်စုံမှုတို့ကို ဟုတ်မှန်သည်ပင်ဖြစ်သော်လည်း ကြွား





ဝါလိုသော သဘောဖြင့် မပြောသင့်ပါ။ မကြွားမဝါလျှင် ဂုဏ်တင့်ပါသည်။ ကိုယ်ရည်မသွေးလျှင် မထင်သေးခံရမည် မဟုတ်ပါ။

## ဆရာကြီးလုပ်ပြီး မပြောသင့်

ပရိသတ်ရှေ့မှာ စကားပြောရာတွင် မိမိကိုယ်ကို သိပ်သိ၊ သိပ်တတ်သော ပုံမျိုးနှင့် ဆရာကြီးလုပ်ပြီးမပြောသင့်ပါ။ ဆရာကြီး လေသံ ဆရာကြီးဟန်ပန်နှင့် ဆရာကြီးလုပ်ပြီး ပြောသည်ကို နားထောင်သူများသဘောမကျပါ။ ဟောပြောသည်မှာ သင်ကြားနေသည်မဟုတ်ပါ။ ဟောပြောပွဲ ပရိသတ်မှာ တပည့်များမဟုတ်ပါ။ ဟောပြောပွဲ နားထောင်သူ များကလည်း ဟောပြောသူကို ဆရာဟု မှတ်ယူထားကြသည်မဟုတ်ပါ။ ပြောသည့်အကြောင်းအရာ လေးစားစရာ ပါလျှင် လေးစားမည်၊ မှတ်သားစရာပါလျှင် မှတ်သားမည်။ ဟောပြောသူအနေဖြင့် မထင်ကြီးလေးစားစရာ ဖြစ်လျှင် အထင်ကြီးလေးစားမည်သာ ဖြစ်သည်။

မိမိနားလည်သည်ကို ဆွေးနွေးခြင်း၊ ပရိသတ်သို့မြင်အောင် တင်ပြခြင်း၊ မိမိသိမြင်သည်ကို ရှင်းလင်းပြောကြားခြင်း၊ မိမိတွေ့ကြုံခဲ့ရသည့် ဝမ်းနည်းဝမ်းသာဖြစ်ရပ်များကို မျှဝေခံစားခြင်းသာဖြစ်သင့်သည်။ ဟောပြောသူသည် ဆရာမဟုတ်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာလုပ်စရာလည်း မရှိပါ။ ပြောပုံ ဆိုပုံ ဟန်ပန်အမူအရာမှစ၍ ဆရာကြီးပုံ ပေါက်မနေအောင် သတိထား၍ ရိုးသားစွာစကား ပြောပြောသင့်ပါသည်။

## ပရိသတ်ကို မစော်ကားသင့်

ဟောပြောသူသည် ပရိသတ်ကို လေးစားရမည်ဖြစ်သည်။ ပရိသတ်ရှေ့မှ စင်မြင့်ပေါ်သို့ ရောက်သွားသည်နှင့် ပရိသတ်ကို အပေါ်စီးမှ ဆက်ဆံသောလေသံမျိုး မဖြစ်သင့်ပါ။ ပရိသတ်စိတ်ဝင်စားအောင် မပြောနိုင်လျှင် ကိုယ့်အားနည်းချက်သာဖြစ်သည်။ ပရိသတ်ကို ဟောက်လိုက် ငေါက်လိုက် မလုပ်သင့်ပါ။

အချို့ဟောပြောပွဲတွင် နောက်ဖက်မှ ကောင်းစွာမကြားရ၍ စကားပြောသံများ ထွက်ပေါ်နေသည်။ ဖြစ်နိုင်သမျှ ကိုယ့်အသံကို မြှင့်တင်၍ ပရိသတ်စိတ်ဝင်စားအောင် ကြိုးစားရမည်သာ ဖြစ်သည်။ ပရိသတ်ကို မကျေမနပ်ပြောဆို အပြစ်တင်ခြင်း မပြုသင့်ပါ။

အချို့မှာ မိမိဒေါသကို မထိန်းနိုင်ဘဲ စင်ပေါ်မှနေ၍ "နားမထောင်ချင်ရင်ထွက်သွား ... စကားတော့များမနေကြနဲ့ ..." ဟု ပြောဆိုခြင်းသည် ပရိသတ်ကို စော်ကားခြင်းဖြစ်သည်။ လုံးဝ မပြောသင့်ပါ။





## ဒေသကို မစော်ကားသင့်

ဟောပြောပွဲ တစ်ခုတွင် ဟောပြောသူသည် ခင်ဗျားတို့ ဒီမြို့ဘေးမှာ ဖြတ်ပြီး စီးဆင်းနေတဲ့ချောင်းအကြောင်းကို ဘယ်လောက်သိလဲ။ ကိုယ့်မြို့ဘေးမှာရှိနေတဲ့ ချောင်းကို ခင်ဗျားတို့ မိဘဘိုးဘွားတွေလည်း မသိဘူး။ အေး ... ကျွန်တော်သိတယ်၊ ဒီနေ့ပြောပြမယ် ...။ ခင်ဗျားတို့ အသေအချာ နားထောင်ပြီးတော့ တစ်သက်လုံး မှတ်ထားကြ ..."

သူပြောပုံမှာ ဒေသနှင့်တကွ မြို့ခံလူများကို စော်ကားနေသည်။ သူ့မှာ ထိုသို့စော်ကားခွင့်မရှိပါ။ နားထောင်သူများ မကျေနပ်ကြပါ။ အသံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။ အများစုကတော့ အားနာစိတ်နှင့် ဆက်နားထောင်နေကြပါသည်။

ဟောပြောပွဲတစ်ခုမှာတော့ ကလေးများဆူညံနေ၍ ဟောပြောသူက "ခင်ဗျားတို့မြို့က မိမဆုံးမ ဖမဆုံးမ ကလေးတွေ"ဟု ပြောသောကြောင့် မြို့ခံလူများ မကျေမနပ် ဖြစ်ကြသည်။ ဒေသကိုစော်ကား၍ မပြောမိအောင် သတိထားသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ရှိုင်းပျစွာမပြောသင့်

ဟောပြောရာတွင် စကားအသုံးအနှုန်း ရိုင်းပျခြင်းမရှိအောင် သတိထားသင့်သည်။ စောက်သုံးမကျဘူး။ အလကားကောင်တွေ . . . အဲဒီ ကောင်မျိုးတွေ . . . ခွေးမသားတွေ ပါးရိုက်ပစ်မယ် . . . နွားတွေ . . . ဖင်ခေါင်းကျယ် . . . စသည့် ရိုင်းပျသောစကားဝေါဟာရအသုံးအနှုန်းများ ကြမ်းတမ်း ခက်ထန်သောလေသံများ ပြောရန်မသင့်ပါ။ ရိုင်းပျသောစကား ဝေါဟာရများကိုပြောလျှင် လေသံပါကြမ်းလာသည်။ မျက်နှာ အမူအရာလည်းဆိုး၍ ဥပမိရုပ်ပါပျက်လာသည်။ ပရိသတ်ရှေ့မှာ တစ်ယောက်တည်း အကျည်းတန်စွာ စိတ်ပျက်စရာဖြစ်စေပါသည်။

## ပေါ့တီးပေါ့ပျက်မပြောသင့်

မည်သည့်အကြောင်းကြောင့် ပြောရည်ဖြစ်စေ ပရိသတ်ရှေ့မှာ စကားပြောရာတွင် ပေါ့တီးပေါ့ပြက် မဖြစ်သင့်ပါ။ မိမိကို စိတ်ဝင်စားစွာနှင့် လေးလေးစားစား နားထောင်နေကြသော ပရိသတ်ကို လေးစားရမည်ဖြစ်သည်။ လေသံဟန်ပန်မူရာ မှစ၍ အလေးအနက် ရှိရမည်။ မပြောချင်သလို ပြောချင်သလို မဖြစ်သင့်ပါ။ ထိုသို့ ပြုခြင်းသည် ပရိသတ်ကို စော်ကားခြင်းဖြစ်သည်။ ဟောပြောပွဲကို စော်ကားခြင်းဖြစ်သည်။ မိမိ ဂုဏ်သိက္ခာနှင့်





အမည်သိတင်းကို ထိခိုက်စေတတ်သည်။ ဆင်ခြင် ရှောင်ကြဉ်သင့်ပါ၏။

## အသေအချာမသိသည်ကို မပြောသင့်

ဟောပြောရာတွင် မိမိအသေအချာသိသည်များကိုသာ ပြောသင့်သည်။ ကြီးကျယ်ခမ်းနားစေချင်၍ ကြားဖူးနားဝရှိသည်တို့ကို အသေအချာမသိဘဲ မပြောသင့်ပါ။ ကိုယ် မရောက်ဖူးသော တိုင်းပြည်ကို ရောက်ဖူးလေသည့်ဟန်၊ ကိုယ်မရင်းနှီးသော ပုဂ္ဂိုလ်ကို ရင်းနှီးလေသည့်ဟန်၊ ကိုယ်ပါဝင်ခဲ့ခြင်း မရှိသော ဖြစ်ရပ်တွင် ပါဝင်ခဲ့သည့်ဟန် မပြောသင့်ပါ။ လေးနက်စေချင်၍ ဟုဆိုလျှင်လည်း မရိုးမသား လုပ်ကြံခြင်းဖြစ်သည်။ တစ်ယောက်ယောက်က ပြန်မေးလျှင် ဖြေနိုင်မှ ကောင်းသည်။ မဖြေနိုင်မှ လျှော့ချလျှင် အရှက်တကွဲဖြစ်ရတတ်သည်။

သူများကိုယ်တွေ့ကို ကိုယ့်ကိုယ်တွေ့လုပ်ပြော၍ အခက်အခဲကြုံရဖူးသည်။ သင်တန်းတစ်ခုတွင် ဟောပြောပို့ချသူ နှစ်ဦးသည် ကျွန်တော့်ကိုယ်တွေ့ ဆိုသောဖြစ်စဉ်မှာ အစအဆုံးတူညီနေသည်။

သင်တန်းသားများက ဘဝင်မကျ၍ ပြန်မေးသောအခါ နှစ်ယောက်စလုံး၏ ကိုယ်တွေ့မဟုတ်ဘဲ သူတို့ဆရာ၏ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖြစ်နေသည်။ သူတို့ဆရာပြောသည်ကို သဘောကျ၍ ကိုယ့်ကိုယ်တွေ့လုပ်ပြီး ယူပြောလိုက်ကြခြင်းဖြစ်သည်။

သဘောကျ၍ ပြောချင်လျှင်လည်း ဆရာ့ကိုယ်တွေ့ဖြစ်ကြောင်း စကားခံပြီး ပြော၍ရပါသည်။ ကိုယ်ပြောသည့်စကား ကိုယ်တာဝန်ခံနိုင်ရန် လိုပါသည်။

အသေအချာမသိသော ပါဠိစကားများကိုလည်း မပြောသင့်ပါ။ အနမတဂ္ဂကို အနဝတ္တဂ္ဂမဟု ပြောသည်များ မကြာခဏ ကြားရပါသည်။ အလားတူ မှားနည်းများစွာ မှားနိုင်ပါသည်။ ပြောချင်လျှင် အသေအချာသိမှ ပြောသင့်သည်။

## မဟုတ်မမှန်လုပ်ကြံမပြောသင့်

သိပ်အပြောကောင်းသည်။ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောနိုင်သည်၊ လိပ်ကို ကြမ်းပိုးဖြစ်အောင်ပြောနိုင်သည် ဆိုသော စကားများကို အထင်မကြီးသင့် အားမကျသင့်ပါ။ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောခြင်းသည် မမှန်မကန်လုပ်ကြံ ပြောခြင်းသာ ဖြစ်သည်။ မည်မျှပင် အပြောကောင်း မပြောတတ်စေကာမူ လိမ်ညာလုပ်ကြံပြောခြင်းသည် မရိုးသားမှုဖြစ်သည်။ ကောက်ကျစ်စဉ်းလဲမှုလည်း ဖြစ်သည်။

မည်မျှပင် ပီရိသောလိမ်ညာမှုဖြစ်ပါစေ၊ အနေးနှင့်အမြန်





အမှန်ပေါ်ပေါက်သည်သာ ဖြစ်သည်။ ပေါ်ပေါက်လျှင် လေးစားစွာ ယုံကြည်ခဲ့သူများ၏ အထင်သေးမှုသာမက နာကျည်းမုန်းတီးမှုကိုပါ ခံရသည်။

လိမ်ညာပြောနေစဉ်မှာပင် အများစုက မသိ၍ သဘောကျ လက်ခံသော်လည်း သိသူများက အထင်သေးပါလိမ့်မည်။

ရိုးသားခြင်းသည် အစဉ်ထာဝရ နိုင်မာသည်။ မသိ၍ မှားပြောလျှင် ခွင့်လွှတ်နိုင်စရာ ရှိသေးသည်၊ သိလျက်နှင့် လိမ်ညာပြောလျှင် ခွင့်လွှတ်စရာမရှိ။ အပြောကောင်းသည်။ အပြောတတ်သည်ဟူ၍ အမှန်ကို အမှား၊ အမှားကို အမှန်ဖြစ်အောင် ပြောလျှင်ကား ဟောပြောခြင်းကို လွဲမှားစွာ အသုံးချခြင်းဖြစ်သည်။

အဟောကောင်း အပြောကောင်း မဖြစ်ချင်နေပါစေ၊ ယုတ်ညံ့စွာ လိမ်ညာပြောကြားသူ မဖြစ်စေသင့်ပါ။ နေရာတိုင်းတွင် စစ်မှန်သောအောင်မြင်မှုကို ရလိုလျှင် မှန်ကန်မှုကို အခြေခံရမည် ဖြစ်ပါသည်။

## လုပ်ဟန်လုပ်သံ မဖြစ်သင့်

ပရိသတ်ကို ဟောပြောရာတွင် လုပ်ဟန်လုပ်သံများနှင့် မဖြစ်သင့်ပါ။ အကျင့်ပါ၍ ထပ်ခါထပ်ခါ ဖြစ်နေသော လုပ်ဟန်မှာ



www.burmeseclassic.com

www.burmeseclassic.com



မသင့်သလို တမင်လုပ်နေသော ဟန်များမှာလည်း မကောင်းပါ။ ပြောသည့်အကြောင်းအရာနှင့် အံဝင်ခွင်ကျဖြစ်နေသည့် ဟန်ပန်များသာ ကောင်းပါသည်။ ထိုဟန်ပန်များသည် စိတ်ပါလက်ပါ ပြောရာမှ အလိုလိုတသားတည်းကျသွားသည့် ဟန်ပန်အမူအရာများဖြစ်သည်။ ဟာသပြောခြင်းကို အထောက်အကူပြုသည့် ကောင်းသောဟန်ပန်အမူအရာ ဖြစ်ပါသည်။

တမင်သက်သက် လုပအောင် ကွေးကောက်ပြီး ကဟန်နှင့် ပြောသည်ကို မြင်ဖူးပါသည်။ ပြောသည့်အကြောင်းအရာကို အထောက်အပံ့မဖြစ်ပါ။ အကျင့်ပါနေသော ဟန်လည်းမဟုတ်ပါ။ တမင်သက်သက်လုပ်နေသော ဟန်ဖြစ်ပါသည်။ တမင်သက်သက် အဆန်းထွင်သော ဟန်ပန်များ မလုပ်သင့်ပါ။ ပြောဆိုခြင်းကို အထောက်အပံ့မဖြစ်သည့်အပြင် အနှောင့်အယှက်ပင် ဖြစ်သည်။ ပရိသတ်မျက်စိနောက်လျှင် မကောင်းပါ။

လုပ်ဟန် မကောင်းသလို လုပ်သံလည်းမကောင်းပါ။ ဟာသပြောသူသည် မိမိ၏ပင်ကိုယ်အတိုင်းသာလျှင် မတိုးလွန်း မကျယ်လွန်းအောင် ပြောသင့်သည်။ အသံကိုကြည်လင်ပီအောင် ပြောရမည်။ ပင်ကိုယ်သံမဟုတ်သည့် လုပ်သံဖြင့်ပြောလျှင် သိသာသည်။ အချို့က စာဖတ်သံ၊ စာအံသံနှင့် စပြီးပြောသည်။ အချို့က ဇာတ်ဟန်၊ ဇာတ်သံဖြင့် တမင်လုပ်ပြောသည်။ ဇာတ်





ကနေခြင်းမဟုတ် ဟာသပြောနေခြင်းဖြစ်ပါသည်။ အသင်ပန်းခံလုပ်ရပြီး ကိုယ့်ဒုက္ခကိုယ်ရှာခြင်းဖြစ်သည်။ ပင်ကိုယ်သံအတိုင်း ပြောသည်က ပိုကောင်းပါသည်။

### စကားထပ်ခါ မပြောသင့်

အချို့မှာ ဟာသပြောရာတွင် စကားတစ်မျိုးတည်း ထပ်ခါထပ်ခါ ပါနေသည်။ သတိထား၍ ပြုပြင်သင့်သည်။

ဆရာတစ်ဦးမှာ ဟာသပြောရာတွင် "ဒါသော်လည်းပဲ" ဆိုသောစကား ထပ်ခါထပ်ခါ ပါနေသည်။ ဟာသပြောပွဲ အစ အဆုံးဆိုလျှင် "ဒါသော်လည်းပဲ"အကြိမ်ပေါင်းများစွာ ဖြစ်သွားပါသည်။

"အီး . . . ဒီတော့ . . . "ဟူသော စကား အကြိမ်ပေါင်းများစွာပြောသည်ကိုလည်း ကြားဖူးပါသည်။

"ဥပမာပုံတစ်ခု . . . "ဆိုသောစကားကို ဘာပုံမှုမပါဘဲ အမြဲပြောဆိုသည်ကိုလည်း ကြားဖူးပါသည်။

"ကျွန်တော်တို့ . . . "ဆိုသော စကားကိုကား ဟာသပြောသူ အတော်များများပင် ထပ်ခါတလဲလဲ သုံးနေကြပါသည်။ နေရာတိုင်းမှာ ကျွန်တော်တို့ ရှေ့ကပါနေသောအခါ "ကျွန်တော်တို့ ကားကြီးတွေ . . . ကျွန်တော်တို့ နွားကြီးတွေ . . . ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ တိရစ္ဆာန်တွေ . . . ကျွန်တော်တို့ အဖျက်သမားတွေ" ဖြစ်နေတတ်ပါသည်။

ဆိုရှယ်လစ် တရားဟောသူကလည်း "ကျွန်တော်တို့ အရင်းရှင်တွေ" ဖြစ်နေပါသည်။

အရုပ်ဆိုးပါသည်။ အချိန်လည်း အပိုကုန်ပါသည်။ တစ်နာရီခန့်ဟောလျှင် မိနစ်(၂၀)က ကျွန်တော်တို့နှင့် ကုန်သွားပါသည်။ ပြုပြင်သင့်သည်။ ပြုပြင်လျှင် ရပါသည်။ သတိထား၍ ပြောလျှင် တဖြည်းဖြည်းလျော့နည်းသွားရာမှ ပျောက်သွားလိမ့်မည်။ မပြင်၍ မပျောက်ခြင်းဖြစ်ပါသည်။



## အင်္ဂလိပ်စကားညှပ်ပြောခြင်း

မြန်မာဘာသာဖြင့် ဟောပြောရာတွင် အင်္ဂလိပ်စကားများ ညှပ်၍မပြောသင့်ပါ။ အချို့သောလူများသည် အပြင်မှာစကားပြောရာတွင် အင်္ဂလိပ်စကားများညှပ်၍ ပြောသောအကျင့်ကို စင်ပေါ်မှာ ဟောပြောသည်အထိ ယူလာကြသည်။ မြန်မာဘာသာဖြင့် လွယ်ကူစွာပြော၍ ရပါလျက် မလိုအပ်ဘဲ အင်္ဂလိပ်စကားများ ညှပ်ပြောသည်မှာ အထင်ကြီးအောင် လုပ်ခါမှ အထင်သေးစရာ ဖြစ်သည်။ ပြောကိုပြောမှဖြစ်မည့် ကိစ္စဆိုလျှင် ပြောသင့်ပါသည်။

လိုအပ်သောအကြောင်းလည်းမရှိ။ မြန်မာလိုပြောလျှင်လည်း ရပါလျက် အင်္ဂလိပ်စကား ကြားညှပ်ပြောခြင်းသည် အင်္ဂလိပ်လို သိကြောင်း ပြောတတ်ကြောင်း ဝါကြွားလိုသောသဘောကိုလည်း ပြသည်။ သူများစကားကို အထင်ကြီးရာလည်း ကျသည်။ ဟောပြောခြင်းကိုလည်း နားမလည်သော



www.burmeseclassic.com

www.burmeseclassic.com



သဘောဖြစ်သည်။ စိတ်ဓာတ်ရေးရာအရ ပြည့်ဝမှုမရှိ အားနည်းသော သဘောလည်းဖြစ်ပါသည်။

နားထောင်ရ ကြားရသည်မှာလည်း အလွန်အရုပ်ဆိုးပါသည်။ လောဘကြီးသည်ဟုပြောလျှင် ရှင်းလင်းစွာ နားလည်နိုင်ပါလျက် "ဂရီးဒီး ... ဖြစ်နေကြတယ်လေ၊ လောဘကြီးတာပေါ့ဗျာ ... ဂရီးဒီးဖြစ်တော့ ... ရိဖနင်းပါဝါ ... ဝိဒ်ဖြစ်တာပေါ့၊ ဒီတော့ ... ဘာဖြစ်လဲ ... ဆဲလ်ဖစ်ရှ်ဖြစ်လာတယ် ... တစ်ကိုယ်ကောင်းဆန်တာပေါ့ဗျာ.. ဒီတော့ ... သူများကိုလည်း လွတ်ခ်ဒေါင်းဖြစ်လာတယ် ... ဗဲရီးအားဂလီး အလွန်အကျည်းတန်ပါတယ် ..."

နားထောင်ကြည့်ပါ။ လွန်စွာ စိတ်ပျက်စရာကောင်းပါသည်။

နေရာတကာမှာ အင်္ဂလိပ်လို ညှပ်ပြောတတ်သူတစ်ဦးက ဗီယက်နမ်စစ်ကားကိုကြည့်ပြီး တောရွာမှ သူ့မိတ်ဆွေများနှင့် တွေ့သောအခါ အားပါးတရပြောပြသည်။ သို့သော် သူက အင်္ဂလိပ်လို ကြားညှပ်ပြောလေ့ရှိသူဖြစ်သည်။ နားထောင်နေသူများကလည်း အင်္ဂလိပ်စကား ဘာမျှမသိပါ။ သူပြောသည်ကို နားထောင်ကြည့်ပါ။

"အမေရိကန်တပ်တွေက အတက်ခ်လုပ်ဖို့ ရုပ်ချ်လုပ်လာတယ်။ ဗီယက်နမ်တွေက တောထဲမှာ ကာမာဖလက်လုပ်ပြီး





ကီးလင်း ဂရောင်း ဖွင့်ထားတယ်။ လုံးဝဆိုင်းလင့်ပဲ ... အဲနီးမီးစ်တွေ ကီးလင်းကရောင်းနားကို အပရိုချ် လုပ်လာပြီ ... အဝေးကနေ ကာဗာရင်ရှတင် ပစ်ထားပေးတယ် ...။

အဲနီးမီးစ်တွေ ကီးလင်းဂရောင်းထဲ ရောက်လာပြီ၊ ကာမာဖလက်လုပ်ထားတဲ့တပ်တွေနဲ့ ဖေ့စ်တူဖေ့စ် တွေ့ကြပြီ။ ဆားပရိုက်စ် အတက်ခ် ... အောလ်ပါဝါ ... အဲဗရီးပါဝါ ... အဲနီးမီးစ်တွေ ... ရောက်ဒက်ပဲဗျာ ..."

ပြောသူက သူ၏တိုက်ပွဲသတင်းကို ခြေဟန်လက်ဟန်နှင့် အားပါးတရ ပြောပြီး နိဂုံးချုပ်လိုက်သည်။ ခေါင်းပေါင်းကြီးများနှင့် နားထောင်ကြသော ရွာသားများက ဘာမျှမသိ။

တစ်ယောက်ကတော့ ပြန်မေးလိုက်သည်။

"အဲဒီတော့ ... ဘယ်ဘက်က နိုင်သွားလဲ ဆရာ"ဟူ၍ ဖြစ်၏။

ကျွန်တော်တို့ ဆင်ခြင်ရပါမည်။ ဤအမှားမျိုးကို အနည်းနှင့်အများ ကျူးလွန်နေမိကြပါသည်။ မြန်မာလိုပြော၍ ရပါလျက် အင်္ဂလိပ်လို ကြားညှပ်ပြောဆိုခြင်းကို သတိထားသင့်သည်။ အထူးသဖြင့် ပရိသတ်ရှေ့မှာ ဟောပြောရာတွင် ရှောင်ကြဉ်သင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အပြောကောင်းသူ အထင်ခံရအောင်မကြိုးစားသင့်

ပရိသတ်ရှေ့ စကားပြောရာတွင် မိမိဟောပြောသည်ကို ကောင်းနိုင်သမျှ ကောင်းအောင်ကြိုးစားသင့်သည်။ သို့သော် ပရိသတ်က မိမိကိုအဟောကောင်းသူ၊ အပြောကောင်းသူ ထင်အောင် ကြိုးစားရန်မသင့်ပါ။ ထိုသို့ကြိုးစားသည်နှင့် အတ္တဆန္ဒကြီးက သိသာစွာထင်ရှားပေါ်လွင်လာတတ်သည်။

"ကျွန်တော်က ဒီလိုပွဲတွေ အများကြီးပြောလာတာ . . . အခုလည်း ကျွန်တော့်မှာ ပွဲတွေဖိတ်ထားတာအများကြီးပဲ . . ."

ပေါ်တင်ပြော၍ ပေါ်လွင်ပါသည်။ လိမ္မာပါးနပ်စွာ ပြောလျှင်လည်း ပရိသတ်က နားလည်ပါသည်။

"ကျွန်တော်မအားပါဘူး . . . ရိုးရိုးသားသားပြောတာပါ၊ ပွဲတွေက သိပ်များပါတယ်။ လိုက်နိုင်ဖို့ မလွယ်ပါဘူး . . . ဒီက မိတ်ဆွေများနဲ့ . . . ဒီကပရိသတ်ကို စေတနာထားလို့ လိုက်လာတာပါ . . . အမေသအချာနားထောင်ကြ . . . ဒီလို အခွင့်အရေးမျိုးက ရခဲပါတယ် . . ."

တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဟန်ပန်အမူအရာနှင့် ဖြစ်စေ မိမိမှာအပြောကောင်းသူဖြစ်ကြောင်း ဖော်ပြရန်မသင့်ပါ။ အပြောကောင်းသူဟု အထင်ခံရအောင် ကြိုးစားခြင်းလည်း မပြုသင့်ပါ။





ဟောပြောသူသည် နားထောင်သောပရိသတ်ကို စေတနာထားရမည်ဖြစ်ပါလျက် မိမိအတွက်သာ စေတနာထား၍ ဟောပြောခြင်းသည် ပစ်မှတ်ချော်၍ ဦးတည်ချက်လွဲနေပါသည်။

## လောဘတကြီး မပြောသင့်

ဟောပြောရာတွင် လောဘတကြီး မဖြစ်သင့်ပါ။ တည်ငြိမ်အေးဆေးမှုရှိရမည်။ တစ်ခါတစ်ရံတွင် အချိန်ကိုငဲ့ရသည်။ မိမိပြောပြီးလျှင် အခြားအစီအစဉ်များ ရှိသေးသည်။ သို့မဟုတ် အခြားဟောပြောမည့်သူများ ကျန်သေးသည်။ ကိုယ့်မှာ ပြောချင်သည်ကလည်း အများကြီးဖြစ်နေသည်၊ ထိုအခါ ပြောခြင်းအပေါ်မှာ လောဘတကြီးဖြစ်လာသည်။ လောဘကြီးသည့် နေရာတိုင်းမှာပင် ဥပမိရုပ်ပျက်ပါသည်။ လေသံဟန်ပန်ရော ပြောပုံဆိုပုံပါ အလောတကြီးဖြစ်လာသည်၊ စကားပြောမြန်လာသည်။ စကားလုံးများ ဗလုံးဗထွေးဖြစ်လာသည်။ ပြောချင်တာတွေက အများကြီးဖြစ်နေကြောင်းလည်း မကြာခဏထည့်ပြောဖြစ်လာသည်။

နေရာတိုင်းမှာ အသင့်အတင့် နှုတ်လုံးသွင်းမှုရှိလျှင် သက်သာပါသည်။ ရသည့်အချိန် အတိုင်းအတာအတွင်းမှာ သင့်တင့်စွာ ပြောနိုင်အောင် ပြင်ဆင်ရမည်။ ဟောပြောတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး မဖြစ်နိုင်ပါ။ ပွဲတိုင်းမှာ စိတ်ကြိုက်ပြော၍မရနိုင်ပါ။ ရသည့်အချိန်မှာ ရသည့်အတိုင်းအတာနှင့် အကောင်းဆုံးပြောနိုင်အောင် ကြိုးစားရမည်။ ထိုသို့ ပြောရသည်ကိုလည်း ကျေနပ်နှစ်သိမ့်နိုင်ရမည်။

မိမိပြောရမည့် အကြောင်းအရာကို ချုံ့နိုင်၊ ချဲ့နိုင်အောင်လည်း ပြင်ဆင်ထားရမည်၊ သို့မဟုတ် ရသည့်အချိန်နှင့် ကိုက်ညီစွာ ဟောပြောရမည့်အကြောင်းအရာများကို ပြင်ဆင်ထားသင့်သည်။

သတ်မှတ်ချိန်နှင့်အညီ ပြီးရမည့်အချိန်မှာလည်း ပြီးနိုင်ရမည်။ မဖြတ်နိုင်၊ မပြီးနိုင်ပြော၍ အတောမသတ်နိုင် ဖြစ်မနေသင့်ပါ။ အချို့သည် ပြီးတော့မည်၊ ဖြတ်တော့မည် လုပ်ပြီးမှ ထပ်ဆက်သည်မှာ ဆယ့်ငါးမိနစ် ကြာသွားပြန်သည်။

ပရိသတ် သိမြင်နေရသည်။ မပြတ်နိုင်၊ မဖြတ်နိုင် လောဘတကြီး ဖြစ်နေသည်မှာ အမြင်ရမသင့်ပါ။ လောဘကြီးခါမှ ယခင်က ရထားသည့် အထင်ကြီးလေးစားမှုလေးပါ လျော့ပါးသွားတတ်သည်ကို သတိထားသင့်ပါသည်။





*နိဂုံးနှစ်ခါ မချုပ်သင့်*

နိဂုံးချုပ်သည်ဆိုခြင်းမှာ ဟောပြောပို့ချသည့် အကြောင်းအရာ ပြည့်စုံ၍ ဦးတည်ချက်၊ ရည်မှန်းချက်သို့ ရောက်ရှိပြီဖြစ်သောကြောင့် အားလုံးကို စုစည်းပြီး အဆုံးသတ်စကားပြောကြားခြင်းဖြစ်သည်။ ပြော၍မပြီးသေး၊ ပြောစရာကျန်သေးလျှင် နိဂုံးမချုပ်သင့်ပါ။ နိဂုံးချုပ်ပြီးလျှင်လည်း အပြီးသတ်ရတော့မည် ဖြစ်သည်။ နိဂုံးချုပ်စကားပြောပါတော့မည်ဟု ပြောပြီးမှ တစ်ခုခုကို သတိရ၍ နိဂုံးမချုပ်သေးဘဲ ပြောချင်သည်က ပေါ်လာပြန်၍ နိဂုံးချုပ်သည်ကို အသာထားပြီး စကားဆက်နေခြင်း၊ နိဂုံးချုပ်စကားပြောပြီးမှ ပြောချင်သည်က ပေါ်လာ၍ ထပ်မံပြောခြင်းများကို မပြုသင့်ပါ။

နိဂုံးချုပ်တော့မည်ဟု ပြောပြီးလျှင် ချုပ်ပါ။ နိဂုံးချုပ်စကားပြောနေပြီဖြစ်လျှင် မည်သည့်အကြောင်းအရာကို သတိရသည်ဖြစ်စေ ထပ်မပြောသင့်ပါ။ နိဂုံးချုပ်ပြီးလျှင်ကား မည်သည့်အရေးကြီးစကား ကျန်သည်ဖြစ်စေ ပြန်ပြောခြင်းမပြုသင့်ပါ။ နိဂုံးနှစ်ခါ မချုပ်သင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ပရိသတ်ကို စေတနာထား၍ဟောပြောပါ

ဟောပြောပွဲတစ်ခု၏ အခြေခံမှာ နားထောင်သူပရိသတ်ဖြစ်သည်။ ဟောပြောပွဲကို အဆုံးအဖြတ်ပေးသူမှာလည်း နားထောင်သူ ပရိသတ်ဖြစ်သည်။ ဟောပြောခြင်းသည် ပရိသတ်နှစ်သက်ရန် လိုသည်။ ပရိသတ်ကျေနပ်ရန်လိုသည်။

ဟောပြောသူ ဦးတည်ရည်မှန်း၍ စေတနာထားရမည်မှာ ပရိသတ်ဖြစ်သည်။ မိမိ၏ ဟောပြောချက်သည် ပရိသတ်အတွက် တစ်စုံတစ်ခု အကျိုးပြုနိုင်ရန် စေတနာထားရမည်။ အဟောအပြောမကောင်းသည့်တိုင် စေတနာကောင်းလျှင် ပရိသတ်လက်ခံသည်။ အဟောအပြောကောင်း၍ အကျိုးရှိလျှင် ရှိသလောက် တုံ့ပြန်မှုကောင်းမွန်သည်။

"စီးပွားရေးလုပ်လျှင် ကိုယ့်အတွက် မလုပ်နှင့်၊ စားသုံးသူအတွက်လုပ်" ဟူ၍ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်ကို မှတ်သားဖူးပါ၏။





စားသုံးသူတက်မှကြည့်၊ စားသုံးသူအကြိုက်ဖြစ်ပါစေ စားသုံးသူအတွက် သက်သာစေ ဟူ၍ အရာရာမှာ စားသုံးသူဘက်မှ တွေးမြင်ရန်ဖြစ်ပါသည်။ မိမိအမြတ်များများရရေးကိုသာ တွေးခေါ်သော စီးပွားရေးလုပ်ငန်းရှင်မှာ အောင်မြင်မည်မဟုတ်ပါ။

"သူ့အတွက် လုပ်မှ ကိုယ့်အတွက်လည်း ရသည်" ဟု စီးပွားရေးလုပ်ငန်းရှင်က ပြောပါ၏။ "ပေးခြင်းသည် ရ၏" ဟူသောစကားနှင့် အဓိပ္ပာယ်အတူပင်ဖြစ်ပါသည်။

ဟောပြောသူသည် ပရိသတ်အပေါ် စေတနာထားပါ။ ပရိသတ်အတွက် အကျိုးရှိအောင် ဟောပြောပါ။ ပရိသတ်နှစ်သက်ပါစေ။ ကျေနပ်ပါစေ။ ပရိသတ်ဘက်မှ တွေးပါ။ ပရိသတ်ကို ပေးပါ။ ကိုယ့်အတွက် မစဉ်းစားပါနှင့်။ စဉ်းစားရန် မလိုပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဟောပြောခြင်းနှင့် တက္ခဏုပ္ပတ္တိဉာဏ်

ဟောပြောသူသည် လျင်မြန်သော တက္ခဏုပ္ပတ္တိဉာဏ်လည်း ရှိရန်လို၏။ ဟောပြောရာတွင် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း အစီအစဉ်တကျ ဟောပြောရခြင်းရှိသကဲ့သို့ တစ်ခါတစ်ရံတွင် မထင်မှတ်သော တိုက်ဆိုင်မှုများနှင့် အပြောင်းအလဲဖြစ်ပေါ်တတ်သည်လည်း ရှိ၏။

ထိုအခါ ပြောနေသောစကားကို ပြောင်း၍ တက္ခဏုပ္ပတ္တိဉာဏ်ဖြင့် အခြေအနေနှင့် ကိုက်ညီအောင် ပြောနိုင်လျှင် အလွန်အောင်မြင်သော ဟောပြောမှုဖြစ်သွားတတ်ပါသည်။

ပျဉ်းမနားမြို့တွင် လမ်းမကြီးပေါ်မှာ စင်ထိုး၍ ဟောပြောရာတွင် လမ်းပိတ်သွားအောင် ပရိသတ်က စည်ကားများပြားပါ၏။ သို့သော် စာရေးဆရာ တစ်ဦးဟောပြော၍ ကောင်းနေချိန်တွင် မြင်းကြီးတစ်ကောင်သည် ပရိသတ်များကို တိုး၍ စင်ရှေ့သို့ ဝင်ရောက်လာ၏။





ရုတ်တရက် မည်သို့မောင်းထုတ်ရမှန်းမသိဖြစ်နေချိန် တွင် မြင်းကြီးက စင်နားအထိကပ်သွားပြီး စင်ပေါ်မေးတင်လိုက်သည်။ ပရိသတ်များ ဝါးခနဲပွဲကျသွားသည်။

ထိုအချိန်တွင် ဟောပြောနေသော စာရေးဆရာက မြင်းကိုလှမ်းကြည့်ပြီး ...

"သြော် ... ပျဉ်းမနားမြို့က လူတွေသာ စာပေဟောပြောပွဲကို စိတ်ဝင်စားတာမဟုတ်ဘူး ... မြင်းပါ ဝင်စားတာ ချီးကျူးစရာပဲ ..."ဟု ပြောလိုက်သည်။ တက္ခဏုပ္ပတ္တိဉာဏ်နှင့် အံဝင်ခွင်ကျ ပြောလိုက်နိုင်ခြင်းဖြစ်သည်။

ပရိသတ်များ သဘောကျ၍ ရယ်သံထွက်ပေါ်လာပြီး လက်ခုပ်သြဘာ ပေးကြသည်။

စာပေဟောပြောပွဲ တစ်ခုတွင် စာရေးဆရာတစ်ဦး ဟောပြောနေစဉ် ပရိသတ်ထဲမှ လူတစ်ယောက်က

"တော်ပြီ ... ခင်ဗျားဆက်မပြောနဲ့တော့ ... ခင်ဗျား ရေးတဲ့စာတွေဟာ လူတွေအတွက် အကျိုးမရှိသလိုပဲ ခင်ဗျား ဟောတာတွေလည်း ဘာအကျိုးမှ မရှိဘူး ... စင်ပေါ်ကဆင်း ပါ ..."ဟု မတ်တတ်ထ ပြောသည်။

ပရိသတ်များ အံ့အားသင့်သွားပါသည်။

စင်ပေါ်မှ စာရေးဆရာက ပြောသူကို အေးဆေး တည်ငြိမ်စွာ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ ...စာပေ ကော်မတီကလား ..."ဟု မေးလိုက်သည်။

"မဟုတ်ဘူး ..."ဟု ပြောသူကဖြေသည်။

"ဒါဆို မိတ်ဆွေက ဒီမြို့မှာရှိတဲ့ အာဏာပိုင်အဖွဲ့ အစည်းကလား ..."ဟု ထပ်မေးသည်။

"မဟုတ်ဘူး ..."ဟု ဖြေသံထွက်လာသည်။

"ဒါဆိုရင် ကျွန်တော့်ကိုဖိတ်တာ ဒီမြို့စာပေကော်မတီက ဖိတ်တာပါ ...စာပေကော်မတီကလည်း ဒီမြို့နယ်မှာရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းများရဲ့ သဘောတူခွင့်ပြုချက်ကို ယူပြီးမှ ဖိတ်တာပါ။ မိတ်ဆွေက ဘာမှမဟုတ်တဲ့အတွက် မိတ်ဆွေ အဆင်နိုင်းတိုင်း ကျွန်တော်က စင်ပေါ်က မဆင်းနိုင်ပါဘူး"

"ဟောဒီဘက်မှာ စာပေကော်မတီက တာဝန်ရှိတဲ့ လူတွေရှိပါတယ် ...ကျွန်တော် စင်ပေါ်ကဆင်းရမလားခင်ဗျာ"

ဟောပြောသူက စာပေကော်မတီမှ ပုဂ္ဂိုလ်များထိုင်နေသည့် ဘက်သို့လှမ်းမေးလိုက်သည်။

"မဆင်းပါနဲ့ ...ဆက်ဟောပါ"ဟူသောအသံများ ထွက်လာသည်။

"ကဲ ...ဒါဆိုရင် ရှင်းသွားပါပြီ။ မိတ်ဆွေ နားမထောင်ချင်ရင်ရပါတယ်။ အေးအေးဆေးဆေးပြန်ပါ။ ကျွန်တော်ကတော့





နားထောင်ချင်တဲ့သူတွေရှိရင် ဆက်ပြောရမှာဖြစ်တယ်။ ကဲ နားထောင်ချင်တဲ့လူများခင်ဗျား...ကျွန်တော်ဆက်ပြောရမလား"

ဟောပြောသူက စင်ပေါ်မှအော်မေးလိုက်သည်။ ပရိသတ်များက ...

"ဆက်ဟောပါ ...ဆက်ဟောပါ"ဟု အော်ဟစ်ပြောဆိုကြသည်။

"ကဲ ...မိတ်ဆွေကြားတဲ့အတိုင်းပဲ ...ကျွန်တော် မိတ်ဆွေကို စေတနာနဲ့အကြံပေးပါရစေ ...ဒီမြို့က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ ဒီအကြောင်းကို မသိခင် မိတ်ဆွေ အမြန်ဆုံးရှောင်သွားပါ။ မဟုတ်ရင် တရားဝင်ခွင့်ပြုချက်နဲ့ကျင်းပတဲ့ စာပေဟောပြောပွဲကို နှောင့်ယှက်မှုဖြစ်ပါလိမ့်မယ် ...။ ကျွန်တော်ကတော့ နားထောင်ချင်သူများရဲ့ ဆန္ဒအတိုင်း ဆက်ဟောပါ့မယ် ..."

ပရိသတ်ထံမှ လက်ခုပ်သြဘာသံများ ထွက်ပေါ်လာပါသည်။

နှောင့်ယှက်သူကို လူသုံးယောက်က လာခေါ်သွား၍ ဟောပြောပွဲ ဆက်လက်ကျင်းပကြောင်း ကြားသိမှတ်သားရဖူးပါသည်။

စင်ပေါ်မှ ဟောပြောသူ၏ တည်ငြိမ်အေးဆေးစွာ ဖြေရှင်းမှုမှာ အတုယူစရာ ဖြစ်ပါသည်။ ရုတ်တရက်ဖြစ်ပေါ်သော



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကို တခဲနက်ပွိုင့်ဆိုသေး ဖြေရှင်းသွားပုံမှာလည်း မှတ်သားစရာ ဖြစ်ပါသည်။

တိုင်းဆိုင်မှုများ၊ အပြောင်းအလဲများ ပေါ်ပေါက်လာလျှင် စိတ်လှုပ်ရှားမှု မဖြစ်အောင် သတိထား၍ တည်ငြိမ်အေးဆေးစွာ ရင်ဆိုင်ရမည်၊ အခြေအနေနှင့် ကိုက်ညီအောင်တခဲနက်ပွိုင့်ဆိုသေးဖြင့် ဖြေရှင်းနိုင်အောင် ကြိုးစားရမည်ဖြစ်ပါသည်။



## ယဉ်ကျေးသိမ်မွေ့စွာပြောဆိုပါ

ပရိသတ်ရှေ့မှာ ဟောပြောရာတွင် စကားအသုံးအနှုန်း၊ လေသံဟန်ပန်မှစ၍ ယဉ်ကျေးသိမ်မွေ့မှု ရှိရပါမည်။

နှုတ်ချို သျှိုတစ်ပါး
စကားမိုးဆို ပျားသို့ချို
ချစ်စေလို ခံတွင်း လက်သေးသစ်၊
မုန်းစေလိုခံတွင်း လက်လေးသစ် ...
စကားလိမ္မာ အောင်မြင်ရာ
နှုတ်ကောင်းလျှင် ပြည်စိုး

စသော စကားများရှိ၏။ နှုတ်မှစကားပြောကြားရာတွင် ချိုသာစေရန် ယဉ်ကျေးသိမ်မွေ့စေရန် ဆုံးမထားခြင်းဖြစ်သည်။

ရင့်သီးသော စကားလုံးများကို ရိုင်းစိုင်းကြမ်းတမ်းသော လေသံနှင့်ပြောလျှင် မည်သူမျှမကြိုက်ပါ။ စင်ပေါ်မှ ဟောပြောသူက အောက်မှပရိသတ်အများကို ရိုင်းပျစွာပြောဆိုနေလျှင် အရုပ်ဆိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ ဘွင်းဘွင်းနဲ့ ရှင်းရှင်းပဲ ...၊ ပြောစရာရှိရင် ပြတ်ပြတ်သားသား ပြောရလိမ့်မယ် ... မကြိုက်လို့ လဲ သေလည်း မတတ်နိုင်ဘူး။ ခင်ဗျားတို့အကျိုးအတွက် ပြောတာ၊ ခင်ဗျားတို့ လူလိုပြောတာကို နားလည်ဖို့လိုတယ် ..."

အမှန်ကို ပြောခြင်းဖြစ်ချင် ဖြစ်ပါလိမ့်မည်။ ကောင်းစေလိုသော စေတနာဖြင့် ပြောခြင်းဖြစ်ချင်လျှင်လည်း ဖြစ်ပါလိမ့်မည်။ သို့သော် နားထောင်သူများ သဘောကျမည်မဟုတ်ပါ။ နားဝင်မည် မဟုတ်ပါ။ နားမဝင်လျှင် စေတနာမှာ အရာမထင်။ ပြောသည့်ရည်ရွယ်ချက်လည်း မအောင်မြင်။

ပရိသတ်ရှေ့ ပြောဆိုရာမှ ရိုင်းပျစွာမပြောမိအောင် သတိထား၍ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုနိုင်အောင် ဆင်ခြင်ရမည် ဖြစ်ပါသည်။



## ဟောပြောကောင်းသူ ဖြစ်လိုလျှင်

ဟောပြောရန် ဝါသနာပါသူသည် ဟောပြောခြင်းတွင် မည်မျှအထိ အောင်မြင်မည်မှာ ပင်ကိုယ်ဉာဏ်ရည်၊ ကြိုးစားမှုဖွဲ့နှင့် အတွေ့အကြုံများမှုအပေါ်တွင် တည်နေပါသည်။

### ပင်ကိုယ်ဉာဏ်ရည်

လူတိုင်းမှာ ပင်ကိုယ်ဉာဏ်ရည်ရှိကြသည်။ ပင်ကိုဉာဏ်ရည်နိမ့်သူ၊ သင့်သူ၊ မြင့်သူ ဟု ခြားနားသည်။ ပင်ကိုယ်ဉာဏ်ရည် မြင့်သူတို့သည် မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ ထူးချွန်နိုင်သူများဖြစ်ပါသည်။ သို့သော် ပင်ကိုယ်ဉာဏ်ရည်မြင့်သူတို့သည် ဉာဏ်အားကိုး၍ ကြိုးစားမှုနည်းတတ်သည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုမှ ဆရာတော် ရှင်ဖနကာဘိဝံသက 'တကယ့်အရေးတွင် ဉာဏ်သမားတို့သည် ဝီရိယသမားကို မမီချေ' ဟု မိန့်ကြားတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ရည်သင့်တင့်စွာကောင်းပြီး ကြိုးစားမှုကောင်းလျှင် ဟောပြောခြင်းမှာ ကောင်းစွာအောင်မြင်နိုင်ပါသည်။ ဉာဏ်ရည်မြင့်ပြီး ကြိုးစားမှုကောင်းလျှင် ပို၍အဆင့်မြင့်စွာ အောင်မြင်မည်ဖြစ်ပါသည်။

ကြိုးစားမှုမရှိလျှင်ကား မည်သူမျှအောင်မြင်မည်မဟုတ်ပါ။

### စာများများဖတ်ပါ

ပရိသတ်ရှေ့ စကားပြောသူသည် အကြားအမြင် ဗဟုသုတများသူဖြစ်ရမည်။ အကြောင်းအရာ အချက်အလက်များစွာတို့ကို နှံ့စပ်စွာ သိမြင်နေရမည်။ ဘာသာရပ်အမျိုးစုံကိုလည်း ထိတွေ့လေ့လာမိရန် လိုသည်။ ထိုအချက်များကို ရရှိစေရန်အတွက် အကောင်းဆုံးဖြည့်ဆည်းနည်းမှာ စာများများဖတ်ခြင်းဖြစ်သည်။ စာစုံအောင် ဖတ်ရသည်။ စာဖတ်များသည်နှင့်အမျှ ဟောပြောနိုင်ရန် ဝမ်းစာပြည့်ဝလာလိမ့်မည်။

### ဟောပြောပွဲ များများနားထောင်ပါ

ဟောပြောကောင်းသူ ဖြစ်လိုလျှင် ဟောပြောပွဲများစွာကိုလည်း နားထောင်ရန်လိုပါသည်။ လူများစွာတို့ ပြောသည်မှ ကောင်းသည်များကို အတုယူရမည်။ မကောင်းသည်တို့ကို





သင်ခန်းစာယူ၍ ရှောင်ကြဉ်ရမည်။ အဟောအပြော သိပ်ကောင်းသူတို့၏ ဟောပြောပွဲများကိုကား တတ်နိုင်သမျှ မလွတ်တမ်း လိုက်နားထောင်သင့်သည်။

သူဟောတာ ဘာတွေကောင်းသလဲ၊ ဘာလို့ကောင်းတာလဲ၊ ဘယ်လို ကောင်းတာလဲ၊ ပရိသတ်က ဘာကိုသဘောကျလဲ၊ ဘာကြောင့် သဘောကျတာလဲ။ နားထောင်ရင်း ဆင်ခြင်၍ ပညာယူပါ။ သူ၏ဟန်ပန်၊ လေသံ၊ စကားလုံးရွေးချယ်ပုံ၊ ပြောဆိုတင်ပြပုံ၊ ပရိသတ်အပေါ်ထားသော စိတ်စေတနာ စသည်တို့ကို လေ့လာမှတ်သားပါ။ ကိုယ်တိုင်ပြောသည့်အခါ အထောက်အကူများစွာ ဖြစ်လာကြလိမ့်မည်။ သို့သော် သတိထားရမည်မှာ သူပြောသည်ကို သဘောကျပြီး သူ့နှယ်ပုံတူကူးချရန် မဟုတ်။ သူ ကောင်းသည်များ၊ အောင်မြင်သည်များကို အတုယူ၍ ကိုယ်ပိုင်ဟန်နှင့် ပြောနိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ သို့မှသာ နောင်အခါတွင် ကိုယ့်အောင်မြင်မှုသည် သီးသန့် ကိုယ်ပိုင်ရပ်တည်နိုင်မည်ဖြစ်သည်။

### ကျက်မှတ်သင့်သည်တို့ကို အရအမိကျက်မှတ်ထားပါ

ဟောပြောသည့်အခါများတွင် ထည့်သွင်းကိုးကားပြောဆိုနေရသည်များကို အရအမိ ကျက်မှတ်ထားပါ။ မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏ အသုံးတည့်သည့် ကဗျာ၊ လင်္ကာများ၊ စကားပုံများ၊ ဆိုရိုးစကားများကိုလည်း ကျက်မှတ်ထားပါ။

ဇာတ်တော်ကြီး ဆယ်ဘွဲ့နှင့်တကွ ငါးရာငါးဆယ် နိပါတ်တော်လာ ဇာတ်လမ်းများ၊ သမိုင်းဖြစ်စဉ်များ၊ ပုံတိုပတ်စများ၊ သူရဲကောင်းများ၊ ထူးခြားသော ပုဂ္ဂိုလ်များ၊ ကမ္ဘာကျော် ဇာတ်လမ်းများကိုလည်း လိုအပ်သည့်အခါတွင် ကောင်းစွာ ထည့်သွင်းပြောကြားနိုင်အောင် လေ့လာမှတ်သားထားရမည်။

ဖြစ်နိုင်လျှင် အရေးကြီးသော ဖြစ်ရပ်များ၏ ခုနှစ်သက္ကရာဇ်များ၊ သမိုင်းဝင် ထင်ရှားသောမိန့်ကြားချက်များ၊ ပြောဆိုစကားများကိုလည်း ကျက်မှတ်ထားသင့်သည်။

အရအမိ အကျက်အမှတ်များခြင်းဖြင့် စကားပြောရာတွင် သူ့နေရာနှင့်သူ ဆီလျော်စွာ လှလှပပ အသုံးပြုနိုင်ပါသည်။

## *စကားဝေါဟာရ ကြွယ်ပါစေ*

ဟာသပြောကောင်းဖြစ်လိုသူသည် စကားဝေါဟာရ ကြွယ်ဝရန်လို၏။ ဟာသပြောခြင်းဆိုသည်မှ စကားဝေါဟာရများကို ပုလဲသီးသကဲ့သို့ စီကာပတ်ကုံး ပြောဆိုရခြင်းဖြစ်သည်။ ဝေါဟာရများကို သူ့နေရာနှင့်သူ ကိုက်ညီမှန်ကန်စွာ အသုံးပြုနိုင်မှ ဟာသပြောခြင်းပြေပြစ်သည်။ ဟာသပြောမှု ခွန်အားရှိသည်။





အဓိပ္ပာယ်တစ်မျိုးတည်းကိုပင် ဝေါဟာရ အမျိုးမျိုးကွဲပြား၍ သူ့နေရာနှင့်သူ ဆီလျော်စွာ သုံးရသည်။ လူကြီးများကို ကြွပါဟု ခေါ်ရသော်လည်း ကလေးများကို လာပါဟုခေါ်ရသည်။

ကိုယ်ဝန်ရှိသည် တစ်ခုတည်းကိုပင် အနေမတော်တော့ ဗိုက်ကြီးတာပေါ့။ ကိုယ်ဝန်ကြီးနဲ့ အလေးအပင် မ,မပါနဲ့။ မိန်းကလေးခများ မပေါ့မပါးနဲ့။ မင်းသမီးလေးမှာ သန္ဓေ ခ,ပါလရော၊ မိဖုရားကြီးမှာ တတ္ထမြားရှေကြုတ် နှုတ်ငုံတော် အရင့်အမာနှင့် စသည်ဖြင့် နေရာအားလျော်စွာ သုံးရသည်။

မွေးသည်ကို ဖွားသည်။ မီးရှူးသန့်စင်သည်။ မျက်နှာမြင်သည်။ တိရစ္ဆာန်ဆိုလျှင် သားပေါက်သည်ဟူ၍လည်းကောင်း။ သေသည်ကို အနိစ္စရောက်သည်။ ဆုံးသည်။ ကွယ်လွန်သည်။ ပျက်စီးသည်။ ဘဝတစ်ပါးပြောင်းသွားသည်။ ခန္ဓာကြွေသည်။ နတ်ရွာစံသည်။ စုတေကျသည်။ ပျံလွန်တော်မူသည်၊ ပရိနိဗ္ဗာန်ပြုသည် ဟူ၍လည်းကောင်း အမျိုးမျိုး ကွဲပြားပါသည်။ အကြောင်းအရာ အားလျော်စွာ ကိုက်ညီမှန်ကန်အောင် သုံးနိုင်မှ စကားလှပါသည်။

စကားပြောကောင်းလိုသူသည် ဝေါဟာရများကို ရှာဖွေစုဆောင်းရသည်။ ကျက်မှတ်ထားရသည်။ သုံးရမည့်နေရာများကိုလည်း မှန်ကန်စွာသိရမည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ဟောပြောသူများ ဝေါဟာရ နေရာမှန်မသုံးနိုင်၍ ဟောပြောမှု မချောမွေ့သည်ကို နားထောင်သူများ သိရှိနားလည်ကြပါသည်။

သို့သော် ကြွယ်ဝစွာစုဆောင်းထားသော ဝေါဟာရများကို ကြွားဝါလိုသော သဘောဖြင့် မလိုအပ်ပါဘဲ စုပြုံသုံးလျှင်ကား စိတ်ပျက်စရာ ဖြစ်ရသည်။

ဟောပြောပို့ချသူတစ်ဦးသည် ''ဒါမျိုးကို ကျွန်တော်တို့ ရှု့ချရမယ် ...(ဝါ)တစ်နည်းကား အပြစ်တင်ရမယ် ...(ဝါ) တစ်နည်းကား ကဲ့ရဲ့ရမယ် ...(ဝါ)တစ်နည်းကား ဝေဖန်တိုက်ခိုက်ရမယ် ...''ဟု ပြောဆိုသည်။

ကိစ္စတော်တော်များများမှာ အဓိပ္ပါယ်တူ ဝေါဟာရများကို မလိုအပ်ပါဘဲနှင့် (ဝါ)တစ်နည်းကား ခံပြီး အကုန်စုံအောင် ပြောလေ့ရှိပါသည်။ မလိုအပ်ဘဲ လေကုန်သည်။ အချိန်ကုန်သည်။ ဟောပြောမှုလည်း ပျက်သည်။ နားထောင်ရသူလည်း မနှစ်သက်ပါ။ နားထောင်သူများက သူ့ကိုဝေါဟာရ သူဌေးသားဟု အမည်ပေးသွားကြသည်။

ဝေါဟာရများကို ကြွယ်ဝစွာ စုဆောင်းရပါမည်။ သူ့နေရာနှင့်သူ အသုံးချနိုင်ရန် ကြိုးစားရမည်။ ကိုက်ညီသော တစ်လုံးကိုသာ သင့်လျော်စွာ သုံးခြင်းသည် ဟောပြောမှုကို ချောမောစေသည်။ ခွန်အားရှိစေသည်။





## အသံကောင်းအောင် လေ့ကျင့်ပါ

ဟောပြောရာတွင် အသံသည် အရေးကြီး၏။ အသံကောင်းသူများသည် ဟောပြောရာတွင် တစ်ပန်းသာ၏။ ဆရာတော် ရှင်ဉာဏိဿရ ဟောပြောသော တရားတော်များကို နာကြားပါလျှင် အသံတော်မှာ ကြည်လင်စည်ဟိန်းနေသည်။ အသံဖြင့်ပင် ဆွဲဆောင်မှုရှိ၍ နားဝင်ချိုလှသည်။ ဆရာတော်က အသံနေအသံထားကိုလည်း တရားတော်နှင့် လျော်ညီစွာ မပို မလို ဟောကြားတတ်လှသည်။

ဆရာတော်ဟောကြားတော်မူသည့် နောက်ဆုံးဘယ်လမြတ် ဗုဒ္ဓတရားတော်တွင် ဆရာတော်၏အသံတော်မှာ နာပျော်ဖွယ်ရာ သာယာလှသည်။ သို့သော် သီချင်းသည်များကဲ့သို့ သီချင်းဆိုသောအသံ မဟုတ်ဘဲ တရားတော်နှင့် လျော်ညီစွာ သာယာသောအသံဖြစ်သည်။

နာကြားသူများသည် မြတ်စွာဘုရား၏ နောက်ဆုံးခရီးစဉ်မှာ ဆရာတော်၏ အစဉ်မပြတ်ဟောကြားသော သာယာနာပျော်ဖွယ်အသံနှင့်အတူ လွမ်းဆွေးမှုဖြစ်ရသည်။ ဓမ္မသံဝေဂ ယူရသည်။ ကြည်ညိုသဒ္ဓါ ပွားရသည်။ အနိစ္စလက္ခဏာကို ရှုပွားရင်း တရားဓမ္မ၏ သန္တရသကို ခံစားရသည်။

ဆရာတော်၏ အသံတော်ကို နာကြားကြည့်က ကောင်း



www.burmeseclassic.com

www.burmeseclassic.com



စွာ လေ့ကျက်ထားသည့် တိကျမှုရှိသော အသံဖြစ်သည်။ ပီပြင်သည်။ ကြည်လင်သည်။ သာယာနာပျော်သည်။ သို့သော် သီဆိုခြင်းသဘောသို့ မသက်ရောက်၊ စည်းခြားလျက်ရှိသည်။ ကြည်ညိုဖွယ် သာယာခြင်းဖြစ်သည်။

အသံတိုးသူကို ကျယ်အောင် လေ့ကျင့်၍ ရပါသည်။ အသံကို အဆင့်ဆင့်တိုးမြှင့်၍ အော်ကြည့်ပါ။ ကောင်းစွာ လေ့ကျင့်နေသည်နှင့်အမျှ ကျယ်အောင်အော်၍ ရလာပါလိမ့်မည်။

အသံကောင်းအောင် သာယာနာပျော်ဖွယ်ဖြစ်အောင်လည်း လေ့ကျင့်၍ရပါသည်။ လူဖြစ်လျှင် နှစ်သက်ရာသီချင်းတစ်ပုဒ်ကို စည်းကိုက် ဝါးကိုက်၊ သံစဉ်ကိုက် ဖြစ်အောင် သီဆိုပါ။ ကောင်းစွာဆိုနိုင်သည်အထိ လေ့ကျင့်ပါ။ သံစဉ်ချောမော လာပါလိမ့်မည်။ အရေးကြီးသည်မှာ အများကြားအောင် ပြောနိုင်ရမည်။ ပြောသည့်အသံ ကြည်လင်ရမည်။ ပီပြင်ရမည်။ ဗလုံးဗထွေးမဖြစ်ရ။ မမြန်လွန်းရ။ ချောမွေ့သော အသံဖြစ်၍ သာယာမှုရှိစေရမည်။

ရဟန်းတော်များဆိုလျှင်လည်း ဆရာတော်ကြီးများ ဟောကြားသည့် သာယာနာပျော်ဖွယ်ရှိသော တရားတော်များကို နာကြား၍ မိမိအသံတော်ကိုလည်း ထိုသို့ဖြစ်အောင် လေ့ကျင့်ကြည့်ပါ။ ပါဠိတော်များကို အသံနေအသံထားဖြင့် ရွတ်ဖတ်





ပူဇော် လေ့ကျင့်ကြည့်ပါ။ လေ့ကျင့်သား များသည်နှင့်အမျှ ယခင်ကနှင့် ဘာမျှမဆိုင်သော တိုးတက်ကောင်းမွန်သည့် အသံကို ရရှိလာမည်ဖြစ်ပါသည်။ ဘဝပေး ကုသိုလ်ကံ ကောင်းသူတို့၏ ကြည်လင်စည်ပင်ဟိန်းသော အသံများကို မရသည့်တိုင် မိမိ၏ ပင်ကိုယ်သံကို အခြေပြု၍ အကောင်းဆုံးအနေအထား ရောက်အောင် လေ့ကျင့်တိုးမြှင့်နိုင်မည် ဖြစ်ပါသည်။

### *ကြိမ်ဖန်များစွာ ဟောပြောခြင်းဖြင့် လေ့ကျင့်ပါ*

မည်သည့်အတတ်ပညာမဆို ကြိမ်ဖန်များစွာ လေ့ကျင့်သား ကျလျှင် ကျွမ်းကျင်ခြင်းကို ရရှိသည်။

ဆိုင်းဆရာသည် ဆိုင်းကို အမြဲတစေ တီးနေခြင်းဖြင့် ဆိုင်းတီး ကျွမ်းကျင်သူဖြစ်လာသည်။

စာရေးသူသည် စာများကို အမြဲတစေရေးသားနေခြင်းဖြင့် စာရေးကျွမ်းကျင်သူ ဖြစ်လာသည်။

ဟောပြောသူသည်လည်း တစ်ပွဲနှစ်ပွဲဟောရုံမျှနှင့် ကျွမ်းကျင်သူမဖြစ်နိုင်ပါ။ ပွဲပေါင်းများစွာ ဟောပြောလေ အတွေ့အကြုံများ၍ ကျွမ်းကျင်လေ ဖြစ်လာပါမည်။

ဝါသနာနှင့် အသက်မွေးဝမ်းကျောင်း တစ်ထပ်တည်းကျသော ဆိုင်းဆရာသည် ပွဲငှားများ၍ ကြိမ်ဖန်များစွာ ဆိုင်းတီး



www.burmeseclassic.com

www.burmeseclassic.com



ရလျှင် ပို၍ကျွမ်းကျင်ပြီး အောင်မြင်ကျော်ကြားသူ ဖြစ်လာနိုင်သည်။

ဟောပြောရာတွင်လည်း ကြိမ်ဖန်များစွာ ဟောပြောခွင့်ရလျှင် ဟောပြောကျွမ်းကျင်သူအဖြစ် အောင်မြင်နိုင်ပါသည်။ သို့သော် မိုက်ကရိုဖုန်းမြင်တိုင်း ဖိုးပြောချင်ဖြစ်၍ လူအမြင်ကတ်မည်ကိုလည်း သတိထားရသည်။ အခွင့်သင့်၍ ဟောပြောရမည့်အခါတိုင်းမှာလည်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်၍ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်၍ ကြိုးစားဟောပြောပါ။

## ပြောပြီးတိုင်း ပြန်သုံးသပ်ပါ

ကောင်းချင်စိတ်ရှိမှ ကောင်းပါသည်။ အောင်မြင်ချင်စိတ်ရှိသူများသာ အောင်မြင်ပါသည်။ ဟောပြောပွဲ အတွေ့အကြုံများသော်လည်း မအောင်မြင်သူတို့များစွာ ရှိပါသည်။ အောင်မြင်ချင်စိတ်နှင့် မကြိုးစားသောကြောင့် ဖြစ်ပါသည်။

တစ်ပွဲထက်တစ်ပွဲ တိုးတက်ကောင်းမွန်လိုပါလျှင် ပြောပြီးသည့်ပွဲကို ပြန်သုံးသပ်ပါ။ ဘယ်အချက်များမှာ အားနည်းသနည်း။ ဘယ်အချက်များမှာ အောင်မြင်သနည်း။ ဘယ်အကြောင်းအရာကို ဘယ်လိုပြောလျှင် ခုထက်ပို၍ ကောင်းမည်နည်း။ မိမိပြောခဲ့သည့် အားနည်းချက်များကို ပြုပြင်ပါ။ ကောင်းသည့်အချက်များကို ပို၍ ကောင်းအောင်ထပ်ဖြည့်ပါ။



BURMESE CLASSIC .com



တစ်ပွဲပြောပြီးတိုင်း တစ်ခါပြန်သုံးသပ် ပြုပြင်သွားလျှင် ပွဲများသည်နှင့်အမျှ သိသာထင်ရှားစွာ အောင်မြင်တိုးတက်မှု ရမည်ဖြစ်ပါသည်။

အောင်မြင်ချင်စိတ်ရှိပါ။ အောင်မြင်ရမည်ဟု ယုံကြည်ပါ။ မပြောမီ အကောင်းဆုံးပြင်ဆင်ပါ။ ပြောလျှင် အကောင်းဆုံး ကြိုးစားပါ။ ပြောပြီးတိုင်း ပြန်သုံးသပ်ပြုပြင်ပါ။

*ကြိုးစားခြင်းဖြင့် အောင်မြင်ကြပါစေ . . .။*

လယ်တွင်းသားစောချစ်
၁၅–၆–၂၀၀၃



www.burmeseclassic.com